# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ သီတင်းကျွတ်လဆန်း (၁၁)ရက် ၊ ကြာသပတေးနေ့ ၊ (2-10-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၁၅၅)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro–based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ၆၁ နှစ်မြောက် မြန်မာနိုင်ငံရဲ့တပ်ဖွဲ့နေ့အခမ်းအနား ကျင်းပ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြား





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၆၁ နှစ်မြောက် မြန်မာနိုင်ငံရဲ့တပ်ဖွဲ့နေ့အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

**နေပြည်တော် အောက်တိုဘာ ၁**

၆၁ နှစ်မြောက် မြန်မာနိုင်ငံရဲ့တပ်ဖွဲ့နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားသည်။

အခမ်းအနားသို့ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ သံတမန်များ၊

**စာမျက်နှာ ၁၆ ကော်လံ ၁** ☞




**အမှတ်(၃) သံမဏိစက်ရုံ (ရွာမ)**

အထပ်မြင့် အဆောက်အဦများ တည်ဆောက်ဖို့ နိုင်ငံတကာအဆင့်မီ အရည်အသွေးဖြင့်

HRB-500 အမျိုးအစား Deformed Bar များကို

စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

ဆက်သွယ်ရန် ဖုန်း– ၀၉ ၆၉၃၃၄၈၃၀၀၊ ၀၉ ၉၆၉၈၀၂၂၄၇

ရတနာပုံ
၂၀၁၅ ခုနှစ် အောက်တိုဘာ ၂ ရက်
အယ်ဒီတာ့အာဘော်

# မှန်ကန်သောမဲစာရင်းအတွက် လက်တွဲညီညီပူးပေါင်းကူညီ

၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအပိုင်း(၁)ကို စတင်ကျင်းပတော့မည်ဖြစ်ရာ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေး ကောင်စီ၏ ဦးတည်ချက်နှင့်အညီ ကြိုတင်ဆောင်ရွက်ရမည့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များဖြစ်သည့် မဲစာရင်းပြုစုခြင်းနှင့် မဲစာရင်းများကြေညာခြင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းခြင်း၊ စိစစ်ခြင်းနှင့် ကြေညာခြင်း စသည်တို့ကိုသတ်မှတ်ရက်အလိုက်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတစ်နိုင်ငံတွင် ရွေးကောက်ပွဲသည် အရေးကြီးသည့်အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ရွေးချယ်လိုက်သည့် ရွေးကောက်ပွဲစနစ်တစ်ခုသည် နိုင်ငံ၏အနာဂတ်နှင့် နိုင်ငံရေးပုံရိပ်တို့အပေါ်တွင် များစွာသောအကျိုးသက်ရောက်မှုရှိမည်ဖြစ်သည်။ ရွေးကောက်ပွဲစနစ်နှင့်ရွေးကောက်ပွဲများသည် နိုင်ငံတော်နှင့် ပြည်သူတို့အတွက် အလွန်အရေးကြီးသည့်အတွက် နိုင်ငံသားတိုင်းသည် ရွေးကောက်ပွဲတွင်ပါဝင်ရန် လိုအပ်သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် စတင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းများကို စက်တင်ဘာ၃၀ ရက်မှ အောက်တိုဘာ ၁၃ ရက်ထိ ၁၄ ရက်ကြာ သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများနှင့် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများတွင်ပထမအကြိမ်အဖြစ် ကပ်ထားကြေညာမည်ဖြစ်သည်။ အကြောင်းအမျိုးမျိုးကြောင့် ရပ်ကွက်နှင့် ကျေးရွာအုပ်စုများတွင် ကပ်ထားကြေညာနိုင်ခြင်းမရှိပါက သက်ဆိုင်ရာမြို့နယ်ကော်မရှင် အဖွဲ့ခွဲရုံးများတွင် မဲစာရင်းကြည့်ရှုနိုင်ရေး ဆောင်ရွက်ထားမည်ဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာစဉ် မဲဆန္ဒရှင်များက မဲစာရင်းလာရောက်ကြည့်ရှုမှသာ ပြည့်စုံမှန်ကန်သော မဲစာရင်း ရရှိနိုင်မည်ဖြစ်သည်။

မဲဆန္ဒရှင်များအနေဖြင့် မဲစာရင်းကိုလာရောက်ကြည့်ရှုပြီး မိမိအမည်မဲစာရင်းတွင် မပါဝင်ပါက ပုံစံ(၃) ဖြင့် မဲစာရင်းတွင် အမည်ထည့်သွင်းပေးရန် တောင်းဆိုခြင်း၊ မပါဝင်သင့်သူများပါဝင်နေပါက ပုံစံ(၄) ဖြင့် ကန့်ကွက်ခြင်း၊ မဲစာရင်းပါ အချက်အလက်များ မှားယွင်းနေပါက ပုံစံ (၄-က) ဖြင့် ပြင်ဆင်လွှာ တင်သွင်းခြင်းတို့ကို ဆောင်ရွက်စေလိုပါသည်။ လိုအပ်သောပုံစံများကိုလည်း ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့(အခမဲ့)ရယူနိုင်သည်။ ထိုသို့ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းတို့ ဆောင်ရွက်ပြီးပါက အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလအတွင်းတွင် နောက်ဆုံးအကြိမ်အဖြစ် ထပ်မံကပ်ထားကြေညာမည်ဖြစ်သည်။ မဲဆန္ဒရှင်များအနေဖြင့်လည်း လိုအပ်သောတောင်းဆိုမှု၊ ပြင်ဆင်မှု၊ ကန့်ကွက်မှုများ ထပ်မံဆောင်ရွက်နိုင်မည်ဖြစ်သည်။

မဲဆန္ဒရှင်ပြည်သူများအနေဖြင့် ရွေးကောက်ပွဲတွင် မိမိတို့၏ဆန္ဒမဲနှင့် နိုင်ငံသားအခွင့်အရေးကို ကျင့်သုံးပြီး နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် အရည်အချင်းရှိသော ကိုယ်စားလှယ်ကောင်းများကို မှန်မှန်ကန်ကန် ရွေးချယ်၍ဆန္ဒမဲပေးနိုင်ရန် အရေးကြီးသည်။ ပြည်သူအားလုံးပူးပေါင်းပါဝင်မှသာလျှင် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ပြီးထိုမှတစ်ဆင့် တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးဆီသို့တက်ညီလက်ညီ လျှောက်လှမ်းနိုင်မည်ဖြစ်သည်။

သို့ဖြစ်ပါ၍ မိမိအမည်သည်မဲဆန္ဒရှင်စာရင်းတွင် မပါဝင်ပါကတောင်းဆိုခြင်း၊ မပါဝင်သင့်သူများ ပါဝင်နေပါက ကန့်ကွက်ခြင်းတို့ဖြင့် ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် မဲဆန္ဒရှင် ပြည်သူများအနေဖြင့် သက်ဆိုင်ရာ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုများ၌ ကြေညာကပ်ထားသော မဲစာရင်းများကို အိမ်ထောင်စုတစ်စုလျှင် အနည်းဆုံး တစ်ဦး(မပျက်မကွက်) လာရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပြင်ဆင်ဖြည့်စွက်ခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ပါသည်။

## ၂၀၁၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန်
၃၇
ရက်
သာ လိုတော့သည်။

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

## မဲစာရင်းတွင်အမည်ပါရှိရေး ဆောင်ရွက်ရန်အချက်များ

- မဲဆန္ဒရှင်တစ်ဦးသည် မိမိ၏အိမ်ထောင်စုလူဦးရေစာရင်း၊ ပုံစံ (၆၆/၆) ရှိသည့် ရပ်ကွက်၊ ကျေးရွာအုပ်စုမဲစာရင်းတွင်သာ မိမိ၏အမည်ပါဝင်မည်ဖြစ်သည်၊
- မဲစာရင်းများကပ်ထားကြေညာသည့်အခါ သွားရောက်ကြည့်ရှုပြီး မဲစာရင်း၌ မိမိအမည်ပါဝင်ခြင်းမရှိလျှင် ထည့်သွင်းပေးရန် တောင်းဆိုလွှာ ပုံစံ(၃)ဖြင့်လည်းကောင်း၊ မဲစာရင်းပါအမည်နှင့် အခြားအချက်အလက်များအား ကန့်ကွက်ရန်ရှိပါက ကန့်ကွက်လွှာပုံစံ(၄)ဖြင့်လည်းကောင်း၊ မဲစာရင်းပါအချက်အလက် တစ်ခုခုကို ပြင်ဆင်ရန်ရှိပါက ပြင်ဆင်လွှာ ပုံစံ (၄-က) ဖြင့်လည်းကောင်း မဲစာရင်းထုတ်ပြန်ကြေညာသည့်နေ့မှစ၍ ၁၄ ရက်အတွင်း သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင် အဖွဲ့ခွဲသို့ တင်ပြဆောင်ရွက်ရန်၊
- မဲဆန္ဒနယ်တစ်နယ်ထက်ပိုသော မဲဆန္ဒနယ်များ၏ မဲစာရင်းတွင် မိမိ၏အမည်ပါရှိနေပါက လက်ရှိနေထိုင်ရာ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) ရှိသည့် မဲဆန္ဒနယ်တွင်သာမဲပေးရမည်။ အခြားမဲဆန္ဒနယ်၏ မဲစာရင်းမှ မိမိအမည်ကိုပယ်ဖျက်ပေးရန် သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှ တစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြဆောင်ရွက်ရန်၊
- မဲဆန္ဒနယ်တစ်ခုအတွင်းတွင်ရှိသော ရပ်/ကျေးတစ်ခုထက်ပိုသည့် မဲစာရင်းများတွင် မိမိ၏အမည်ပါရှိနေပါက လက်ရှိနေထိုင်ရာ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) ရှိသည့် ရပ်/ကျေးတွင်သာ မဲပေးရမည်။ အခြားရပ်/ကျေးမဲစာရင်းမှ မိမိအမည်ကိုပယ်ဖျက်ပေးရန် သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင် အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြဆောင်ရွက်ရန်၊

# မန္တလေးလျှင်ကြောင့် ပျက်စီးခဲ့သည့် မဟာမုနိရုပ်ရှင်တော်နှင့် ရွှေကြက်ကျ ဆုတောင်းပြည့်မြတ်စွာဘုရား၌ ပြန်လည်ပြုပြင်ခြင်းပြီးစီးမှု စစ်ဆေး



**မန္တလေး အောက်တိုဘာ ၁**

မန္တလေးလျှင်ကြောင့် ထိခိုက်ပြိုကျပျက်စီးခဲ့သည့် မဟာမုနိရုပ်ရှင်တော်နှင့် သမိုင်းဝင်ရွှေကြက်ကျ ဆုတောင်းပြည့်မြတ်စွာဘုရား၌ ပြန်လည်ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ ပြီးစီးမှု အခြေအနေများကို စက်တင်ဘာ ၃၀ ရက် ညနေပိုင်းက မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ချမ်းမြသာစည်မြို့နယ်ရှိ မဟာမုနိ ရုပ်ရှင်တော်ကြီးသို့ ရောက်ရှိပြီး မန္တလေးလျှင်ကြီး လှုပ်ခတ်မှုကြောင့် ထိခိုက်ပြိုကျပျက်စီးခဲ့သည့် မဟာမုနိရုပ်ရှင်တော်ကြီးနှင့် ဘုရားကြီးပရဝဏ်အတွင်းရှိ သာသနိကအဆောက်အအုံများ၌ ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်ခြင်းလုပ်ငန်းများနှင့် ပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ အမရပူရမြို့နယ်ရှိ သမိုင်းဝင်ရွှေကြက်ကျဆုတောင်းပြည့်မြတ်စွာဘုရားသို့ ရောက်ရှိကာ မန္တလေးလျှင်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့် စေတီတော်ကြီးနှင့် အရံစေတီတော်များ၊ ရုပ်ပွားတော်မြတ်ကြီးနှင့်သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်ခြင်း လုပ်ငန်းများနှင့် ပြီးစီးမှုအခြေအနေများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(UNHCR) ၏ မြန်မာနိုင်ငံဆိုင်ရာကိုယ်စားလှယ် Ms.Noriko Takagi ကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

မျိုးကျော်

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ဧက ၁၉၁၀ စိုက်ပျိုးမည်

**စစ်ကိုင်း အောက်တိုဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မတ်ပဲ ဧက ၁၉၁၀ စိုက်ပျိုးမည်ဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းမြို့နယ်တွင် မတ်ပဲ ဧက ၁၉၁၀ စိုက်ပျိုးရန် လျာထားပြီး အောက်တိုဘာလ တတိယပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ စစ်ကိုင်းမြို့နယ်အတွင်း မတ်ပဲ ဧက ၁၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ မတ်ပဲသီးနှံ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားမယ်။ မတ်ပဲစိုက်ပျိုးရာမှာ လိုအပ်တဲ့ နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှား ရောဂါ ကာကွယ်ရေးနည်းလမ်းတွေကိုလဲ မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးသွားမယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် မတ်ပဲ သီးနှံစိုက်ပျိုးမည့်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာ ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မတ်ပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မလှိုင်မြို့နယ် ဖက်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများဆောင်ရွက်ထားရှိမှု ကွင်းဆင်းစစ်ဆေး

**မလှိုင် အောက်တိုဘာ ၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ဖက်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို စက်တင်ဘာ ၃၀ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ်သန်း၃၀ဖြင့်ဆောင်ရွက်ထားသော မွေးမြူရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် စာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဖက်ကုန်းကျေးရွာတွင် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၂၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သန်း၃၀ ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက ပြောပြ၍ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် ပုသိမ်ကြီးမြို့နေ ကျန်ရစ်သူသား၊ သမီး၊ မြေးမိသားစုတို့က ဦးအေးလွန်း-ဒေါ်တင်မြတို့အား ရည်စူး၍ ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၁၀ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးခင်မောင်က လက်ခံရယူစဉ်။

# မြောင်းမြခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီး



**မြောင်းမြ အောက်တိုဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ စပါးဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

မြောင်းမြခရိုင်တွင် မိုးသီးနှံ စိုက်ပျိုးရာသီ၌ စပါး ၅၂၁၉၆၄ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ မိုးစပါး ၅၂၁၉၆၄ ဧကကို မြောင်းမြမြို့နယ်တွင် ၁၆၅၇၃၈ ဧက၊ အိမ်မဲမြို့နယ်တွင် ဧက ၁၄၃၀၁၀၊ ဝါးခယ်မမြို့နယ်တွင် ၂၁၃၂၁၆ ဧက စိုက်ပျိုးခဲ့ကြောင်း သိရသည်။

"မြောင်းမြခရိုင်မှာ မိုးစပါး ဧက ၅၂၀၀၀၀ ကျော် လျာထား စိုက်ပျိုးခဲ့ပါတယ်။ လက်ရှိ စပါး လျာထားဧကအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မိုးစပါးစိုက်ပျိုးရာသီမှာလဲ စိုက်နည်းစနစ်တွေ မှန်ကန်စေဖို့၊ အထွက်နှုန်းကောင်းစေဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့၊ အခက်အခဲမရှိ စိုက်ပျိုးနိုင်စေဖို့ အတွက် စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေက ပူးပေါင်းဆောင်ရွက်ပေးထားပါတယ်။ မိုးစပါးကို ဝါးခယ်မမြို့နယ်မှာ အများဆုံးစိုက်ပျိုးခဲ့ပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

မြောင်းမြခရိုင်တွင် မိုးစပါးများစိုက်ပျိုးရာ၌ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်စေရန်၊ ရာနှုန်းပြည့် ပြန်လည်ရိတ်သိမ်းနိုင်စေရန် စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနနှင့် ဆက်စပ်ဌာနများက ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စပါးသီးနှံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို ဒေသမရွေး တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ကဝမြို့နယ် ဝက်ကုန်းကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကဝ အောက်တိုဘာ ၁**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဝက်ကုန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ( VRFP) အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကဝမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ရွှေစင်က ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ရွှေစင်က ကျေးရွာမတည်ရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များထံ ရန်ပုံငွေကျပ် ၁၅ ဒသမ ၁၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက ဝက်ကုန်းကျေးရွာရှိ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၄၀ ကို ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၁၅ ဒသမ ၁၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း ကဝမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**သုတ**

# မြောင်မြို့နယ်တွင် လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၃၉၉၄ ဧက စိုက်ပျိုးမည်

**စစ်ကိုင်း အောက်တိုဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် လာမည့်ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၃၉၉၄ ဧကစိုက်ပျိုးသွားမည်ဖြစ်ကြောင်း စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၃၉၉၄ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလတတိယပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မြောင်မြို့နယ်မှာ ဟင်းသီးဟင်းရွက်ဧက ၃၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာဥ စတဲ့သီးနှံတွေ စိုက်ပျိုးပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို GAPနည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင် စိုက်ပျိုးဖို့နည်းပညာတွေပေးသွားမယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယခုနှစ် မြောင်မြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAPနည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့်ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့် ညီညွတ်သည့်သီးနှံဖြစ်စေရန် နည်းပညာများပေးခြင်း၊ တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်အတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်သီးနှံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို ဒေသမရွေး တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)



# ဘင်္ဂလားသွားစာတမ်း(၂)

ဗိုလ်ရှိတ်(ရတနာပူရ)

**ဘင်္ဂလားသို့သွားရခြင်းရည်ရွယ်ချက်**

စိန္တကျော်သူဦးရွှဲခေါင်းဆောင်သော ဘင်္ဂလားသွား မြန်မာသံအဖွဲ့သည် နှစ်နိုင်ငံသဘောတူညီချက်အရ ချုပ်ဆိုထားသော ရန္တပိုစာချုပ်သတ္တမခန်းအရ သွားရခြင်းဖြစ်သော်လည်း ဘာနေကိုကဲ့သို့ ရုံးစိုက်၍ နေလိုဟန်မရှိချေ။ အင်္ဂလိပ်တို့၏ သံအဖွဲ့ဖြစ်သော ဘာနေတို့သည် မြန်မာနိုင်ငံအင်းဝနေပြည်တော်၌ ရုံးစိုက်၍ အမှုကိစ္စအဝဝကိုဆောင်ရွက်သည်။ မြန်မာသံအဖွဲ့ကား ထိုသို့မဟုတ်ချေ။ မြန်မာတို့သည် နိုင်ငံခြားတိုင်းပြည်၌ ရုံးစိုက်ကာ နေထိုင်လိုစိတ်မရှိချေ။ ဘင်္ဂလားသို့သွားခြင်းသည် ရုံးစိုက်နေထိုင်ရန်ထက် အလေ့အလာသဘောမျိုးဖြင့် သွားခြင်းသာဖြစ်သည်။ ဘကြီးတော် စစ်ကိုင်းမင်းက စိန္တကျော်သူဦးဆောင်သောမြန်မာသံအဖွဲ့ကို အိန္ဒိယဘုရင်ခံချုပ်နှင့် ပြဿနာလေးရပ် ဆွေးနွေးရန် အဓိကထားစေလွှတ်ခဲ့ခြင်းဖြစ်သည်။ ထိုပြဿနာလေးရပ်မှာ-

၁။ ကဘော်တောင်ကြားဒေသသည် ရှေးအစဉ်အဆက်ကပင် မြန်မာများပိုင်နယ်မြေဖြစ်ကြောင်း ခိုင်လုံသောအထောက်အထားများပြနိုင်သဖြင့် ထိုတောင်ကြားဒေသကို မြန်မာဘုရင်မင်းမြတ်သို့ ပြန်လည်ပေးအပ်ရန်။

၂။ ရန္တပိုစာချုပ်အရ သံလွင်မြစ်ကိုအပိုင်းအခြားပြု၍ တနင်္သာရီတိုင်းကိုသာလျှင် အင်္ဂလိပ်များ ပိုင်ဆိုင်ခွင့်ရှိသည်။ စာချုပ်တွင် မုတ္တမကို ထည့်သွင်းချုပ်ဆိုခြင်းမဟုတ်သဖြင့် သံလွင်မြစ်ကမ်းရှိ မုတ္တမနယ်မြေကို အင်္ဂလိပ်များခွင့်မပိုင်ချေ။ ထို့ကြောင့် သံလွင်တစ်ဖက်ကမ်းရှိ မုတ္တမနယ်မြေကို မြန်မာဘုရင်သို့ ပေးအပ်ရန်။

၃။ အင်္ဂလိပ်နှင့်မြန်မာနှစ်တိုင်း နှစ်ပြည်တို့သည် ချစ်ကြည်စွာ ရာဇမဟာမိတ်ဖြစ်ကြပြီဖြစ်၍ ရခိုင်တိုင်းနှင့် တနင်္သာရီတိုင်းတို့ကို ပြန်လည်ပေးအပ်ရန်။

၄။ နှစ်တိုင်းနှစ်ပြည်တို့မှာ ရာဇမဟာမိတ်ဖြစ်ကြ၍ တစ်ဦးကိုတစ်ဦး စိတ်ချယုံကြည်နိုင်သည်။ ငါးနှစ်တစ်ကြိမ် မဟာမိတ်ရာဇသ အပြန်အလှန် ပေးအပ်ဆက်သွယ်လျှင် လုံလောက်ပြီဖြစ်၍ အပြန်အလှန် သံကိုယ်စားလှယ်များထားခြင်းဖြင့် အကြောင်းမဲ့ငွေကြေးအမြောက်အမြား ကုန်ကျခြင်းမရှိစေရန် ရန္တပိုစာချုပ်သတ္တမခန်းကို ဖျက်သိမ်းရန်ဟူ၍ ဖြစ်သည်။ အထက်ပါအချက်လေးရပ်တွင် နောက်ဆုံးစတုတ္ထအချက်ကို ကြည့်ခြင်းအားဖြင့် မြန်မာတို့သည် နိုင်ငံခြားတိုင်းပြည်၌ ရုံးစိုက်၍မနေလိုကြောင်း ထင်ရှားပေသည်။

ထိုအကြောင်းကို သံအဖွဲ့ခေါင်းဆောင် စိန္တကျော်သူဦးရွှဲက မဟာစမွေယျပျို့သစ်ခိုင်ဂုံး၌-

"တိုက်မဋ္ဌိမ၊ သောဠသကို
ပတ်မျှန့်မွေ၊ လှည့်ခဲ့စေဟု
သပြေချက်ရာ၊ အာဏာသိမ်းဖြန့်
ရေးပိုင်ခန့်သော်"ဟူ၍ ရေးဖွဲ့ခဲ့ပါသည်။

**ဘင်္ဂလားသွားခရီး**

စိန္တကျော်သူဦးရွှဲဦးဆောင်သော မြန်မာသံအဖွဲ့၏ ဘင်္ဂလားသွားခရီးစဉ်ကို ဘင်္ဂလားသွားစာတမ်း၌ ရက်စဉ်နှင့်တကွ အသေးစိတ်ပြဆိုထားသည်။ ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး၌ စိန္တကျော်သူဦးရွှဲတို့ ဘင်္ဂလားသွားသည့်အကြောင်းကို "သက္ကရာဇ် ၁၁၉၂ ခုနှစ်၌ ဝန်ထောက်မင်းကြီးမဟာစည်သူကို အင်္ဂလိပ်တိုင်းပြည် (ဘင်္ဂလား)သို့ စေလွှတ်သည်" ဟူ၍သာ မှတ်တမ်းတင်ထားသည်။ ဘင်္ဂလားသွားစာတမ်း၌ စိန္တကျော်သူဦးရွှဲဦးဆောင်သော မြန်မာသံအဖွဲ့ ဘင်္ဂလားသို့သွားသည့်ခရီးကို နေ့ရက်နှင့်တကွ အတိအကျပြဆိုထားသည်။ အင်းဝမြို့တော်မှစတင်ထွက်ခွာသည့် ဧရာဝတီဆိပ်ကမ်းနေရာနှင့်တကွ အတိအကျပြဆိုထားပါသည်။ ထိုအကြောင်းကို ဘင်္ဂလားသွားစာတမ်း၌ "သက္ကရာဇ် ၁၁၉၂ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်၊ စနေနေ့ (၁၈၃၀ ပြည့်နှစ် အောက်တိုဘာ ၉ ရက်)ရွှေဘဝါးတော်မြတ်အောက် ဆင်ကျုံးထိပ်က ဘင်္ဂလားမြို့သို့ အရေးပိုင်မင်းကြီး မဟာစည်သူ၊ စာရေးကြီးမင်းလှနန္ဒကျော်ထင်၊ ကပ္ပိတံသိရိရာဇာနော်ရထာတို့နှင့် မြန်မာမှုထမ်း၊ ကုလားစစ်ပါရီအမှုထမ်း၊ လူကြီးလူငယ်တို့ကို အထိုက်အလျောက် အောင်ပန်းရဲလှေ၊ တုံးလောင်း အသီးသီးသင့်ရာ ရွှေလွှတ်တော်ကပေးအပ်၍ ဧရကြောင်းစုန်ဆင်းထွက်သွားရာ ၉ စခန်းနှင့် မင်းဘူးရွာဆိပ်သို့ရောက်သည်"ဟူ၍ ဖော်ပြထားသည်။

စိန္တကျော်သူဦးရွှဲတို့သံအဖွဲ့သည် အင်းဝမြို့တော်အနောက်မျက်နှာ ဧရာဝတီမြစ်ဘေး ဆင်ကျုံးဆိပ်ကမ်းမှ ဧရာဝတီမြစ်ကြောင်းတိုင်း ဖောင်ပန်း၊ ရဲလှေ၊ တုံးလောင်းတို့ဖြင့် ထွက်ခွာခဲ့ကြခြင်းဖြစ်သည်။ မြန်မာသံအဖွဲ့သည် အင်းဝမြို့ဆင်ကျုံးဆိပ်ကမ်းမှ ဧရာဝတီမြစ်ကြောင်းအတိုင်း စုန်ဆင်းရာလမ်းတွင် ကိုးညအိပ်ကြာခဲ့ပြီး မင်းဘူးရွာသို့ (ယခုမင်းဘူးမြို့) ရောက်ရှိခဲ့သည်။

**အိန္ဒိယဘုရင်ခံချုပ်အတွက် လက်ဆောင်တော်များ**

မြန်မာသံအဖွဲ့သည် အိန္ဒိယဘုရင်ခံချုပ်ကို လက်ဆောင်များပေးရန် ဘကြီးတော်စစ်ကိုင်းမင်းထံမှ လက်ဆောင်တော်ပစ္စည်းများ ယူသွားကြသည်။ ဘကြီးတော်စစ်ကိုင်းမင်းက အိန္ဒိယဘုရင်ခံချုပ်အတွက် ရာဇသံစာနှင့် အဖိုးထိုက်လှသည့် ပတ္တမြားလက်စွပ်၊ ပတ္တမြားများကို ပေးလိုက်သည်။ လက်ဆောင်ပစ္စည်းစာရင်းမှာ-

၁။ အဖိုးထိုက်သည့် ပတ္တမြားလက်စွပ် -၂
၂။ နီလာလက်စွပ် - ၂
၃။ ပတ္တမြားသွေးပြီးလုံးရေ - ၁၀၀၀
၄။ မသွေးသောပတ္တမြားလုံးရေ- ၁၀၀၀
၅။ ရောင်စုံဆင်စုံပန်းချိပ်ပုဆိုး- ၁၀
၆။ ဇလာပုဆိုး - ၂၀
၇။ မှန်စီရွှေချ ယွန်းအစ်ကြီးငယ်များတို့ဖြစ်သည်။

**စကုမှစစ်တွေသို့**

မြန်မာသံအဖွဲ့သည် စကုမြို့မှတစ်ဆင့် အမ်းတောင်ကြားလမ်းအတိုင်း စစ်တွေမြို့သို့အရောက်သွားကြသည်။ စကုမြို့မှ ၁၁၉၂ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၁ ရက်နေ့ (၁၈၃၀ ပြည့်နှစ်၊ အောက်တိုဘာ ၂၆ ရက်) ထွက်ခွာခဲ့ကြရာ စစ်တွေမြို့သို့ ၁၁၉၂ ခု နတ်တော်လဆန်း ၇ ရက် (၁၈၃၀ ပြည့်နှစ် နိုဝင်ဘာ ၂၂ ရက်) နေ့ ဆိုက်ရောက်သည်။ အင်းဝမြို့မှ စစ်တွေမြို့အရောက် နားနားနေနေသွားခဲ့ရာ ၄၃ ရက်ကြာမြင့်ခဲ့သည်။ မြန်မာသံအဖွဲ့ကို စကုမြို့မှ စစ်တွေသို့ အမ်းတောင်ကြားလမ်းအတိုင်းသွားရန် အကြံပြုခဲ့သူမှာ အင်းဝမြို့၌ သံအရာရှိအဖြစ် ရောက်ရှိနေသော မေဂျာဘာနေဖြစ်သည်။ ဘာနေ၏အကြံပြုချက်ကို လက်ခံသဖြင့် ဘာနေသည် သူ၏ညီဖြစ်သူ ဒုတိယသံအရာရှိ ကပ္ပိတံဂျော့ဘာနေကို နောက်လိုက်စစ်ပါရီတပ်နှင့် အစောင့်အရှောက် ထည့်လိုက်သည်။ ဘကြီးတော် စစ်ကိုင်းမင်းကလည်း ဘာနေ၏ညီ ဂျော့ဘာနေကို ခရီးမထွက်မီ သိရိရာဇာနော်ရထာဘွဲ့ကို သနားတော်မူခဲ့သည်။

ဘာနေ၏မှတ်တမ်း၌ သူ၏ညီ ဂျော့ဘာနေကို သိရိရာဇာနော်ရထာ ဘွဲ့သနားတော်မူသည့် နေ့မှာ ၁၈၃၀ ပြည့်နှစ် စက်တင်ဘာ ၃၀ ရက်ဖြစ်ကြောင်း မှတ်တမ်းတင်ထားသည်။

မြန်မာသံအဖွဲ့သည် အကြိုလွှတ်လိုက်သော သင်္ဘောမလာသေးသဖြင့် စစ်တွေမြို့၌ ၁၂ရက်ကြာမျှ စောင့်ဆိုင်းနေခဲ့သည်။ ၁၂ရက်အကြာတွင် အကြိုလွှတ်လိုက်သော သင်္ဘောရောက်လာသဖြင့် ၁၁၉၂ ခုနှစ် နတ်တော်လပြည့်ကျော် ၃ ရက်နေ့ (၁၈၃၀ ပြည့်နှစ် ဒီဇင်ဘာ ၂ ရက်)တွင် စစ်တွေမှ ထွက်ခွာခဲ့ရာ နတ်တော်လပြည့်ကျော် ၇ ရက် နေ့ (၁၈၃၀ ပြည့်နှစ် ဒီဇင်ဘာ ၆ ရက်တွင် ကာလကတ္တားဆိပ်ကမ်းသို့ ရောက်ရှိသည်။ စိန္တကျော်သူဦးရွှဲတို့ စီးနင်းခဲ့သော သင်္ဘောမှာ ဧရာဝတီအမည်ရှိ သင်္ဘောဖြစ်သည်။

**ဘုရင်ခံချုပ်နှင့်တွေ့ရဖို့အခက်အခဲ**

စိန္တကျော်သူဦးဆောင်သော မြန်မာသံအဖွဲ့သည် ကာလကတ္တားမြို့သို့ ရောက်ရှိသော်လည်း ကာလကတ္တားမြို့၌ ဘုရင်ခံချုပ်မရှိသဖြင့် ကာလကတ္တားမြို့၌ စောင့်ဆိုင်းနေရသည်။ ထိုကဲ့သို့ ဘုရင်ခံချုပ်ကို တွေ့ရန်း၊ တွေ့ရန်းဖြင့် စောင့်ဆိုင်းနေသည်မှာ ၁၀ လကျော်မျှကြာမြင့်ခဲ့ပါသည်။ ထိုကဲ့သို့ ဘုရင်ခံချုပ်ကို မတွေ့ရသောကြောင့် ဘုရင်ခံချုပ်ရှိရာ ဆင်မလာမြို့သို့ ကာလကတ္တားမှ ၁၁၉၃ ခုနှစ် သီတင်းကျွတ်လဆန်း ၅ ရက်နေ့ (၁၈၃၁ ခုနှစ် အောက်တိုဘာ ၁၁ ရက်)တွင် ဂင်္ဂါမြစ်ကြောင်းအတိုင်း ဆန်တက်ခဲ့သည်။ ၁၁၉၃ ခုနှစ် တပေါင်းလပြည့်ကျော် ၁၅ ရက်၊ စနေနေ့ (၁၈၃၂ ခုနှစ် မတ်လ ၃၁ ရက်)တွင် ဘရက်ကာဘတ်မြို့ (Farukhabad)သို့ ရောက်ရှိကြသည်။ ဘရက်ကာဘတ်မြို့တွင်လည်း ဘုရင်ခံချုပ်နှင့် တွေ့ခွင့်မရပေ။ ဘရက်ကာဘတ်မြို့တွင် ခုနှစ်လမျှ စောင့်ဆိုင်းနေရသည်။ ခုနစ်လခန့်စောင့်ဆိုင်းပြီးမှ ဘုရင်ခံချုပ်က မြန်မာသံအဖွဲ့ကို အာဂရမြို့ (Agra)တွင် တွေ့ဆုံမည်ဟု အကြောင်းကြားလာသောကြောင့် ၁၁၉၄ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၃ ရက်၊ တနင်္လာနေ့ (၁၈၃၂ ခုနှစ် နိုဝင်ဘာ ၅ ရက်)တွင် ဘရက်ကာဘတ်မြို့မှ အာဂရမြို့သို့ ထွက်ခွာခဲ့ကြရာ အာဂရမြို့သို့ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက် သောကြာနေ့ (၁၈၃၂ ခုနှစ် နိုဝင်ဘာလ ၁၆ ရက်)တွင် ရောက်ရှိကြသည်။ ဘုရင်ခံချုပ်နှင့် ၁၁၉၄ ခုနှစ် နတ်တော်လဆန်း ၁ ရက် သောကြာနေ့ (၁၈၃၂ ခုနှစ် နိုဝင်ဘာ ၂၃ ရက်)တွင် တွေ့ခွင့်ရခဲ့ပါသည်။

**ဘာနေ၏ညစ်ပတ်မှု**

မြန်မာသံအဖွဲ့သည် အိန္ဒိယဘုရင်ခံချုပ်နှင့် တွေ့ဆုံရန် ယခုကဲ့သို့ နှစ်ရှည်လများစောင့်စားနေရသည်မှာ အကြောင်းရှိပါသည်။ ဘုရင်ခံချုပ်နှင့် လွယ်လင့်တကူ မတွေ့ရခြင်းအကြောင်းမှာ အင်းဝမြို့၌ သံအဖြစ်ရောက်ရှိနေသော မေဂျာဘာနေကြောင့်ဖြစ်သည်။ ထိုအကြောင်းကို ဆရာမကြီး ဒေါ်ကြန်က "မေဂျာဘာနေသည် အဝရွှေမြို့တော်သို့ ၁၈၃၀ ခု၊ ဧပြီ ၂၄ ရက်တွင် ရောက်ရှိသော်လည်း ဘုရင်မင်းမြတ်ရှေ့တော်သို့ ချက်ချင်းဝင်ခွင့်မရချေ။ ထိုသို့ဖြစ်ရခြင်းမှာ မေဂျာဘာနေက မြန်မာထုံးစံအတိုင်း ဖိနပ်ချွတ်ရမည်၊ ကန်တော့ခံနေ့တွင် ဝင်ရမည် စသည်တို့ကို အပြင်းအထန်ငြင်းဆန်ကန့်ကွက်နေသောကြောင့်ပင်ဖြစ်သည်။ နောက်ဆုံး၌ နှစ်ဦးနှစ်ဖက်ညှိနှိုင်းကာ ကန်တော့ခံနေ့မဟုတ်သော ၁၈၃၀ ခု၊ ဇွန်လ ၁၇ ရက်နေ့တွင် ရှေ့တော်သို့ဝင်ခွင့်ပြုလေသည်။ ဖိနပ်ချွတ်ရသော်လည်း ဒုတိယသံအရာရှိ ကပ္ပိတံဂျော့ဘာနေသည် ခြေအိတ်ရှည်အတွင်းက ဘိနပ်ခံစီးလျက် ရှေ့တော်သို့ဝင်ခဲ့ပါသည်။ ထိုသို့ရောက်ရှိပြီး တစ်လနှင့် ၂၃ ရက်အကြာတွင် ဘုရင့်ရှေ့တော်သို့ ဝင်ခွင့်ရခဲ့သော်လည်း မြန်မာများ အကြောင်းမဲ့နှိမ်သည်၊ ညှဉ်းပန်းသည်ဟု ဘာနေက မြန်မာများအပေါ် နာကြည်းသည်။ ထို့ကြောင့် မြန်မာသံအဖွဲ့ကို ဘင်္ဂလားသို့စေလွှတ်မည်ဟု သိရသည်နှင့် တစ်ပြိုင်နက် မြန်မာသံအရာရှိများကို ကာလကတ္တားတွင် ယဉ်ကျေးစွာလက်ခံသော်လည်း မောက်မောက်မာမာ အထက်စီးနှင့်ဆက်ဆံစေလိုကြောင်း၊ သူခံစားရသကဲ့သို့ သင်းတို့ကိုခံစားရစေလိုကြောင်း ၁၈၂၇ ခုနှစ်က မြန်မာသံအဖွဲ့ကို ရက်ရက်ရောရောထောက်ပံ့ပြုစုသကဲ့သို့ မထောက်ပံ့ရန်အကြောင်း၊ သင်းတို့ကို ထောက်ပံ့ပြုစုခြင်းသည် အဆိပ်ပင်ရေလောင်း၊ ရန်သူအားပေးသကဲ့သို့ရှိကြောင်း၊ ထို့ပြင် ယခုလာသည့် သံအဖွဲ့အား ဘုရင်ခံချုပ်နှင့်တွေ့ဆုံခွင့်မပေးဘဲ အချိန်ဆွဲနိုင်သမျှဆွဲကာ စောင့်ဆိုင်းထားစေလိုကြောင်းနှင့် သူ၏အစီရင်ခံစာပေးပို့လိုက်ပါသည်။ သို့နှင့် မြန်မာသံအဖွဲ့သည် ဘုရင်ခံချုပ်ကို တွေ့ရရန် ခရီးအတန်တန်သွားရခြင်း၊ နှစ်နှစ်နီးပါးစောင့်ခဲ့ရခြင်းများမှာ သဘောရိုးမဟုတ်ဘဲ မေဂျာဘာနေ၏အစီရင်ခံစာကြောင့် တမင်သက်သက်ညှဉ်းပန်းနှိပ်စက်ခံခဲ့ရခြင်းဖြစ်ကြောင်း ထင်ရှားပါသည်"ဟူ၍ အတိအလင်း ရေးသားဖော်ပြထားပါသည်။ အထက်ပါဖော်ပြချက်များကို ကြည့်ပါက မြန်မာသံအဖွဲ့ ဘင်္ဂလား၏ဘုရင်ခံချုပ်နှင့်တွေ့ရန် ကြန့်ကြာနေခြင်းများသည် ဘာနေ၏ညစ်ပတ်မှုများကြောင့်သာဖြစ်ကြောင်း ထင်ရှားလှပါသည်။ ဘာနေသည် မြန်မာဘုရင့်ရှေ့မှောက်သို့ ဝင်ရာတွင် ဖိနပ်ချွတ်ခြင်း၊ နန်းတော်သို့ဦးတိုက်ရခြင်း စသည့်ရိုးရာဓလေ့များကို လိုက်နာစေခြင်းများသည် ၎င်းတို့၏ဂုဏ်သိက္ခာကို ထိခိုက်ညှိုးနွမ်းအောင် နှိပ်စက်သည်ဟူ၍ နာကြည်းစိတ်ထားသည်။ ထိုနာကြည်းစိတ်ဖြင့် ဘာနေသည် မြန်မာသံအဖွဲ့ကို ဘုရင်ခံချုပ်နှင့်တွေ့ဆုံရန် ကြန့်ကြာအောင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

**❖ စိန္တကျော်သူဦးရွှဲဦးဆောင်သော မြန်မာသံအဖွဲ့၏ဘင်္ဂလားသွားခရီးစဉ်ကို ဘင်္ဂလားသွားစာတမ်း၌ ရက်စဉ်နှင့်တကွ အသေးစိတ်ပြဆိုထားသည်။ ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး၌ စိန္တကျော်သူဦးရွှဲတို့ ဘင်္ဂလားသွားသည့်အကြောင်းကို "သက္ကရာဇ် ၁၁၉၂ ခုနှစ်၌ ဝန်ထောက်မင်းကြီးမဟာစည်သူကို အင်္ဂလိပ်တိုင်းပြည်(ဘင်္ဂလား)သို့ စေလွှတ်သည်" ဟူ၍သာ မှတ်တမ်းတင်ထားသည်။ ဘင်္ဂလားသွားစာတမ်း၌ စိန္တကျော်သူ ဦးရွှဲဦးဆောင်သောမြန်မာသံအဖွဲ့ ဘင်္ဂလားသို့သွားသည့်ခရီးကို နေ့ရက်နှင့်တကွ အတိအကျပြဆိုထားသည်။ အင်းဝမြို့တော်မှစတင်ထွက်ခွာသည့် ဧရာဝတီဆိပ်ကမ်းနေရာနှင့်တကွ အတိအကျပြဆိုထားပါသည်။❖**

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကိုလက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လောက်သာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်း ကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်း နှိုးဆော်လိုက်ရပါတယ်။

# ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်းဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး



**ကန့်ဘလူ အောက်တိုဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်းဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၈၈၇၂၄ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါစိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၈ ဒသမ ၁၇ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူမြို့နယ်မှာ ပဲတီစိမ်း ၈၈၇၂၄ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲတီစိမ်းခင်းတွေ လက်ရှိမှာတော့ ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီး စီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းတွေ စိုက်ပျိုးချိန်မှာလဲ တိုးချဲ့စိုက်ပျိုးဖို့ အထွက်နှုန်း ကောင်းမွန်ဖို့ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ အသိပညာတွေ ပေးခဲ့ပါတယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ကန့်ဘလူမြို့နယ်တွင် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့် ကိုက်ညီသည့်မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြ၍ သိရသည်။

(၂၀၆)

# လဲချားမြို့နယ် ဖွေးဟိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**လဲချား အောက်တိုဘာ ၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် လဲချားမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖွေးဟိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လွိုင်လင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းနိုင်၊ လက်ထောက် ညွှန်ကြားရေးမှူး (နည်းပညာ) ဒေါ်ပန်းဖူးခိုင်၊ လဲချားမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်း၊ ဦးစီးအရာရှိ ဒေါ်နန်းစန္ဒာဝင်း၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့် အတူ ဖွေးဟိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် အခြားလုပ်ငန်းများ ဆောင်ရွက်နေမှု၊ လအလိုက် ဖြည့်သွင်းရမည့် စာရင်းဇယားများ ပြည့်စုံမှန်ကန်မှုရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

လဲချားမြို့နယ် ဖွေးဟိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ငွေကျပ် သိန်း ၃၀၀ ဖြင့် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် အခြားလုပ်ငန်းများ လုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၅၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၃ ဒသမ ၃၅ သိန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အေးသူ**

# ဝါကျွတ်ချိန်နဲ့ စိတ်အတွေး

\- မီးပုံးပျော် သီတင်းကျွတ်
နှင်းဆွတ်ခဲ့ သည့်အချိန်၊
ကောင်းကင်ပျော် "လ"တစ်စင်းက
ရှင်းသန့် ထိန်ထိန်၊
မြောက်လေက ရစ်ပတ်လိမ်
မိုးသားတိမ် ထွက်ခွာအပြ၊
သွားစို့ကွယ် ရှုမငြီးတဲ့
မီးမြင်းမိုရ် ည။

\- ချမ်းမြေ့လို စိတ်အလှက
မေတ္တာတစ်စနဲ့ မီးထွန်းချင်၊
သိစေဖွယ် စာရှည်ရေးလို့
ပေးပို့ဖို့ပြင်၊
ကြည်နူးစိတ် တသွင်သွင်
မြူးပျော်ရွှင် အသွေးဖွဲ့၊
လှမ်းအတူ
စမ်းတစ်မူ သည်ခရီးမြတ်မှာလ
ပန်းအလှူ ဆီမီးကပ်လို့
(လပြည့်ည ပြတင်းကို..)
လှစ်လှပ်ချင်ခဲ့။ ။

ချမ်းမြေ့(ဇလွန်မြေ)

# မချမ်းဘော့မြို့နယ် ထရန်ဒမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မချမ်းဘော့ အောက်တိုဘာ ၁**

ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘော့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ထရန်ဒမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မချမ်းဘော့မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောသီဟနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာရပ်မိ၊ ရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လက်စွဲစာစောင်ပါ စည်းမျဉ်း၊ စည်းကမ်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေ ပြည်သူများ၏တာဝန်နှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းများက စီမံကိန်း စက်ဝန်းကာလသတ်မှတ်ချက်များ စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၅၆၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက မချမ်းဘော့မြို့နယ် ထရန်ဒင်းကျေးရွာမှ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ၂၄ ဦးကို ငွေကျပ် သိန်း ၂၄၀၊ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ ၂၂ ဦးကို ငွေကျပ် သိန်း ၂၆၀၀၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် သိန်း ၆၀၀ စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၅၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းအပျောက် လည်ပတ်ရန်ပုံငွေကျပ် သိန်း ၅၆၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အောင်ရဲကျော်**

# နိုင်ငံတကာ သတင်းများ

## စကားဘိုရို ရေမြုပ်သဲသောင်နယ်မြေ၌ အမျိုးသားနေ့ အလံတင်အခမ်းအနား တရုတ်ကမ်းခြေစောင့်တပ်ဖွဲ့ ကျင်းပ




ပေကျင်း အောက်တိုဘာ ၁

တောင်တရုတ်ပင်လယ်ဒေသ စကားဘိုရို ရေမြုပ်သဲသောင်နယ်မြေ၌ တရုတ်ကမ်းခြေစောင့်တပ်ဖွဲ့က ယနေ့တွင် တရုတ်အမျိုးသားနေ့ အလံတင်အခမ်းအနားကျင်းပခဲ့ကြောင်း သိရသည်။

စကားဘိုရို ရေမြုပ်သဲသောင်နယ်မြေသည် တရုတ်နှင့် ဖိလစ်ပိုင်နိုင်ငံတို့ကြား ပိုင်ဆိုင်ခွင့်အငြင်းပွားနေသော တောင်တရုတ်ပင်လယ်ရေပြင်ဒေသ ဖြစ်သော်လည်း လက်ရှိတွင် တရုတ်နိုင်ငံက ထိန်းချုပ်ထားသည်။

တရုတ်အမျိုးသားနေ့ အလံတင်အခမ်းအနားကို တရုတ်ကမ်းခြေစောင့်တပ်ဖွဲ့ ရေယာဉ်တစ်စီးက ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း တရုတ်အစိုးရမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

စကားဘိုရိုနယ်မြေ၌ တရုတ်ကမ်းခြေစောင့်တပ်ဖွဲ့ သင်္ဘောက အမျိုးသားနေ့ အလံတင်အခမ်းအနားကျင်းပမှုကို ဖိလစ်ပိုင်တာဝန်ရှိသူများက တစ်စုံတစ်ရာ တုံ့ပြန်မှု မရှိသေးကြောင်း သိရသည်။

တရုတ်နိုင်ငံသည် စကားဘိုရို ရေမြုပ် သဲသောင်နယ်မြေကို ၂၀၁၂ ခုနှစ်က စတင်ထိန်းချုပ်ခဲ့သည်။

တရုတ်နိုင်ငံသည် စကားဘိုရို ရေမြုပ် သဲသောင်နယ်မြေ၌ အမျိုးသား သဘာဝဘေးမဲ့နယ်မြေ သတ်မှတ်ရန် စီစဉ်ထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO



## ဂါဇာငြိမ်းချမ်းရေးအစီအစဉ်ကို လေးရက်အတွင်း တုံ့ပြန်ရန် ဟားမတ်စ်ကို သမ္မတဒေါ်နယ်ထရမ့် သတိပေး

ဝါရှင်တန် အောက်တိုဘာ ၁

အမေရိကန်အစိုးရ အဆိုပြုထားသော ဂါဇာငြိမ်းချမ်းရေးအစီအစဉ်ကိုတုံ့ပြန်ရန် ဟားမတ်စ်အုပ်စုအနေဖြင့် သုံးရက်မှ လေးရက်ထိသာ အချိန်ရမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က စက်တင်ဘာ ၃၀ ရက်တွင် ပြောကြားခဲ့ကြောင်း ယနေ့ သတင်းများအရ သိရသည်။

ယင်းအပြင် ဟားမတ်စ်အုပ်စုအနေဖြင့် ဂါဇာငြိမ်းချမ်းရေး အစီအစဉ်ကို သုံးရက်မှ လေးရက် အတွင်း တုံ့ပြန်ခြင်းမရှိပါက ဆိုးရွားသည့် အကျိုးဆက်များနှင့် ရင်ဆိုင်ရလိမ့်မည် ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က သတိပေးခဲ့သည်။

အမေရိကန်အစိုးရသည် နှစ်နှစ်နီးပါးကြာ ဂါဇာပဋိပက္ခကို အဆုံးသတ်နိုင်ရေး အတွက် အချက်ပေါင်း ၂၀ ပါဝင်သော ဂါဇာငြိမ်းချမ်းရေးအစီအစဉ်ကို ကြေညာထားသည်။

အဆိုပါ ဂါဇာငြိမ်းချမ်းရေးအစီအစဉ်ကို အစ္စရေးနိုင်ငံနှင့် အာရပ်ခေါင်းဆောင်များက လက်ခံကြိုဆိုထားပြီးဖြစ်ရာ ဟားမတ်စ်အုပ်စု၏ တုံ့ပြန်မှုကို မိမိတို့စောင့်ဆိုင်းနေကြောင်း သမ္မတဒေါ်နယ်ထရမ့်က အိမ်ဖြူတော်၌ သတင်းထောက်များနှင့်တွေ့ဆုံစဉ် ထုတ်ဖော်ပြောကြားခဲ့သည်။

ဟားမတ်စ်အုပ်စု အနေဖြင့် အဆိုပါ ဂါဇာငြိမ်းချမ်းရေးအစီအစဉ်ကိုလက်မခံခဲ့ပါက ဝမ်းနည်းဖွယ်ဇာတ်သိမ်းနှင့် ရင်ဆိုင်ရလိမ့်မည်ဖြစ်ကြောင်း သမ္မတဒေါ်နယ်ထရမ့်က သတိပေးထားခဲ့သည်။

အမေရိကန်အစိုးရ၏ ဂါဇာငြိမ်းချမ်းရေးအစီအစဉ်ကို အီဂျစ်၊ ဆော်ဒီအာရေဗျ၊ ယူအေအီး၊ ဂျော်ဒန်နှင့် ကာတာနိုင်ငံတို့က လည်း ထောက်ခံမှုပေးထားကြောင်း သိရသည်။

Ref : RT
Trs : KKO

## လာမည့်နှစ် ကာကွယ်ရေးအသုံးစရိတ် တောင်ကိုရီးယားနိုင်ငံ မြှင့်တင်မည်

ဆိုးလ် အောက်တိုဘာ ၁

တောင်ကိုရီးယား နိုင်ငံ၏ လာမည့်နှစ် ကာကွယ်ရေးအသုံးစရိတ်ကို ၈ ဒသမ ၂ ရာခိုင်နှုန်း မြှင့်တင်၍ ဝမ်ငွေ ၆၆ ဒသမ ၃ ထရီလီယံ (အမေရိကန် ဒေါ်လာ ၄၇ ဒသမ ၁ ဘီလီယံ)ထိ သုံးစွဲမည်ဖြစ်ကြောင်း သမ္မတ လီဂျေးမြောင်က ယနေ့တွင် ကြေညာခဲ့သည်။

တောင်ကိုရီးယား တပ်မတော်နေ့ အခမ်းအနားတွင် သမ္မတ လီဂျေးမြောင်က ၂၀၂၆ ခုနှစ် ကာကွယ်ရေးအသုံးစရိတ် မြှင့်တင်မည့်အစီအစဉ်ကို ကြေညာခဲ့ခြင်းဖြစ်သည်။

လုံခြုံရေးအာမခံချက် ခိုင်မာမှုသာလျှင် ငြိမ်းချမ်းရေး အခွန့်ရှည်လိမ့်မည်ဖြစ်ကြောင်း တောင်ကိုရီးယားသမ္မတ လီဂျေးမြောင်က တပ်မတော်နေ့မိန့်ခွန်း၌ ပြောကြားခဲ့သည်။

ထို့ပြင် ကမ္ဘာကြီးအနေဖြင့် ပဋိပက္ခများ မြင့်တက်မှု ခေတ်အတွင်း ဝင်ရောက်နေပြီဖြစ်ပြီး ကမ္ဘာ့တစ်ဝန်းလုံးတွင် ပူးပေါင်းဆောင်ရွက်မှုများ အားလျော့လာကြောင်း သမ္မတ လီဂျေးမြောင်က သုံးသပ်ခဲ့သည်။

ယင်းအပြင် တောင်ကိုရီးယားနိုင်ငံ ငြိမ်းချမ်းရေးနှင့် ဝပြောသာယာရေးအတွက် မည်သူ့ကိုမျှ အားမကိုးသင့်သည့် အချိန်ကျပြီဖြစ်ကြောင်း သမ္မတလီဂျေးမြောင်က ပြောကြားခဲ့သည်။

မောင်းသူမဲ့လေယာဉ်များနှင့် စက်ရုပ်များ တည်ဆောက်ရေးကဲ့သို့ အဆင့်မြင့်နည်းပညာနယ်ပယ်များတွင် ပိုမို ရင်းနှီးမြှုပ်နှံရေးအတွက် ၂၀၂၆ ခုနှစ် ကာကွယ်ရေး အသုံးစရိတ်ကို မြှင့်တင်ရန် တောင်ကိုရီးယားနိုင်ငံက စီစဉ်ထားခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## ဟေတီ နိုင်ငံတကာလုံခြုံရေးမစ်ရှင်၏အင်အားကို နှစ်ဆတိုးရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီ သဘောတူ

နယူးယောက် အောက်တိုဘာ ၁

ဟေတီ နိုင်ငံတကာ လုံခြုံရေး မစ်ရှင်၏ အင်အားနှစ်ဆတိုးရေး အဆိုပြုချက်ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက စက်တင်ဘာ ၃၀ ရက်တွင် အတည်ပြုခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။




ဟေတီ နိုင်ငံတကာလုံခြုံရေး မစ်ရှင်၏ အင်အားနှစ်ဆတိုးမြှင့်ရေးအဆိုပြုချက်ကို အမေရိကန်နိုင်ငံက တင်သွင်းခဲ့ခြင်းဖြစ်သည်။

ယင်းအဆိုပြုချက်ကို စက်တင်ဘာ ၃၀ ရက် ကုလသမဂ္ဂလုံခြုံရေးကောင်စီအစည်းအဝေး၌ မဲခွဲခဲ့ရာ အဖွဲ့ဝင်နိုင်ငံ ၁၅ နိုင်ငံအနက် ၁၂ နိုင်ငံတို့၏ ထောက်ခံမဲများဖြင့် အတည်ပြုနိုင်ခဲ့သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် လက်နက်ကိုင်ဂိုဏ်းအဖွဲ့များ ထကြွသောင်းကျန်းမှုကို ဖြေရှင်းရာတွင် ဟေတီအစိုးရကို ကူညီရေးအတွက် ဟေတီနိုင်ငံသို့ နိုင်ငံတကာတပ်ဖွဲ့များ ဖြန့်ကြက်ခွင့်ပေးထားခဲ့သည်။

ဟေတီနိုင်ငံ ပေါ်တိုပရင့်စ်မြို့ တစ်ခုလုံးနီးပါးကို လက်နက်ကိုင်ဂိုဏ်းများက ထိန်းချုပ်ထားရာ ဟေတီပြည်သူ ၁ ဒသမ ၃ သန်းတို့ အိုးအိမ်များ စွန့်ခွာထွက်ပြေးခဲ့ကြရသည်။

အဆိုပါ လက်နက်ကိုင်ဂိုဏ်းများသည် ဟေတီနိုင်ငံ၏ နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်ရှင်သန်ပိုင်ခွင့်ကို ခြိမ်းခြောက်နေကြောင်း ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီး မိုက်ခ်ဝေါ့ဇ်က စက်တင်ဘာ ၃၀ ရက်တွင် ပြောကြားခဲ့သည်။

Ref : RT
Trs : KKO

## အိန္ဒိယ၌ ဆောက်လုပ်ဆဲဓာတ်အားပေးစက်ရုံ သံမဏိတန်းပြိုကျမှုကြောင့် အလုပ်သမားကိုးဦး သေဆုံး

ဒေလီ အောက်တိုဘာ ၁

အိန္ဒိယနိုင်ငံ တောင်ပိုင်း ချင်နိုင်းမြို့ရှိ တည်ဆောက်ဆဲ လျှပ်စစ် ဓာတ်အားပေးစက်ရုံ တစ်ရုံတွင် မတော်တဆမှု တစ်ရပ်ဖြစ်ပွားခဲ့ရာ အလုပ်သမားကိုးဦး သေဆုံးခဲ့ရကြောင်း အိန္ဒိယ တာဝန်ရှိသူများက စက်တင်ဘာ ၃၀ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

မတော်တဆမှုဖြစ်ပွားခဲ့သော အပူစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံသည် ချင်နိုင်းမြို့ အင်နိုရီ အထူးစီးပွားရေးဇုန်၌ တည်ရှိသည်။

အဆိုပါလျှပ်စစ်ဓာတ်အားပေး စက်ရုံတည်ဆောက်ရေးလုပ်ငန်းခွင်၌ သံမဏိတန်း တစ်တန်းပြိုကျခဲ့ပြီးနောက် အလုပ်သမား ကိုးဦး သေဆုံးခဲ့ရခြင်း ဖြစ်ကြောင်း သိရသည်။

ယင်း မတော်တဆမှုဖြစ်စဉ်အတွင်း အလုပ်သမားတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း တမီလ်နာဒူး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရေး ကော်ပိုရေးရှင်းက သတင်းထုတ်ပြန်ထားသည်။

လျှပ်စစ် ဓာတ်အားပေးစက်ရုံ မတော်တဆမှုအတွင်း သေဆုံးခဲ့သူများမှာ အာသံပြည်နယ်မှ အလုပ်သမားများ ဖြစ်ကြကြောင်း သိရသည်။

လက်ရှိအချိန်တွင် ဆောက်လုပ်ဆဲ လျှပ်စစ်ဓာတ်အားပေးစက်ရုံ မတော်တဆမှုဖြစ်စဉ်ကို တာဝန်ရှိသူများက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# SCIENCE AND TECHNOLOGY

## စပေ့စ်အိတ်ကုမ္ပဏီက ယခုနှစ်၏ ၁၂၄ ခုမြောက် ဖယ်လ်ကွန်-၉ မစ်ရှင်အဖြစ် စတားလင့်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၈ စင်း လွှတ်တင်ခဲ့



**ဝါရှင်တန် အောက်တိုဘာ ၁**

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့စ်အိတ်ကုမ္ပဏီသည် ယခုနှစ်၏ ၁၂၄ ခုမြောက် ဖယ်လ်ကွန်-၉ မစ်ရှင်အဖြစ် စတားလင့်အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တု ၂၈ စင်း လွှတ်တင်ခဲ့ကြောင်း စက်တင်ဘာ ၃၀ ရက် သတင်းများအရ သိရသည်။

စတားလင့်ဂြိုဟ်တု ၂၈ စင်း သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ကယ်လီဖိုးနီးယား ပြည်နယ် ဗင်ဒန်ဘာ့ဂ်အာကာသ စခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ရှစ်မိနစ်ကျော် အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမအဆင့် ပင်မဒုံးယာဉ်သည် အတ္တလန္တိတ် သမုဒ္ဒရာအတွင်း စောင့်ဆိုင်းနေသော မောင်းသူမဲ့ တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့သည်။

ဖယ်လ်ကွန်-၉ ဒုံးပျံ၏ထိပ်ပိုင်း အဆင့် ဒုံးယာဉ်ကမူ လွှတ်တင်ပြီး ၆၄ မိနစ်အကြာတွင် သယ်ဆောင်ထားသော စတားလင့်ဂြိုဟ်တုများကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့သည်။

စက်တင်ဘာ ၃၀ ရက် မစ်ရှင် အောင်မြင်မှုကြောင့် စတားလင့် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု အစင်းပေါင်း ၈၅၀၀ ကျော်ထိရှိလာပြီဖြစ်ပြီး စက်တင်ဘာ ၃၀ ရက် မစ်ရှင်သည် စပေ့စ်အိတ်ကုမ္ပဏီ အတွက် ၂၀၁၀ ပြည့်နှစ်နောက်ပိုင်း ၅၄၂ ခု မြောက် အာကာသ မစ်ရှင်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

# HEALTH

## မိုက်ခရိုပလတ်စတစ်အမှုန်များက အရိုးကျန်းမာရေးအပေါ်ဆိုးကျိုးသက်ရောက်

**ဘရာဇီးလီးယား အောက်တိုဘာ ၁**

မိုက်ခရိုပလတ်စတစ် ခေါ် အလွန်သေးငယ်သည့်ပလတ်စတစ် အမှုန်အမွှားများသည် လူသားတို့၏ အရိုးကျန်းမာရေးအပေါ်တွင် ဆိုးကျိုးသက်ရောက်မှုရှိကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ စက်တင်ဘာ ၃၀ ရက် သတင်းများအရ သိရသည်။

လူသားတို့၏ အရိုးများနှင့် အရိုးနုများအတွင်းထိ မိုက်ခရိုပလတ်စတစ်များရောက်ရှိစုစည်းနေနိုင်မှုကို ဘရာဇီးနိုင်ငံ ကမ်ပီနက်စ်တက္ကသိုလ်မှ သုတေသနပညာရှင်များက ဖော်ထုတ်တွေ့ရှိထားကြောင်း သိရသည်။

ထို့ပြင် အဆိုပါမိုက်ခရိုပလတ်စတစ်များကြောင့် အရိုးဖွဲ့စည်းတည်ဆောက်ပုံအားနည်းလာနိုင်ပြီး အရိုးပွရောဂါဖြစ်နိုင်ခြေမြင့်တက်လာနိုင်ကြောင်းဘရာဇီးသုတေသနပညာရှင်များက ပြောကြားသည်။

သုတေသနပညာရှင်များ၏ အဆိုအရ မိုက်ခရိုပလတ်စတစ်များကြောင့် အရိုးတစ်ရှူးဟောင်းများကို ဖြိုခွဲပေးသည့် Osteoclasts ခေါ် ဆဲလ်များပေါ်ထွက်မှုကို လှုံ့ဆော်အားပေးတတ်သည်။

Osteoclasts ခေါ် ဆဲလ်များ ပေါ်ထွက်မှုလွန်ကဲပါက အရိုးများ၏ ဖွဲ့စည်းတည်ဆောက်ပုံအားနည်းလာတတ်သည်ဟု သုတေသနပညာရှင်များက ပြောကြားခဲ့ကြောင်း သိရသည်။

ဘရာဇီး သုတေသနပညာရှင်များသည် မိုက်ခရိုပလတ်စတစ်ဆိုင်ရာလေ့လာမှုပေါင်း ၆၄ ခုတို့ကို ဆန်းစစ်ခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကိုတင်ပြခဲ့ကြခြင်း ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## နက်ပကျွန်းဂြိုဟ်နေပတ်လမ်းအလွန်ရှိ မာကီမာကီဂြိုဟ်သိမ်ပေါ်၌ ဓာတ်ငွေ့များတည်ရှိမှုကို အမေရိကန်သိပ္ပံပညာရှင်များက ဖော်ထုတ်တွေ့ရှိခဲ့

**ဝါရှင်တန် အောက်တိုဘာ ၁**

နက်ပကျွန်းဂြိုဟ်၏နေပတ်လမ်းအလွန်တွင်ရှိသော မာကီမာကီအမည်ရှိ ဂြိုဟ်သိမ်ပေါ်၌ ဓာတ်ငွေ့များတည်ရှိမှုကို အမေရိကန် သိပ္ပံပညာရှင်များက ဖော်ထုတ်တွေ့ရှိခဲ့ကြောင်း စက်တင်ဘာ ၃၀ ရက် သတင်းများအရ သိရသည်။

မာကီမာကီအမည်ရှိ ဂြိုဟ်သိမ်ပေါ်၌ အမေရိကန်အစိုးရအမျိုးသား လေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)က လွှတ်တင်ထားသည့် ဂျိမ်းစ်ဝက်ဘ် အာကာသ ရေဒီယိုတယ်လီစကုပ်၏အကူအညီဖြင့် ဖော်ထုတ်တွေ့ရှိခဲ့ခြင်းဖြစ်သည်။

အထက်ပါ မီသိန်းဓာတ်ငွေ့တည်ရှိမှု အထောက်အထားအရ မာကီမာကီဂြိုဟ်သိမ်သည် ဘူမိလှုပ်ရှားမှုရှိသည့် ရေခဲဂြိုဟ်တစ်စင်း ဖြစ်နေနိုင်ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။



မာကီမာကီဂြိုဟ်သိမ်သည် နက်ပကျွန်းဂြိုဟ် နေပတ်လမ်းအလွန်ရှိ အကြီးဆုံးနှင့် အလင်းအားအကောင်းဆုံးဂြိုဟ်သိမ်ဖြစ်ကြောင်း သိရသည်။

မာကီမာကီ ဂြိုဟ်သိမ်သည် ပလူတိုဂြိုဟ်သိမ်ပြီးလျှင် ဓာတ်ငွေ့များတည်ရှိမှုကို အတည်ပြုနိုင်သည့် ဒုတိယမြောက်နက်ပကျွန်းဂြိုဟ်နေပတ်လမ်းပြင်ပ အာကာသဒြပ်ထည်ဖြစ်သည်။

မာကီမာကီ ဂြိုဟ်သိမ်သည် အရွယ်အစားအားဖြင့် အချင်းမိုင် ၈၉၀ ကျော်ထိရှိသည့် ဂြိုဟ်သိမ်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## ရောဂါလက္ခဏာများမပေါ်မီကပင် အဆစ်အမျက်ရောင်ရောဂါဖြစ်ပွားမှုစတင်နိုင်

**နယူးယောက် အောက်တိုဘာ ၁**

အဆစ်အမျက်ရောင်ရောဂါ (Arthritis)သည် ရောဂါလက္ခဏာများ မပေါ်မီကပင် ရောဂါဖြစ်ပွားမှု စတင်နိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ စက်တင်ဘာ ၃၀ ရက် သတင်းများအရ သိရသည်။

အမေရိကန်သုတေသနပညာရှင်များ၏အဆိုအရ အဆစ်အမျက်ရောင်ရောဂါ ဖြစ်နိုင်ခြေမြင့်မားသူများ၌ ရောဂါလက္ခဏာများမပေါ်မီမှပင် ခုခံအားစနစ် အပြောင်းအလဲများ စတင်ပေါ်ထွက်လာတတ်ကြောင်း သိရသည်။

မိမိတို့၏လေ့လာတွေ့ရှိချက်အရ အဆစ်အမျက်ရောင်ရောဂါ လက္ခဏာများမပေါ်မီမှပင် ရှာဖွေဖော်ထုတ်၍ ရောဂါဖြစ်ပွားလာနိုင်မှုကို ဟန့်တား၍ရနိုင်သည့် သဘောရှိကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အဆစ်အမျက် ရောင်ရမ်းမှုရောဂါ ဖြစ်နိုင်ခြေမြင့်မားသူများ၏ ခုခံအားစနစ်ဆဲလ်များစွာ ရောဂါလက္ခဏာများ မပေါ်မီမှာပင် အပြောင်းအလဲ ရှိလာတတ်ကြောင်း သိရသည်။

အဆစ်အမျက် ရောင်ရမ်းမှုရောဂါသည် အသက် ၃၀နှင့် ၆၀ ကြားရှိသူများ၌ ဖြစ်ပွားတတ်သည့် ခုခံအားစနစ် ဖောက်ပြန်မှုရောဂါတစ်မျိုးဖြစ်သည်။

အဆစ်အမျက်ရောင်ရောဂါသည် တစ်ကမ္ဘာလုံးအတိုင်းအတာအရ လူ ၁၀၀ လျှင် တစ်ဦးနှုန်း ခံစားနေရသည့် ကျန်းမာရေးပြဿနာဖြစ်ပြီး အမျိုးသားများထက် အမျိုးသမီးများတွင် ပိုအဖြစ်များကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



## တရုတ်အာကာသအေဂျင်စီက နည်းပညာစမ်းသပ်ဂြိုဟ်တုနှစ်စင်းကို အောင်မြင်စွာလွှတ်တင်



**ပေကျင်း အောက်တိုဘာ ၁**

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် စက်တင်ဘာ ၃၀ ရက်တွင် နည်းပညာစမ်းသပ်ဂြိုဟ်တုနှစ်စင်းကို အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့ကြောင်း သိရသည်။

ရှီယန်း-၃၀ ၀၁ နှင့် ၀၂ အမည်ရှိ အထက်ပါနည်းပညာစမ်းသပ်ဂြိုဟ်တု နှစ်စင်းကို တင်ဆောင်ထားသည့် လောင်းမတ်ချ်-၂ ဒီဒုံးပျံကို တရုတ်နိုင်ငံ အနောက်တောင်ပိုင်း စီချွမ်ပြည်နယ် ရှီချန်းအာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး မကြာမီမှာပင် လောင်းမတ်ချ်-၂ ဒီ ဒုံးပျံသည် ရှီယန်းနည်းပညာစမ်းသပ်ဂြိုဟ်တု နှစ်စင်းကို သတ်မှတ်ပတ်လမ်းပေါ်သို့ အောင်မြင်စွာပို့ဆောင်နိုင်ခဲ့ကြောင်း သိရသည်။

ရှီယန်း-၃၀ ၀၁ နှင့် ၀၂ ဂြိုဟ်တုများသည် မြေကမ္ဘာလေ့လာစူးစမ်းရေးနည်းပညာများကို စမ်းသပ်မည်ဖြစ်ကြောင်း သိရသည်။

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် စက်တင်ဘာ ၅ ရက်ကလည်း ရှီယန်း-၂၈ ဂြိုဟ်တုကို စီးရက်စ်-၁ ဒုံးပျံဖြင့် လွှတ်တင်ထားပြီးဖြစ်သည်။

စက်တင်ဘာ ၃၀ ရက် ရှီယန်း မစ်ရှင်သည် လောင်းမတ်ချ် ဒုံးပျံများ၏ ၅၉၈ ကြိမ်မြောက် မစ်ရှင်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## နိုင်ငံတကာ အားကစားသတင်းများ

# စူပါမစ်ဒယ်ဝိတ်တန်းပြိုင်ဘက်ကင်းချန်ပီယံဟောင်း ကာနယ်လို တံတောင်ဆစ်ဒဏ်ရာခွဲစိတ်ကုသမှု ခံယူတော့မည်




**မက္ကဆီကိုစီးတီး အောက်တိုဘာ ၁**

စူပါမစ်ဒယ် ဝိတ်တန်း၏ ပြိုင်ဘက်ကင်း ချန်ပီယံဟောင်းဖြစ်သူ မက္ကဆီကိုလက်ဝှေ့သမား ကာနယ်လိုသည် တံတောင်ဆစ်ဒဏ်ရာကို ခွဲစိတ်ကုသမှုခံယူရန် ဆုံးဖြတ်လိုက်သည့်အတွက် ကာလရှည် အနားယူရတော့မည်ဖြစ်ကြောင်း ကာနယ်လို၏ မန်နေဂျာဖြစ်သူက ယနေ့တွင် တရားဝင် ထုတ်ပြန်ကြေညာခဲ့သည်။

ကာနယ်လိုသည် စက်တင်ဘာ ၁၃ရက်က စူပါမစ်ဒယ်ဝိတ်တန်း ပြိုင်ဘက်ကင်း ချန်ပီယံဆုအား စိန်ခေါ်သူ အမေရိကန်လက်ဝှေ့သမား ခရောဖို့ဒ်နှင့် ထိုးသတ်ခဲ့ပြီး ဒိုင်အမှတ်ဖြင့် ရှုံးနိမ့်ကာ ပြိုင်ဘက်ကင်း ချန်ပီယံဆုအား လက်လွှတ်ခဲ့ရသည်။

ယင်းပွဲစဉ်တွင် တံတောင်ဆစ် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ပြီး ဆေးကုသမှုခံယူခဲ့သော်လည်း ဆရာဝန်က ခွဲစိတ်ကုသမှုခံယူရန် အကြံပြုခဲ့ပြီးနောက် ကာနယ်လိုက ဆရာဝန်၏ အကြံပြုချက်ကို လက်ခံကာ ခွဲစိတ်ကုသမှု ခံယူတော့မည်ဖြစ်သည်။

ကာနယ်လို၏ မန်နေဂျာဖြစ်သူက "ကာနယ်လိုဟာ ဘယ်ဘက်တံတောင်ဆစ်ဒဏ်ရာရရှိထားပြီး ခွဲစိတ်ကုသမှုခံယူဖို့ လိုအပ်တဲ့အတွက် ခွဲစိတ်ကုသမှုခံယူတော့မှာဖြစ်ပါတယ်။ ဆေးကုသမှုတွေ ပြုလုပ်ခဲ့ပေမဲ့လဲ အရှင်းပျောက်ကင်းဖို့အတွက် ခွဲစိတ်ကုသမှုခံယူဖို့ ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်။ ခွဲစိတ်ကုသမှုပြုလုပ်ပြီးတာနဲ့ ရက်သတ္တလေးပတ်မှ ခြောက်ပတ်အကြာမှ အပေါ့စား လေ့ကျင့်ခန်းတွေ စတင်လုပ်ဆောင်နိုင်မှာ ဖြစ်တဲ့အတွက်ကြောင့် ကာနယ်လိုအနေနဲ့ သူ့အတွက် ယခုနှစ်ရာသီပြီးဆုံးသွားပါပြီ။ ၂၀၂၆ ခုနှစ် အစောပိုင်းမှာ ချန်ပီယံခါးပတ်တွေကို ပြန်ယူဖို့အတွက် အကောင်းဆုံးပုံစံနဲ့ ပြန်လာမယ်လို့ ပရိသတ်တွေကို အသိပေးအပ်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Boxing Insider

Trs : AZL

# ယခုနှစ်ဘောလုံးရာသီကုန်တွင် ဝုဗ်အသင်းမှ ထွက်ခွာမည်ဟု လာဆင်ပြောကြား

**လန်ဒန် အောက်တိုဘာ ၁**

ဝုဗ်အသင်း တိုက်စစ်ပိုင်းတွင် ခြေစွမ်းပြ ကစားနေသည့် တိုက်စစ်မှူးလာဆင်သည် ယခုနှစ် ဘောလုံးရာသီကုန်တွင် အသင်းမှ ထွက်ခွာတော့မည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

လာဆင်သည် ဝုဗ်အသင်း တိုက်စစ်ပိုင်းတွင် အဓိက ကစားသမားတစ်ဦး ဖြစ်သည့်အတွက် အသင်းက အသင်းခေါင်းဆောင်တာဝန်ပေးအပ်၍ ၂၀၃၀ ပြည့်နှစ်ထိ စာချုပ်သက်တမ်း ချုပ်ဆိုခဲ့သော်လည်း ကစားသမားကိုယ်တိုင်က ၎င်း၏အနာဂတ်ကို ဝုဗ်အသင်းတွင်သာ မကုန်ဆုံးလိုသဖြင့် လာမည့်နွေရာသီတွင် အသင်းမှထွက်ခွာရန် ဆုံးဖြတ်ထားသည်။

တိုက်စစ်မှူးလာဆင်ကို ပြီးခဲ့သည့်နွေရာသီကလည်း နယူးကာဆယ်အသင်းက ကမ်းလှမ်းမှု ပြုလုပ်ခဲ့ရာ ကစားသမားအနေဖြင့် အသင်းတွင် ဆက်လက်ကစားရန်ဆုံးဖြတ်၍ စာချုပ်သက်တမ်း တိုးခဲ့သော်လည်း ကစားသမားဘဝ တစ်ဆင့်မြှင့်တင်နိုင်မည့် ချန်ပီယံလိဂ်ပြိုင်ပွဲကစားရမည့် အသင်းသို့ ပြောင်းရွှေ့မည် ဖြစ်ကြောင်း သိရသည်။

အသက်၂၅ နှစ်ရှိ တိုက်စစ်မှူး လာဆင်သည် ၂၀၁၇ ခုနှစ်က ဆာ့ဘော့အသင်းနှင့် ကစားသမားဘဝစတင်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်တွင် ဂရိုနင်ဂျန်အသင်း၊ ၂၀၂၂ ခုနှစ်တွင် စပိန်ကလပ် ဆဲလ်တာဗီဂိုအသင်းတွင် ကစားခဲ့ရာ ခြေစွမ်းပြသ နိုင်ခဲ့သောကြောင့် ၂၀၂၄ ခုနှစ်တွင် ဝုဗ်အသင်းသို့ ရောက်ရှိခဲ့ပြီး ပွဲဦးထွက်ရာသီတွင် သွင်းဂိုး ၁၄ ဂိုးနှင့် ဂိုးဖန်တီးမှု ငါးကြိမ်ထိ ပြုလုပ်ခြေစွမ်းပြနိုင်ခဲ့ကြောင်း သိရသည်။

Ref : Goal.com

Trs : ML




# ချဲလ်ဆီးအသင်းနှင့်ပွဲစဉ်တွင် အယ်လစ်ဆန်နှင့် အီကီတီကီတို့ ပါဝင်နိုင်မည်မဟုတ်ဟု နည်းပြအာနီစလော့ ပြောကြား

**လန်ဒန် အောက်တိုဘာ ၁**

ဂါလာတာစာရေး အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့် ပွဲစဉ်တွင် ဂိုးသမားအယ်လစ်ဆန်နှင့် တိုက်စစ်မှူး အီကီတီကီတို့ ဒဏ်ရာ ရရှိခဲ့သောကြောင့် လာမည့်ပွဲစဉ်တွင် ပါဝင်နိုင်မည် မဟုတ်ကြောင်း လီဗာပူးနည်းပြ အာနီစလော့က ပြောကြားခဲ့သည်။

အဆိုပါပွဲစဉ်တွင် ပထမပိုင်း ပွဲကစားချိန်၌ ဂိုးသမားအယ်လစ်ဆန်သည် ဂါလာတာစာရေးအသင်း၏ ဂိုးပေါက်ကန်သွင်းမှုများကို တားဆီးနိုင်ခြင်းမရှိ၍ ပွဲချိန် ၁၆ မိနစ်တွင် အိုစီမန်၏ ပင်နယ်တီကန်သွင်းမှုမှ ဦးဆောင်ဂိုးခွင့်ပြုခဲ့ရပြီး ပထမပိုင်းတွင် တစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

ဒုတိယပိုင်းတွင် ဂိုးသမား အယ်လစ်ဆန်သည် ကြွက်သား ဒဏ်ရာကြောင့်ပြိုင်ပွဲကိုဆက်လက် ကစားနိုင်ခြင်းမရှိသဖြင့် ပွဲချိန် ၅၆ မိနစ်တွင် ဂိုးသမား မာမာဒက်ရှ်ဗီလီနှင့်လူစားလဲခဲ့ရပြီး အသင်းအနေဖြင့် ချေပဂိုးရရှိရန်ကြိုးပမ်းခဲ့သော်လည်း ပွဲကစားချိန် ၆၈ မိနစ် အရောက်တွင် အီကီတီကီ ကြွက်သားဒဏ်ရာ ထပ်မံရရှိခဲ့သဖြင့် အယ်လစ်စတာနှင့် လူစားလဲခဲ့ရပြီးနောက် ပထမပိုင်းသွင်းဂိုးဖြင့်သာ ရှုံးနိမ့်ခဲ့ကြောင်းသိရသည်။

လက်ရှိတွင် ကစားသမားနှစ်ဦး၏ဒဏ်ရာကို စစ်ဆေးမှုများပြုလုပ်နေသော်လည်း အယ်လစ်ဆန်၏ ဒဏ်ရာမှာ ချဲလ်ဆီးအသင်းနှင့် ပွဲစဉ်ကို ပါဝင်နိုင်မည်မဟုတ်သကဲ့သို့ အီကီတီကီ၏ ဒဏ်ရာမှာ ပြင်းထန်မှုမရှိသဖြင့် ဆေးအဖွဲ့၏ ထုတ်ပြန်ချက်ကို စောင့်ဆိုင်းလျက်ရှိသည်။

လီဗာပူးအသင်းသည် ရာသီအစပွဲစဉ်များတွင် ချန်ပီယံခြေစွမ်းမျိုး ပြသနိုင်ခဲ့သော်လည်း ပြီးခဲ့သည့် စနေနေ့က ပဲလေ့စ်အသင်းကို နှစ်ဂိုးတစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ယခုပွဲစဉ်တွင် ဂါလာတာစာရေးအသင်းကို ထပ်မံရှုံးနိမ့်ခဲ့ရာ လေးရက်အတွင်း ရှုံးပွဲနှစ်ပွဲ ဆက်ခဲ့ကြောင်း သိရသည်။

Ref : Fotmob

Trs : ML

# အာဆင်နယ်အသင်းက အသင်းမှ အဓိက ကစားသမားတစ်ဦးဖြစ်သည့် ဆာလီဘာကို ၂၀၃၀ ပြည့်နှစ်ထိ သက်တမ်းတိုးစာချုပ်ချုပ်ဆို

**လန်ဒန် အောက်တိုဘာ ၁**

အာဆင်နယ်အသင်းက အသင်းမှ အဓိက ကစားသမားတစ်ဦးဖြစ်သည့် ဆာလီဘာကို ၂၀၃၀ ပြည့်နှစ်ထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်ခဲ့ကြောင်း သိရသည်။

ဆာလီဘာသည် ၂၀၁၉ ခုနှစ်က စိန့်အက်တီယန်အသင်းမှ အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သော်လည်း အသင်းတွင် ကစားခွင့်မရရှိခဲ့ဘဲ မာဆေးအသင်းသို့ တစ်ရာသီအငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။




ဆာလီဘာသည်မာဆေးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ရာတွင် အကောင်းဆုံး ခြေစွမ်းပြသနိုင်ခဲ့ပြီး ပြင်သစ်လီဂူးပြိုင်ပွဲ၏ တစ်နှစ်တာအကောင်းဆုံး လူငယ်ကစားသမားဆုကိုပင် ဆွတ်ခူးနိုင်ခဲ့သည်။

ထို့နောက် အာဆင်နယ်အသင်းက ဆာလီဘာကို အသင်းထံ ပြန်လည်ခေါ်ယူခဲ့ပြီး ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံး ခြေစွမ်းပြသနိုင်ခဲ့ကာ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် အကောင်းဆုံး ခံစစ်ကစားသမားများမှ တစ်ဦး အပါအဝင်အဖြစ် ရပ်တည်နေသူဖြစ်သည်။

အာဆင်နယ် အသင်းနှင့် ဆာလီဘာတို့ စာချုပ်သက်တမ်းမှာ ယခုနှစ်ဘောလုံးရာသီအကုန်တွင် ကုန်ဆုံးမည်ဖြစ်ပြီး ရီးရဲလ်မက်ဒရစ်အသင်းက အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန် ပစ်မှတ်ထား နေသည့်အတွက် အာဆင်နယ်အသင်းက သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ကြိုးပမ်းခဲ့ရာမှ ၂၀၃၀ ပြည့်နှစ်ထိ စာချုပ်သစ်ချုပ်ဆို နိုင်ခဲ့ကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

## အားကစားသတင်းအတိုအထွာများ

- ❑ မန်ယူအသင်းပိုင်ရှင် ရက်ကလစ်က နည်းပြအာမိုရင်ကို ရာထူးမှထုတ်ပယ်ခဲ့ပါက အသင်းကို ပြန်လည်စုစည်းနိုင်မည့် အသင်းကစားသမားဟောင်း နည်းပြကာရစ်နှင့် အစားထိုးရန် ပြင်ဆင်လျက်ရှိသည်။
- ❑ ဘိုင်ယန်မြူးနစ်အသင်းက ခံစစ်ကစားသမား အူပါမီကာနိုကို ၂၀၂၆ ခုနှစ်ထိ သက်တမ်းကျန်ရှိသော်လည်း ရီးရဲလ်မက်ဒရစ်အသင်းက ခေါ်ယူရန်ကြိုးပမ်းလာသဖြင့် ဆက်လက်ထိန်းသိမ်းရန်ခက်ခဲနေကြောင်း သိရသည်။
- ❑ ဘာစီလိုနာအသင်းက တိုက်စစ်မှူး လီဝမ်ဒေါ်စကီးနေရာတွင် အေတီကိုအသင်းတွင်ခြေစွမ်းပြနေသည့် တိုက်စစ်မှူး အယ်ဗာရက်ဇ်နှင့်အလဲအထပ်ပြုလုပ်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ML

# နေရှင်နယ်လိဂ်ယူ-၂၁ ပြိုင်ပွဲ ပွဲစဉ် (၂၃)တွင် ရန်ကုန်ယူနိုက်တက်နှင့် ရတနာပုံအက်ဖ်စီအသင်းတို့ နိုင်ပွဲရရှိ



**ရန်ကုန် အောက်တိုဘာ ၁**

မြန်မာနေရှင်နယ်လိဂ် ယူ-၂၁ ပြိုင်ပွဲ ပွဲစဉ်(၂၃) ပွဲစဉ်များကို ယနေ့ ညနေပိုင်းက ရန်ကုန်မြို့တွင် ကျင်းပခဲ့ရာ ရန်ကုန်ယူနိုက်တက်နှင့် ရတနာပုံအက်ဖ်စီအသင်းတို့ နိုင်ပွဲရရှိခဲ့ကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ် ယူ-၂၁ ပြိုင်ပွဲ ပွဲစဉ် (၂၃)အဖြစ် ယနေ့ ညနေ ၃နာရီခွဲက ဗဟန်းလေ့ကျင့်ရေးကွင်းတွင် ရတနာပုံအက်ဖ်စီ အသင်းနှင့် ဒဂုံပေါ့အသင်းတို့ ကစားခဲ့ရာ ရတနာပုံအက်ဖ်စီ အသင်းက ခုနစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ရတနာပုံအက်ဖ်စီ အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၃ မိနစ်တွင် ဝင်းခန့်ပိုင်ဖြိုး၊ ၅၃မိနစ်တွင် သီဟကိုကို၊ ၆၆ မိနစ်တွင် လင်းပြည့်အောင်၊ ၈၁ မိနစ်တွင် ဖြိုးခန့်ငြိမ်း၊ ၈၆ မိနစ်တွင် ပြည့်ဖြိုးအောင်၊ ၈၈ မိနစ်နှင့် မိနစ် ၉၀ တို့တွင် ဖြိုးဝေကျော်တို့က သွင်းယူပေးနိုင်ခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲက ရန်ကုန်ယူနိုက်တက် အသင်းနှင့် ရာမညယူနိုက်တက် အသင်းတို့ ကစားခဲ့ရာ အပြန်အလှန်သွင်းဂိုးများဖြင့် ရန်ကုန်ယူနိုက်တက် အသင်းက ငါးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာ နေရှင်နယ်လိဂ်ယူ-၂၁ ပြိုင်ပွဲ ပွဲစဉ်(၂၃)အဖြစ် အောက်တိုဘာ ၂ ရက်တွင် ဧရာဝတီယူနိုက်တက်နှင့်မဟာယူနိုက်တက်အသင်း၊ Falconအသင်းနှင့် ဒဂုံစတားအသင်းတို့ ဆက်လက်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# China Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဂျန်နစ်ခ်ဆင်နာ ဆွတ်ခူး

**ပေကျင်း အောက်တိုဘာ ၁**

တရုတ်နိုင်ငံ ပေကျင်းမြို့တွင် ကျင်းပခဲ့သည့် China Open တင်းနစ်ပြိုင်ပွဲတွင် ကမ္ဘာ့အဆင့် (၂) တင်းနစ်ကစားသမား ဂျန်နစ်ခ်ဆင်နာက ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အီတလီတင်းနစ်ကစားသမား ဂျန်နစ်ခ်ဆင်နာသည် ဗိုလ်လုပွဲစဉ်တွင် အမေရိကန်တင်းနစ်ကစားသမား လန်နာတီအန်နှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး ဂျန်နစ်ခ်ဆင်နာက (၆-၂၊ ၆-၂) ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုအား ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ဂျန်နစ်ခ်ဆင်နာ အတွက် ပေကျင်းတွင် ချန်ပီယံဆုအား ဒုတိယအကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပြီး ကမ္ဘာ့အဆင့်(၁) နေရာအား ပြန်လည်ရယူနိုင်ရေး အတွက် ပစ်မှတ်ထားလာခဲ့သည်။

သို့သော်လည်း Japan Open တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သော အယ်ကာရက်ဇ်သည် အောက်တိုဘာ ၃၀ ရက်တွင် Japan Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးခဲ့သည့် အတွက်ကြောင့် ဂျန်နစ်ခ်ဆင်နာနှင့် အယ်ကာရက်ဇ်တို့အကြား ရမှတ်ကွာဟမှုရှိနေဆဲဖြစ်သည်။

ဂျန်နစ်ခ်ဆင်နာက "ပေကျင်းမြို့ဟာ ကျွန်တော့်အတွက် အထူးစပယ်ရှယ်နေရာတစ်နေရာ ဖြစ်ပါတယ်။ ပေကျင်းမြို့မှာ အမှတ်တရတွေ အများကြီးရှိပါတယ်။ ပေကျင်းမြို့မှာ ဒုတိယအကြိမ်မြောက် အောင်မြင်မှုရရှိခဲ့တာလဲ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပေကျင်းမှာ သုံးနှစ်လာပြိုင်တာ နှစ်ကြိမ်ထိ ချန်ပီယံဖြစ်ခဲ့တဲ့ မှတ်တမ်းဟာလဲ အားရကျေနပ်စရာ ကောင်းပါတယ်။ အားပေးခဲ့ကြတဲ့ ပရိသတ်တွေကိုလဲ ကျေးဇူးတင်ပါတယ်" ဟုပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL



# ဗြိတိန်၏ အအောင်မြင်ဆုံး အပြေးမယ်စာရင်းဝင် လော်ရာမူရ်၏ နည်းပြဟောင်း အန်ဒီယန်း သုံးနှစ်ပွဲပယ်ပြစ်ဒဏ် ချမှတ်ခံရ

**လန်ဒန် အောက်တိုဘာ ၁**

ဗြိတိန်၏ အအောင်မြင်ဆုံးသော အပြေးမယ် စာရင်းဝင် လော်ရာမူရ်၏နည်းပြဟောင်းဖြစ်သူ နာမည်ကြီး နည်းပြအန်ဒီယန်းအား ဥပဒေ စည်းမျဉ်းများအား ချိုးဖောက်မှုကြောင့် သုံးနှစ်တိတိ အားကစားလောကနှင့် မပတ်သက်ရန် ပွဲပယ်ပြစ်ဒဏ် ချမှတ်လိုက်ကြောင်း UK Athletics (UKA) က ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

အန်ဒီယန်းသည် စွဲချက်ပေါင်း ၃၉ ချက်ဖြင့် စွဲချက်တင်ခံထားရသူဖြစ်ပြီး အချို့သောဥပဒေချိုးဖောက်မှုများမှာ အားကစားလောကအတွက် တင်းကျပ်စွာတားမြစ်ထားသည့် ဥပဒေများဖြစ်ကြောင်း သိရသည်။

သို့သော်လည်း စွဲချက်များကို UK Athletics (UKA) က အသေးစိတ်ထုတ်ပြန်ခဲ့ခြင်း မရှိသော်လည်း ကြီးလေးသောပြစ်ဒဏ်ကျခံရမည့် ဥပဒေချိုးဖောက်မှုများဖြစ်သည့်အတွက် သုံးနှစ်အထိ ပွဲပယ်ပြစ်ဒဏ် ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဗြိတိန်ပြေးခုန်ပစ် လောက၌ အကောင်းဆုံး နည်းပြများစာရင်းတွင် ပါဝင်နေသည့် အန်ဒီယန်းသည် ကစားသမားဘဝ ဆုတံဆိပ်ပေါင်း ၁၈ ခုထိ ရရှိထားသော လော်ရာမူရ်၏ နည်းပြအဖြစ် တာဝန်ယူပေးခဲ့ဖူးသလို ၂၀၂၁ ခုနှစ် တိုကျိုအိုလံပစ်အားကစားပွဲတော်တွင် လော်ရာမူရ်အား မီတာ ၁၅၀၀အပြေးပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရရှိအောင် လေ့ကျင့်ပေးနိုင်ခဲ့သည့် နည်းပြတစ်ဦးလည်းဖြစ်သည်။

UK Athletics (UKA) သည် မူလက အန်ဒီယန်းအား ငါးနှစ်ပွဲပယ် ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်ပြီး ငါးနှစ်မှ သုံးနှစ်သို့ လျှော့ပေါ့ပေးခဲ့ခြင်းဖြစ်သည်။

UK Athletics (UKA) မှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက "ပြေးခုန်ပစ် အားကစားနည်းပြ အန်ဒီယန်းဟာ နည်းပြအဖြစ် တာဝန်ယူစဉ်ကာလအတွင်း ဥပဒေတွေကို ချိုးဖောက်ခဲ့ပြီး စုစုပေါင်း စွဲချက် ၃၉ ချက်နဲ့ အမှုရင်ဆိုင်ရတာဖြစ်ပါတယ်။ ကြီးလေးတဲ့ ပြစ်ဒဏ်ချမှတ်ရမဲ့ ဥပဒေချိုးဖောက်မှုတွေ ဖြစ်တဲ့အတွက်ကြောင့် သုံးနှစ်ပွဲပယ်ပြစ်ဒဏ် ချမှတ်လိုက်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : STV

Trs : AZL

# ကွင်းလယ်ကစားသမား နာဗက်အတွက် မန်စီးတီးအသင်း၏ စတာလင်ပေါင် ၁၀၄ သန်းဖြင့် ကမ်းလှမ်းထားမှုကို ပီအက်စ်ဂျီအသင်း ပယ်ချ

**ပဲရစ် အောက်တိုဘာ ၁**

မန်စီးတီးအသင်းက လာမည့် ဇန်နဝါရီကစားသမား အပြောင်းအရွှေ့ကာလတွင် ပီအက်စ်ဂျီအသင်းမှ ကွင်းလယ်ကစားသမား နာဗက်ကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၀၄ သန်းဖြင့် ကမ်းလှမ်းမှု လုပ်ဆောင်ထားသော်လည်း ပီအက်စ်ဂျီအသင်းက ပယ်ချခဲ့ကြောင်း သိရသည်။

နာဗက်သည် ကွင်းလယ်အဖျက်ကစားသမား တစ်ဦးဖြစ်သော်လည်း ခံစစ်ပိုင်းတွင်လည်း ကစားနိုင်သည့်အပြင် တိုက်စစ်ထိပါအကောင်းဆုံးလိုက်ပါကစားနိုင်ခဲ့သူတစ်ဦးဖြစ်သည်။



မန်စီးတီး အသင်းကလည်း အသင်းကွင်းလယ်အဖျက်ပိုင်းတွင် ရိုဒရီ၏နေရာ၌ အစားထိုးရန်အတွက် ကစားသမားရှာဖွေမှုများ လုပ်ဆောင်နေပြီး နာဗက်ကို ဦးစားပေးပစ်မှတ်အဖြစ် ခေါ်ယူရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

ရိုဒရီသည် အစောပိုင်းနှစ်များက မန်စီးတီးအသင်းနှင့်အတူ အကောင်းဆုံး ခြေစွမ်းပြသနိုင်ခဲ့ကာ ၂၀၂၄ ခုနှစ်ကလည်း ဗင်နီစီးယက်နှင့် အမ်ဘက်ပီတို့ကို ကျော်ဖြတ်ပြီး ကမ္ဘာ့အကောင်းဆုံးကစားသမားဆု ဆွတ်ခူးနိုင်ခဲ့သည်။

သို့သော် ရိုဒရီသည် ၂၀၂၄ ခုနှစ်ကပင် ဒူးအရွတ်စုတ်ပြဲဒဏ်ရာကြောင့် အနားယူခဲ့ရပြီးနောက် မကြာခဏ ဒဏ်ရာရရှိနေသည့်အတွက် မန်စီးတီးအသင်းက ၎င်း၏နေရာတွင် အစားထိုးရန်ကစားသမားရှာဖွေနေပြီး နာဗက်ကို ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် ခေါ်ယူနိုင်ရန် လက်ရှိအချိန်ကတည်းက ကြိုးပမ်းနေကြောင်း သိရသည်။

Ref : Fotmob

Trs : STA

# မြန်မာ့လက်ရွေးစင် ယူ-၁၉ ဖူဆယ်အသင်း ဖွဲ့စည်းရန် လူရွေးချယ်ပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁**

မြန်မာ့လက်ရွေးစင် ယူ-၁၉ ဖူဆယ်အသင်းသည် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ထိုင်းနိုင်ငံတွင် ကျင်းပမည့် အာဆီယံ ယူ-၁၉ ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် မြန်မာ့လက်ရွေးစင် ယူ-၁၉ ဖူဆယ်အသင်းဖွဲ့စည်းရန် အတွက် FIFA၊ MFF U-19 Futsal Youth League 2025 ပြိုင်ပွဲမှ ရွေးချယ်ထားသော ကစားသမားများနှင့် မန္တလာ ယူ-၁၉ ပြိုင်ပွဲမှ ရွေးချယ်ထားသော ကစားသမားများကို လူရွေးချယ်ပွဲအဖြစ် ယှဉ်ပြိုင်ကစားစေပြီး ပဏာမကစားသမားများအဖြစ် ရွေးချယ်သွားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် ယူ-၁၉ ဖူဆယ်အသင်းအတွက် လူရွေးချယ်ပွဲစဉ်များကို လာမည့် အောက်တိုဘာ ၁၁ ရက်၊ ၁၂ ရက်များတွင် ရန်ကုန်မြို့ရှိ MFF Futsal Stadium ၌ ကျင်းပသွားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် ယူ-၁၉ ဖူဆယ်အသင်းကို နည်းပြချုပ်အဖြစ် MFF Carabao Champion Cup 2025 ပြိုင်ပွဲတွင် Winner Generations FC အသင်းကို ချန်ပီယံဆုရရှိအောင် စွမ်းဆောင်ပေးခဲ့သော ဦးကျော်စိုးမိုးက တာဝန်ယူ ကိုင်တွယ်သွားမည်ဖြစ်ကြောင်း သိရသည်။

STA

# နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့

**ကိုယဉ်ချစ်(မန္တလေး)**

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုများကို ပြည်တွင်းထုတ်လုပ်မှုအသားတင်တန်ဖိုး GDP ဖြင့် တိုင်းတာသတ်မှတ်ကြသည်။ ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံသည် စီးပွားရေးကောင်းမွန်အောင် လုပ်ဆောင်နိုင်ခြင်းဖြစ်သည်။ စီးပွားရေးတိုးတက်အောင်မြင်သည့် နိုင်ငံများသည် ကုန်ထုတ်လုပ်မှုတိုးတက်ရေးနှင့် ထုတ်ကုန်များကို ပြည်ပသို့တင်ပို့ရောင်းချခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြသည်။

မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းအများစုသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများဖြစ်သည်။ မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်နေပြည်သူများဖြစ်ကြပြီး အများစုမှာလယ်ယာ၊သားငါး၊ သစ်တောလုပ်ငန်းများနှင့် ဆက်နွယ်သည့်လုပ်ငန်းများကို လုပ်ကိုင်ကြသည်။ အချို့ဒေသများတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို မိရိုးဖလာနည်းဖြင့် လုပ်ကိုင်နေကြဆဲဖြစ်၍ တိုးတက်မှုနည်းပါးနေသည်။ လူတိုင်းစားဝတ်နေရေးအဆင်ပြေစေရန်အတွက် စီးပွားရေးကဏ္ဍ တိုးတက်အောင်ဆောင်ရွက်ရမည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ခေတ်မီနည်းပညာများ အသုံးချ၍ တိုးတက်လာအောင်ဆောင်ရွက်ရမည်ဖြစ်သည်။

လုပ်ငန်းတိုးတက်မှုအားနည်းခြင်း၊ လုပ်ကိုင်သည့်လုပ်ငန်းများသည် ပင်ပန်းဆင်းရဲသော်လည်း ဝင်ငွေနှင့်အကျိုးအမြတ်ရရှိမှု နည်းပါးခြင်းကြောင့် အချို့ကျေးလက်နေပြည်သူများသည် လယ်ယာလုပ်ငန်းခွင်များကို စွန့်လွှတ်ကာ ပြည်ပနိုင်ငံများနှင့် ပြည်တွင်းရှိ မြို့ပြဒေသများသို့ အလုပ်အကိုင်များကို သွားရောက်လုပ်ကိုင်ကြသည်။ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် လုပ်ကိုင်ဆောင်ရွက်ကြသည့် လူ့စွမ်းအားအရင်းအမြစ်များ လျော့နည်းလာခြင်းနှင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍများတွင် ကုန်ထုတ်လုပ်မှုများ ကျဆင်းလာခြင်းများ ဖြစ်ပေါ်လာသည်။

မိမိတို့နိုင်ငံသည် ရေ၊ မြေ သယံဇာတအရင်းအမြစ်များ ရှိထားပြီးဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို နည်းပညာများမြှင့်တင်ဆောင်ရွက်ပေးနိုင်ပါက ဝင်ငွေတိုးတက်ရရှိခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိခြင်း၊ လူ့စွမ်းအားအရင်းအမြစ်ပြုန်းတီးမှုများကို ထိန်းသိမ်းနိုင်ခြင်းအကျိုးများကို ခံစားနိုင်မည်ဖြစ်သည်။ ထိုအခါ နိုင်ငံတော်၏ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

စိုက်ပျိုးရေးကဏ္ဍတွင် သီးနှံများအထွက်တိုးရေးသည် အဓိကဖြစ်သည်။ သီးနှံများအထွက်တိုးရန် မြေ၊ ယာပြုပြင်မှု စနစ်တကျဆောင်ရွက်ခြင်း၊ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးခြင်း၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများကို အချိန်ကိုက်အချိုးကျစနစ်တကျသုံးစွဲ၍ မြေဆီလွှာကောင်းမွန်အောင် ဆောင်ရွက်ခြင်း၊ စိုက်ပျိုးရေ၊ အောင်ရေ ရရှိအောင်ဆောင်ရွက်ခြင်း၊ စိုက်ပျိုးနည်းစနစ်မှန်ကန်ခြင်း၊ တစ်သီးစိုက်လယ်မြေများကို သီးထပ်စိုက်ပျိုးနိုင်အောင် ပြောင်းလဲစိုက်ပျိုးခြင်း၊ စတင်စိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်ထိ အလေအလွင့်နည်းပါးအောင် ဆောင်ရွက်ခြင်းနှင့် သမားရိုးကျစိုက်ပျိုးခြင်းမှ ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များဖြင့် စိုက်ပျိုးခြင်း၊ ဒေသနှင့်ကိုက်ညီသည့် သီးနှံများကို ဇုန်များခွဲ၍ စိုက်ပျိုးရေးနည်းလမ်းများဖြင့် လယ်ယာထုတ်ကုန်များကို တိုးတက်အောင် ဆောင်ရွက်သွားကြရန် လိုအပ်သည်။

နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ ( Agro – based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေးဆိုသည့် ဦးတည်ချက်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။

ပြည်တွင်းလိုအပ်ချက်ဖြစ်သည့် စားသုံးဆီများကို ပြည်ပမှတင်သွင်းနေရသဖြင့် နိုင်ငံခြားငွေများ သုံးစွဲရခြင်း၊ ဈေးနှုန်းကြီးမြင့်ခြင်းများ ခံစားကြရသည်။ ကျန်းမာရေးနှင့် ညီညွတ်သော စားသုံးဆီများကို ပြည်တွင်းတွင် လုံလောက်စွာ ထုတ်လုပ်သွားရမည်ဖြစ်ပြီး စားသုံးဆီအတွက် ဆီထွက်သီးနှံ မြေပဲ၊နှမ်း၊ နေကြာစိုက်ပျိုးရေးကိုလည်း ပန်းတိုင်အထွက်နှုန်းရရှိအောင် ဆောင်ရွက်သွားကြရမည်။ ပြည်တွင်းစားသုံးဆီထုတ်လုပ်မှု တိုးတက်လာပါက ပြည်တွင်းစားသုံးမှု ဖူလုံခြင်း၊ ပြည်ပမှ စားသုံးဆီ တင်သွင်းမှုကိုလျှော့ချနိုင်ပြီး နိုင်ငံခြားငွေသုံးစွဲမှုကိုလျှော့ချနိုင်ခြင်း၊ ကုန်ဈေးနှုန်းကြီးမြင့်မှုကို ကာကွယ်နိုင်ခြင်းအကျိုးများ ခံစားရမည်။

ပြည်တွင်းမှထွက်ရှိသည့် ဝါဂွမ်းကုန်ကြမ်းများဖြင့် ထုတ်လုပ်သည့် ချည်ထည်များသည် ပြည်တွင်းသုံးစွဲမှုအတွက် လုံလောက်သော်လည်း ပြည်ပမှ ချည်ထည်များကို သုံးစွဲနေကြသည်။ ပြည်ပမှတင်သွင်းမှုလျှော့ချနိုင်ရန် အရည်အသွေးပြည့်မီသည့် ချည်ထည်များကို ပြည်တွင်း၌ ထုတ်လုပ်နိုင်ရန် လိုအပ်သည်။ နိုင်ငံတော်အနေဖြင့် ချည်ထည်များအတွက် ဝါသီးနှံအထူးဇုန်များ သတ်မှတ်၍ တစ်ဧကပိဿာ ၇၀၀ ထွက်ရှိရေး၊ အရည်အသွေးကောင်း ဝါနှင့်ဂွမ်းများရရှိရေး ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသည်။ ဝါကုန်ကြမ်းများကို အသုံးပြု၍ အဆင့်မီချည်ထည်များ ထုတ်လုပ်နိုင်ရန် ဝါကြိတ်စက်များ၊ ချည်မျှင်နှင့်အထည်စက်ရုံများကို အဆင့်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည်။

> ❖ ပြည်တွင်းမှထွက်ရှိသည့် ဝါဂွမ်းကုန်ကြမ်းများဖြင့် ထုတ်လုပ်သည့်ချည်ထည်များသည် ပြည်တွင်းသုံးစွဲမှုအတွက် လုံလောက်သော်လည်း ပြည်ပမှချည်ထည်များကို သုံးစွဲနေကြသည်။ ပြည်ပမှတင်သွင်းမှုလျှော့ချနိုင်ရန် အရည်အသွေးပြည့်မီသည့် ချည်ထည်များကို ပြည်တွင်း၌ ထုတ်လုပ်နိုင်ရန် လိုအပ်သည်။ နိုင်ငံတော်အနေဖြင့် ချည်ထည်များအတွက် ဝါသီးနှံအထူးဇုန်များ သတ်မှတ်၍ တစ်ဧကပိဿာ ၇၀၀ ထွက်ရှိရေး၊ အရည်အသွေးကောင်း ဝါနှင့်ဂွမ်းများရရှိရေး ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသည်။❖

စိုက်ပျိုးရေးထွက်ကုန်များဖြစ်သည့် ဆန်၊ ဂျုံ၊ ပြောင်း၊ ဆီထွက်သီးနှံ၊ ကြံ၊ ဝါ၊ ပဲမျိုးစုံ၊ ကော်ဖီ၊ ဂုန်လျှော်၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်စသည်တို့ကို ခေတ်မီဆန်းသစ်သည့် ထုတ်ပိုးမှုပုံစံများဖြင့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်သွားရန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ဤသို့ပြောင်းလဲထုတ်လုပ်နိုင်ပါက အဆင့်မြှင့်ထုတ်ကုန်များမှ ဝင်ငွေများတိုးတက်ရရှိလာမည်ဖြစ်သည်။

အလားတူ မွေးမြူရေးလုပ်ငန်းများကို စိုက်ပျိုးရေးလုပ်ငန်းများနှင့် တွဲဖက်လုပ်ကိုင်ခြင်း၊ သီးခြားမွေးမြူခြင်းအစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်း၊ မျိုးကောင်းမျိုးသန့်များ ရွေးချယ်မွေးမြူခြင်း၊ တိရစ္ဆာန်အစားအစာနှင့် ဆေးဝါးများစနစ်တကျအသုံးပြုခြင်း၊ ခေတ်မီမွေးမြူရေးနည်းစနစ်များကို ပြောင်းလဲဆောင်ရွက်ခြင်းများ လုပ်ဆောင်ရမည်။ မွေးမြူရေးလုပ်ငန်းများကို ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များရွေးချယ် မွေးမြူခြင်း၊ အစာနှင့်ရေ စနစ်တကျတိုက်ကျွေးခြင်း၊ တိရစ္ဆာန်များ ရောဂါကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ကြရမည်။ ရရှိလာသည့် မွေးမြူရေးထွက်ကုန်များကို စက်မှုနည်းပညာများဖြင့်ပေါင်းစပ်၍ အဆင့်မြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်နိုင်ပါက ပြည်တွင်းဈေးကွက်အပြင် ပြည်ပသို့တင်ပို့၍ နိုင်ငံခြားဝင်ငွေများကိုပါ ရှာဖွေနိုင်မည်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် ရာသီဥတုဒဏ်ခံနိုင်ရည်ရှိသည့် နွားမျိုးကောင်းမျိုးသန့်များကို ဖြန့်ဖြူးပေးခြင်း၊ သဘာဝဘေးအန္တရာယ်သင့်ဒေသများတွင် တိရစ္ဆာန်အစာနှင့် ဆေးဝါးများပံ့ပိုးပေးခြင်း၊ တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ ထိုးနှံပေးခြင်း၊ ရောဂါဖြစ်ပွားမှုများကို ထိန်းချုပ်ခြင်း၊ ကုသခြင်းနှင့် ရောဂါစူးစမ်းလေ့လာခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ အရင်းမပျောက်မတည်လည်ပတ်ရန်ပုံငွေများ ထုတ်ပေးလျက်ရှိသည်။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထုတ်ကုန်များ တိုးတက်လာပါက ပြည်တွင်းစားသုံးမှုလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ခြင်း၊ ပြည်တွင်း၌ သုံးစွဲမှုပိုမိုများပြားလာခြင်း၊ သွင်းကုန်များ အစားထိုးလာနိုင်ခြင်း၊ ကုန်ဈေးနှုန်းတည်ငြိမ်မှုကို အထောက်အကူပြုနိုင်ခြင်း၊ နိုင်ငံခြားသုံးငွေလျှော့ချနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ခံစားရမည်ဖြစ်သည်။ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို အရည်အသွေးကောင်းမွန်ရေးနှင့် ထုတ်လုပ်မှုပမာဏ များပြားအောင် ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ထို့ပြင် မြန်မာနိုင်ငံ၏ တောတောင်များတွင် ပေါများစွာပေါက်ရောက်နေသည့် ဝါးများကို အဆင့်မြှင့်ထုတ်ကုန်များအဖြစ် တီထွင်ထုတ်လုပ်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာ ပန်းချီ၊ ပန်းပု စသည့် လက်မှုထုတ်ကုန်များကို လက်ရာပိုမိုကောင်းမွန်အောင် ထုတ်လုပ်ခြင်းနှင့်များများထုတ်လုပ်နိုင်ရေးအတွက် စက်မှုနည်းပညာများဖြင့် ပြောင်းလဲထုတ်လုပ်ခြင်းများ ဆောင်ရွက်သင့်သည်။ ထိုထုတ်ကုန်များ ပြည်ပဈေးကွက်သို့ ထိုးဖောက်နိုင်ပါက နိုင်ငံခြားဝင်ငွေရရှိခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများပေါ်များခြင်း၊ မြန်မာ့ယဉ်ကျေးမှုအနုပညာထုတ်ကုန်များ ကမ္ဘာပေါ်တွင် ထင်ရှားပေါ်လွင်လာခြင်းအကျိုးများ ခံစားနိုင်မည်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ပြည်တွင်းထုတ်ကုန်အားပေးရေး၊ သွင်းကုန်အစားထိုးရေးနှင့် ပြည်ပပို့ကုန်ရရှိရေး ရည်ရွယ်ချက်များဖြင့် ၂၀၂၂ ခုနှစ်မှစ၍ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများဆောင်ရွက်ရန် စီမံဆောင်ရွက်ပေးခဲ့သည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန် ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် စိုက်ပျိုးရေးနှင့်မွေးမြူရေးကော်မရှင်ကို ဖွဲ့စည်းကာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိသည်။

တိုင်းဒေသကြီး ပြည်နယ်အသီးသီးရှိ MSME လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ခြင်းဖြင့် ကုန်ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် ဒေသတစ်ခု၏ လိုအပ်ချက်ကို အခြားဒေသမှ ဖြည့်ဆည်းလာနိုင်မည်ဖြစ်သည်။

MSME ထုတ်ကုန်ပစ္စည်းများကို ဈေးနှုန်းတူပါက ပစ္စည်းကောင်းရန် ပစ္စည်းချင်းတူပါက အရည်အသွေးပိုမိုကောင်းမွန်ရန်၊ ထုတ်လုပ်သည့် လုပ်ငန်းရှင်များအနေဖြင့် လိုအပ်ချက်များကို သိမြင်ဆောင်ရွက်လာစေရန်၊ ဒေသတစ်ခုထုတ်ကုန်တစ်ခု အစီအမံများ အောင်မြင်ရေးအတွက် အားပေးမြှင့်တင်ရန် MSME လုပ်ငန်းများ၏ ထုတ်ကုန်နှင့်ဝန်ဆောင်မှုများကို စဉ်ဆက်မပြတ်မြှင့်တင်နိုင်စေရန်၊ တန်ဖိုးမြှင့်ထုတ်ကုန်အသစ်များကို ပြည်ပသွင်းကုန် အစားထိုးအဖြစ် ပြည်တွင်းမှ ပိုမိုသုံးစွဲနိုင်ရန်၊ ပြည်ပသို့ဈေးကွက်ချဲ့ထွင်နိုင်ရန်၊ MSME လုပ်ငန်းများနှင့် ပြည်တွင်းပြည်ပမှရင်းနှီးမြှုပ်နှံသူများ ပိုမိုချိတ်ဆက်ပူးပေါင်းဆောင်ရွက်လာစေရန် စသည့်ရည်ရွယ်ချက်များ ထားရှိဆောင်ရွက်လျက်ရှိသည်။

ကမ္ဘာ့တစ်ဝန်းတွင် စီးပွားရေးလုပ်ငန်းများ၏ ၉၀ ရာခိုင်နှုန်းမှာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများ ဖြစ်ကြပြီး၊ လုပ်ငန်းအောင်မြင်မှုများနှင့် အလုပ်အကိုင်များကို MSME လုပ်ငန်းများက ဖန်တီးပေးထားသည်။ ထို့ပြင် နိုင်ငံ့စီးပွားရေးအတွက် အဓိကမောင်းနှင်အားဖြစ်သည့် လုပ်ငန်းအောင်မြင်မှုများမှ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး GDP မြှင့်တင်နိုင်မှုနှင့်အလုပ်အကိုင်များ ဖန်တီးပေးနိုင်ခဲ့ကြောင်း သိရသည်။ မိမိတို့နိုင်ငံ၏ ပြည်တွင်းထုတ်လုပ်မှုအသားတင်တန်ဖိုး GDP သည် အာဆီယံနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့်နှိုင်းယှဉ်ပါက နည်းပါးလျက်ရှိ၍ GDP တိုးတက်စေရန် MSME စီးပွားရေးလုပ်ငန်းရှင်များကလည်း ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်သည်။

မိမိတို့နိုင်ငံတွင် နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့ ဆောင်ပုဒ်နှင့်အညီ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းထုတ်ကုန်များ၊ စက်မှုအခြေခံထုတ်ကုန်များ၊ အခြားထုတ်ကုန်များကို ပိုမိုတိုးတက်အောင် ကုန်ထုတ်လုပ်မှုများကို အားပေးဆောင်ရွက်သွားရမည်။ ကုန်ထုတ်လုပ်မှုများ တိုးတက်အောင်မြင်ပါက နိုင်ငံတော်၏ စီးပွားရေးတိုးတက်လာမည်ဖြစ်ပြီး အကျိုးဆက်မှာ နိုင်ငံသားအားလုံး၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးဖွံ့ဖြိုးတိုးတက်လာခြင်း၊ ဆင်းရဲမှုများလျှော့ချနိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်များလာခြင်း၊ လူ့စွမ်းအားအရင်းအမြစ်များ ပြုန်းတီးမှုကာကွယ်နိုင်ခြင်း စသည့် အကျိုးများကို ခံစားကြရမည်ဖြစ်သည်။ တစ်နည်းအားဖြင့် နိုင်ငံတော်၏ ရွှေပင်ရွှေခက်များမှ ရွှေသီးသည့်အတိုင်း အကျိုးရလဒ်များ ခံစားရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

**– နေ့စဉ်ထုတ်သတင်းစာများ**

# MRTV-4 မှ ထုတ်လွှင့်ပြသနေသည့် သံသယကင်းတဲ့အချစ် ရုပ်သံဇာတ်လမ်းတွဲမှ သရုပ်ဆောင်များနှင့် ပရိသတ်များတွေ့ဆုံသည့် Fan Meeting အခမ်းအနားကျင်းပ



ရန်ကုန် အောက်တိုဘာ ၁

MRTV-4 ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသပေးနေသည့် သံသယကင်းတဲ့အချစ် ရုပ်သံဇာတ်လမ်းတွဲမှ သရုပ်ဆောင်များနှင့် ပရိသတ်များတွေ့ဆုံသည့် Fan Meeting အခမ်းအနားကို စက်တင်ဘာ ၃၀ ရက်က ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်ရှိ Junction City Promotion Area တွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ "သံသယကင်းတဲ့အချစ်" ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို ဟေမာစန်းက ရေးဖွဲ့ထားပြီး ဟေမာစန်း၊ အေးချမ်းမွန်နှင့် အေးမြတ်ချိုတို့က ဇာတ်ညွှန်း ရေးသားထားကာ ဒါရိုက်တာ ကျော်မင်းသိမ်းက တာဝန်ယူပုံဖော် ရိုက်ကူးပေးထားကြောင်းလည်း သိရသည်။

"သံသယကင်းတဲ့ အချစ် ဇာတ်ကားကို လက်ရှိထုတ်လွှင့်နေချိန်မှာ ပရိသတ်တွေ သဘောကျကြတယ်ဆိုတော့ ဝမ်းသာပါတယ်။ ငုဝါကိုချစ်ပြီး အားပေးကြတဲ့ ပရိသတ်တွေ တစ်ယောက်ချင်းစီကိုလဲ တန်ဖိုးထားပါတယ်။ ရုံးဖွင့်ရက်ဖြစ်နေလို့ လာအားပေးဖို့ မအားကြလို့ Online က အားပေးကြတဲ့ ပရိသတ်တွေကိုလဲ ကျေးဇူးတင်ပါတယ်" ဟု သရုပ်ဆောင် ခိုင်သဇင်ငုဝါက ပြောပြသည်။

သံသယကင်းတဲ့အချစ် ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် အောင်ပိုင်၊ မိုးသူရ၊ ညီနန္ဒ၊ မင်းသူ၊ Lucas၊ ငြိမ်းချမ်းကောင်းမြတ်၊ သက်ဦးကို၊ ကျော်မိုးပိုင်၊ ထူးပြည့်အောင်၊ ခိုင်သဇင်ငုဝါ၊ ဆုလာဘ်၊ နေနီနွေးထွေး၊ ဖွန့်လေးဖြူနှင့် အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင် ထားကြောင်း သိရသည်။ ASH

# MRTV-4 ရုပ်သံလိုင်းနှင့် Pyone Play Application တို့မှ ဗလာစာအုပ် ရုပ်သံဇာတ်လမ်းတွဲကို အောက်တိုဘာ ၃ ရက်မှ စတင်ထုတ်လွှင့်သွားမည်

ရန်ကုန် အောက်တိုဘာ ၁

MRTV-4 ရုပ်သံလိုင်းနှင့် Pyone Play Application တို့မှ ဗလာစာအုပ် ရုပ်သံဇာတ်လမ်းတွဲကို အောက်တိုဘာ ၃ ရက်မှ စတင်ထုတ်လွှင့်သွားမည် ဖြစ်ကြောင်း ဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသူ ဝမ်ဝမ်းထံမှ သိရသည်။

အဆိုပါ ဗလာစာအုပ် ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို စဝ်ခွန်စစ်၊ သီဟအောင်၊ ဝေနှင်းသီနှင့် မေဝါလွင်တို့က ရေးသားပြီး ဇာတ်ညွှန်းကို ကျော်ကျော်ထွန်းနှင့် အေးမို့မို့အောင်တို့က ရေးသားထားပြီး ဒါရိုက်တာ အောင်မြင့်မြတ်က တာဝန်ယူရိုက်ကူးထားခြင်း ဖြစ်ကြောင်း သိရသည်။

"ဒီကားက သဘာဝလွန်ဖြစ်ရပ်ဆန်းတွေလဲပါတယ်။ ခြေကလိမ်မ သရဲဇာတ်ကောင်တွေ၊ မဖဲဝါပုံစံ ထိတ်လန့်ချောက်ချားစရာ ဇာတ်ကားလေးပေါ့နော်။ အရင် တက္ကသိုလ်ကျောင်းမှာ သူငယ်ချင်းတွေစုပြီး ကစားတာတွေရှိသလို ဆရာ၊ ဆရာမတွေ ခိုင်းတဲ့အရာတွေ စုလုပ်ခဲ့ကြတာ တွေရှိကြတယ်။ နောက်ကျောင်းမှာ ခြေကလိမ်မသရဲနဲ့ ကြုံတွေ့ရတာလေးတွေပါပါတယ်။ လူငယ်ပရိသတ်တွေ ကြိုက်နှစ်သက်မဲ့ ဇာတ်လမ်းလေးပါ"ဟု သရုပ်ဆောင် ဝမ်ဝမ်းက ပြောပြသည်။




ဗလာစာအုပ်ရုပ်သံ ဇာတ်လမ်းတွဲတွင် သရုပ်ဆောင် အောင်ဇေယျမင်းထင်၊ ဝမ်ဝမ်း၊ စွမ်းထက်ညီညီ၊ မာန်နေ၊ အေးမင်းဟိန်း၊ ဖုန်းသီရိကျော်သဉ္ဇာ၊ နန်းအိခြွေတို့ ပါဝင်သရုပ်ဆောင်ထားပြီး အောက်တိုဘာ ၃ ရက်မှ စတင်ကာ တနင်္လာမှ သောကြာနေ့ထိ ည ၇ နာရီတွင် တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ ASH

# ၁၀၅ နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့နှင့် ၄၈ ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲအတွက် သရုပ်ဆောင် ကျော်ထက်ဇော်က အလှူငွေကျပ်သိန်း ၂၀ လှူဒါန်း

ရန်ကုန် အောက်တိုဘာ ၁

အောက်တိုဘာ ၁၃ ရက်တွင် ကျင်းပမည့် ၁၀၅ နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့ အခမ်းအနားနှင့် ၄၈ ကြိမ်မြောက် ရုပ်ရှင်သက်ကြီး ပူဇော်ပွဲအတွက် စက်တင်ဘာ ၃၀ ရက်က သရုပ်ဆောင် ကျော်ထက်ဇော်က အလှူငွေကျပ်သိန်း ၂၀ ကိုလာရောက်လှူဒါန်းခဲ့ကြောင်း မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေး ထံမှ သိရသည်။

၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၃ ရက်တွင် ကျင်းပမည့် ၁၀၅ နှစ်မြောက်မြန်မာ့ရုပ်ရှင်နေ့အခမ်းအနားနှင့် ၄၈ ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲကို ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဗိုလ်ချုပ်ရပ်ကွက် ဝဏ္ဏဘာလမ်းရှိ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး (ဗဟို)တွင် ကျင်းပသွားမည်ဖြစ်သည့်အတွက် ရုပ်ရှင်လောကသားများ၊ စေတနာရှင်အလှူရှင်များက အလှူငွေများ လာရောက်လှူဒါန်းနေကြောင်းလည်း သိရသည်။

"ရုပ်ရှင်သက်ကြီး ပူဇော်ကန်တော့ပွဲကတော့ နှစ်စဉ်အစဉ်လာမပျက် မြန်မာ့ရုပ်ရှင်နေ့မှာပဲ ကျင်းပပါတယ်။ အောက်တိုဘာ ၁၃ ရက်မှာ အစဉ်အလာအတိုင်း ကျင်းပမှာမို့ အနုပညာရှင်၊ အတတ်ပညာရှင်တွေကို ပါဝင်လှူဒါန်းနေကြတာတွေ ရှိပါတယ်။ စက်တင်ဘာ ၃၀ ရက်က အလှူငွေကျပ်သိန်း ၂၀ လာရောက်လှူဒါန်းထားပါတယ်" ဟု ဦးအေးကြူလေးက ပြောပြသည်။

ပြီးခဲ့သည့် ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁၃ ရက်တွင် ကျင်းပခဲ့သည့် ၁၀၄ နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့နှင့် ၄၇ ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲတွင် သက်ကြီးရုပ်ရှင်အနုပညာရှင် ဦးရေ ၁၄၀ ကို ငွေသားအပါအဝင် စားသောက်ကုန်ပစ္စည်းများဖြင့် ကန်တော့နိုင်ခဲ့ကြောင်း သိရသည်။

ASH

# ဝါနာဘရားသား၏ Cut Off ဇာတ်ကား၌ မင်းသမီး ဘက်တီမစ်ဒလာ ပါဝင်သရုပ်ဆောင်မည်

နယူးယောက် အောက်တိုဘာ ၁

ဝါနာဘရားသားကုမ္ပဏီ၏ Cut Off ဟာသဇာတ်ကား၌ မင်းသမီး ဘက်တီမစ်ဒလာ ပါဝင်သရုပ်ဆောင်မည် ဖြစ်ကြောင်း စက်တင်ဘာ ၃၀ ရက် သတင်းများအရ သိရသည်။

Cut Off ဇာတ်ကားတွင် ဘက်တီမစ်ဒလာသည် မင်းသား ဂျိုနာဟေး၊ မင်းသမီး ခရစ္စတန်ဝစ်ဂ်ကို့နှင့်အတူ သရုပ်ဆောင်မည် ဖြစ်ကြောင်း သိရသည်။

Cut Off ဇာတ်ကားကို မင်းသား ဂျိုနာဟေးကပင် ဒါရိုက်တာအဖြစ် တာဝန်ယူရိုက်ကူးပေးမည် ဖြစ်ကြောင်း သိရသည်။

၎င်းဇာတ်ကား၏ ဝတ္ထုဇာတ်ညွှန်းကိုမူ မင်းသား ဂျိုနာဟေးနှင့် ဇာတ်ညွှန်းရေးဆရာ အက်ဇရာ ဝုဒ်တို့က ပူးတွဲရေးသားပေးထားကြောင်း သိရသည်။

Cut Off ဇာတ်ကားကို လာမည့် ဆောင်းရာသီအတွင်း စတင်ရိုက်ကူးရန် ဝါနာဘရားသားကုမ္ပဏီက စီစဉ်ထားသည်။

Cut Off ဇာတ်ကားကို ၂၀၂၆ ခုနှစ် ဇူလိုင် ၁၇ ရက်တွင် ရုံတင်ပြသရန် ဝါနာဘရားသားကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



# Hotel Hotel Hotel Hotel ဇာတ်ကားကို ဒါရိုက်တာ မိုက်ကယ်ရှန့် တာဝန်ယူရိုက်ကူးမည်

နယူးယောက် အောက်တိုဘာ ၁

A24 ရုပ်ရှင်ကုမ္ပဏီ၏ Hotel Hotel Hotel Hotel အမည်ရှိ သိပ္ပံလျှို့ဝှက်သည်းဖို ဇာတ်ကားကို စာရေးဆရာ ဒါရိုက်တာ မိုက်ကယ်ရှန့်က တာဝန်ယူရိုက်ကူး မည်ဖြစ်ကြောင်း သိရသည်။

Hotel Hotel Hotel Hotel ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို မိုက်ကယ်ရှန့် ကိုယ်တိုင် ရေးသားပေးထားသည်။

အဆိုပါ ဇာတ်ကားသည် ထူးခြားဆန်းကြယ်သည့် ဟိုတယ်ခန်း တစ်ခန်းထဲ၌ ပိတ်မိနေသည့် အမျိုးသားတစ်ဦး၏ အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည် ဖြစ်ကြောင်း သိရသည်။

Hotel Hotel Hotel Hotel ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မည့် အနုပညာရှင်များကို A24 ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

စာရေးဆရာ ဒါရိုက်တာ မိုက်ကယ်ရှန့်သည် အဆိုပါဇာတ်ကား၌ ထုတ်လုပ်သူတစ်ဦးအဖြစ်လည်း တာဝန်ယူထားကြောင်း သိရသည်။

လက်ရှိတွင် Hotel Hotel Hotel Hotel ဇာတ်ကားရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို မသိရသေးကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



# Acting President and SSPC Chairman of the Republic of the Union of Myanmar Senior General Min Aung Hlaing delivers an address at the ceremony to mark the 61st Anniversary of Myanmar Police Force Day



Senior General Min Aung Hlaing delivers an address at the ceremony to mark the 61st Anniversary of Myanmar Police Force Day.

**Nay Pyi Taw October 1**

Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing delivered an address at the ceremony to mark the 61st Anniversary of Myanmar Police Force Day at Hotel Mingalathiri in Nay Pyi Taw this morning.

Also, present at the ceremony were Prime Minister U Nyo Saw, Commission Secretary and Joint Executive Chief General Ye Win Oo, Commission members, Union ministers and Union-level dignitaries, the Nay Pyi Taw Council Chairman, senior Tatmadaw officers from the Office of the Commander-in-Chief, the commander of Nay Pyi Taw Command, deputy ministers, diplomats, gu8ests from international organizations, the Chief of Myanmar Police Force and police members, retired senior police officers, artistes and guests.

The Acting President and SSPC Chairman of the Republic of the Union of Myanmar and attendees saluted the flag of the Republic of the Union of Myanmar and observed a one-minute silence to pay tribute to the police members who had fallen in serving the duties of peace and tranquility and rule of rule.

Speaking on the occasion, the Senior General said that the Myanmar Police Force was named as the "People's Police Force" on 1 October 1964 and the date was set as Police Force Day. On 1 October 1995, the name was changed from the "People's Police Force" to the "Myanmar Police Force". The Myanmar Police Force has adopted the motto "Loyalty, Discipline, Courage" and has since been striving to become a force that can better serve the interests of the people. At present, it has reached its 61st Anniversary of Myanmar Police Force Day.

The Myanmar Police Force is currently prioritizing Our Three Main National Causes while striving to successfully implement the four objectives of the National Defence and Security Council. At the same time, it is placing emphasis on working more closely with the Tatmadaw and the people in efforts to eradicate terrorism.

In addition, the Myanmar Police Force will also have to successfully carry out its four objectives—maintaining internal security and community peace and tranquility, upholding the rule of law, preventing and combating the dangers of narcotic drugs, and engaging in public welfare activities—as well as its six duties: preventing crimes before they occur, investigating and prosecuting crimes that have already taken place, ensuring discipline and stability within the State, safeguarding the security of the people, suppressing and eliminating the dangers of narcotic and psychotropic substances, and carrying out public welfare activities.

The Myanmar Police Force is an organization that directly engages with the public across the country, carrying out tasks to ensure the stability and tranquility of people's lives as well as upholding the rule of law. Because of this direct interaction with the people, police members must not only possess professional competence and skills in their duties, but also demonstrate good understanding and conduct in public relations and public service.

In countries practising a multiparty democratic system, elections are regarded as one of the most important democratic processes. On 28 December this year, the multiparty democratic general elections will begin to be held. The Tatmadaw has reintroduced and strengthened the multiparty democratic system long aspired to by the people, and it will now be handed over to the hands of the public. Therefore, emphasis must be placed on ensuring public security for the successful holding of free and fair elections, and all citizens are urged to join hands and make collective efforts toward this goal.

*See Page 13*



Senior General Min Aung Hlaing presents a medal to an MPF member.



Senior General Min Aung Hlaing presents a medal to an MPF member.



Senior General Min Aung Hlaing visits an exhibition booth in commemoration of the 61st Anniversary of the MPF.

# 61st Anniversary Myanmar Police Force Day commemorative dinner held



Senior General Min Aung Hlaing enjoys performances at the 61st Anniversary Myanmar Police Force Day commemorative dinner.

**Nay Pyi Taw October 1**

A dinner was hosted in honour of the 61st Anniversary of the Myanmar Police Force Day at Mingala Thiri Hotel here this evening, attended by Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing.

Also present at the dinner together with the Senior General were his wife Daw Kyu Kyu Hla, SSPC member Prime Minister U Nyo Saw and wife, SSPC Secretary Joint Executive Chief General Ye Win Oo and wife, SSPC members and wives, union ministers, union level dignitaries and wives, the Nay Pyi Taw Council chair, senior military officers from the Office of the Commander-in-Chief and wives, deputy ministers, heads of department, the director general of MPF and members, retired senior police officers, artists and officials.

First, the Senior General and wife and attendees were welcomed by officials.

Afterward, the Senior General and wife and attendees enjoyed the dinner together.

Members of police musical band and entertainment division of MPF, artists of Fine Arts Department of the Ministry of Religious Affairs and Culture, and artists of Myawady musical band under the command of Directorate of Public Relations and Psychological Warfare entertained the guests with songs before and during the dinner.

After the dinner, the Senior General and wife presented a flower basket and honorary cash award to members of police musical band and entertainment division of MPF and artists. 100

*From Page 12*

Transnational crimes have become a challenge to the political, economic, social development and national security of countries. Since such crimes cannot be tackled by a single country alone, coordinated cooperation and joint responses among nations are required. At the regional level, regional police organizations have been formed to combat transnational crimes, and collaboration is also being carried out with the International Criminal Police Organization (INTERPOL).

Between 1 January and 31 August 2025, a total of 5,115 drug-related offenders were arrested in Myanmar together with narcotic drugs and related items worth over K977 billion. It was stated that the Myanmar Police Force deserves praise and recognition for exposing and seizing such narcotic drugs, which have been causing misery worldwide. Previously, Myanmar had placed 39 chemical substances under control; now, an additional four have been added, bringing the total to 43 prohibited chemicals officially announced. Myanmar is also cooperating with international organizations in narcotics control measures.

On 26 June 2025, at the ceremony marking the 38th International Day against Drug Abuse and Illicit Trafficking, a total of 66 kinds of narcotic drugs and chemicals worth over K1,072 billion and US$297 million, together with related items, were incinerated.

It was emphasized that narcotic drugs pose a grave danger that could undermine all of humanity, and therefore efforts must be made to identify and eliminate sources of drug production. Moreover, narcotic drugs must be regarded as a threat to national security, and nationwide efforts should be made to educate, resist, and suppress them through collective participation of the entire public.

Myanmar has been implementing anti-human trafficking measures as a national responsibility since 1997. At present, the Fourth Five-Year Plan (2022–2026) is being carried out with three strategic plans, four tactics, and four action plans.

Under the Anti-Money Laundering Law and rules, between October, 2024 and October, 2025, a total of 72 cases were investigated, three criminals were sentenced to prison terms and MMK 4.605 billion was seized as state funds. In 162 cases under the Electronic Communication Law, 162 cases were investigated and action was taken against a total of 2,491 people including 1,882 male criminals and 609 female criminals.

The sacrifice of the members of the police is always appreciated by the State and honorary titles and medals for bravery and performance are examined and offered. We are proud of the perseverance, spirit and efforts of the members of the police, who performed their duties responsibly and sacrificed their lives and limbs, their family members are appreciated.

Five Yethuya titles, 20 Yebala titles, one certificate of police heroic performance, ten Yethurian titles, two Yekyawswa titles were conferred on a total of 4,578 police members between 2 October, 2024 and 31 August, 2025.

We would like to praise the urgent response of police members who cooperated with the Tatmadaw, local residents and local partner organizations in the aftermath of the destructive Mandalay earthquake on 28 March, 2025.

Members of the MPF at different levels urged to follow the vision of the MPF "To be patriotic, to be capable and to be modern" and to build multi-faceted development. In doing so the government has been providing arms and equipment to catch up with the times and individual members of the MPF are required to consistently exert efforts to meet the high capabilities and standards, the essence of a good organization and as a public service organization, the MPF is urged to follow the principles of public relations, public mobilization and public interaction and to achieve the success of the four objectives and six tasks of the MPF by upholding the Our Three Main National Causes.

Then, the documentary video clip of the 61st Anniversary of the MPF was played.

Afterward, the Senior General presented medals for capability heroic awards to four members of the police and Member of the commission Prime Minister U Nyo Saw presented capability heroic awards to three members of the MPF. Member of the Commission Union Minister for Home Affairs Lt-Gen Tun Tun Naung presented capability awards to one member of the MPF and performance awards to two MPF members.

Then, the Senior General posed for documentary photographs with the attendees and cordially greeted them.

Afterward, the Senior General observed the exhibition booths in commemoration of the 61st Anniversary of the MPF that displayed documentary photographs, and tools, devices , weapons, uniforms, communication devices used by the MPF and narcotic drugs seized by the MPF attentively. 100

## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Tatmadaw columns regain control of Kyaukme, which was under brief control of terrorist insurgents

## Area security operations continued for the normal flow of passengers and cars on Kyaukme-Nawnghkio-PyinOoLwin road section



Documentary photo of Tatmadaw columns seizing control of the entrance area to Kyaukme Town.



Documentary photo of Tatmadaw columns seizing control of the Kyaukme Township General Administration Department office.

**Nay Pyi Taw October 1**

Taking the situation that followed the regional battles of Shan State (North) that began on 27 October 2023 and political process, the TNLA terrorist insurgents took the assistance from some EAOs, using PDF terrorist insurgents as a shield, and briefly controlled some towns/villages including Kyaukme and Nawnghkio in Shan State (North) with the intention of destroying the government administrative machinery and realizing their fantasy dream of setting up a Palaung state, through terrorism and armed struggle, instead of choosing political means.

In order to regain control of the towns and villages that were briefly under the domination of terrorist insurgents, TNLA and DPLA and PDF, the Tatmadaw launched counterterrorism operations, and liberated Nawnghkio on 16 July 2025. The Tatmadaw then conducted necessary clear-and-hold operations with the goal of reopening the Nawnghkio-Kyaukme section of the Mandalay-Lashio-Muse Union highway, the main thoroughfare for the flow of commodities in the area. In the first phase of the mission to regain control of Gottwin bridge, Naungpyit village, Kanyingon village, Zeebingyi village, Naungpaing village, the Tatmadaw surprised TNLA and its alliances by applying infiltration tactics and an unexpected route in controlling Gottwin bridge, Goteik rail bridge and View Point, which were strategically important, but located in the terrain difficult to reach, on 29 August.

The Tatmadaw columns made necessary preparations to crush TNLA and DPLA and PDF terrorist insurgents with the goal of liberating Kyaukme, a district town in Shan State (North), and reopening Nawnghkio-Kyaukme road at the earliest possible time. Beginning 9 September, the Tatmadaw divided into different columns and launched counterattacks through coordinated air-ground attacks, and step-by-step they seized Mankut village on 10 September 2025, Papok village on 12 September, Khelaung village on 13 September, Panmalookvillage on 15 September, Pitet and Pantee villages on 17 September, Kaunghmuleik village on 18 September, Manpanvillage on 19 September, Point 1212 hill, Kaiktonhone and Konkaw villages on 20 September, southern and northern parts of Taunghseleik village on 21 September, Naraikhkam village on 22 September, Myinkwin and Narchaung village on 25 September, Hkamhsa and Manlwe villages on 27 September, Pintee village, Sakhantha, Lonwei, Namhu, Paukanlay and Paukangyi villages on 29 September, Namhsaw, Komoung and Kaungaik villages and enemy posts in their surrounding areas on 30 September, and at about 4pm today, the 1st of October, they regained control of Kyaukme, which was under the brief control of terrorist insurgents that exerted unjust oppression on nationalities.

During the state-by-stage military mission, there were 112 battles, including 36 major battles and 76 engagements between the Tatmadaw columns and terrorist insurgents. The columns also capture 61 enemy dead together with 41 weapons, *See Page 15*



Documentary photo of local ethnic people enthusiastically welcoming Tatmadaw columns.




Documentary photo of the TNLA terrorist insurgent coalition burning down and destroying the fire station in Kyaukme Township.



Documentary photo of weapons/ammunition seized from the enemy.



Documentary photo of the Goktwin Bridge, which was mined and destroyed by terrorist insurgents, being repaired and rebuilt by the Tatmadaw.



Documentary photo of the Gokhteik railway bridge, which was mined and destroyed by terrorist insurgents, being repaired and reconstructed.

*From Page 14*

ammunition and accessories. Some officers and other ranks of the Tatmadaw suffered wounds in the battles.

During their retreat and escape from Kyaukme Town, the TNLA, MNDAA, and PDF-named terrorist insurgents ruthlessly and indiscriminately set fire to and destroyed the Kyaukme Town Police Station, EPC Station, District Forestry Office, District General Administration Office, Fire Service Department building, schools, and religious structures. Furthermore, during the temporary control period, they built bunkers in government buildings, hospitals, and residential homes within the town/villages and opened fire on Tatmadaw columns. They used the homes of local civilians as defensive walls, firing from behind them, and also broke into the homes and market shops of local residents, forcibly seizing valuable items, food, and household goods. As a result, local ethnic nationals of various backgrounds deeply despise and detest these terrorists. Local civilians, including children and the elderly, faced with immense hardship and poverty, were forced to flee to the homes of relatives in nearby towns/villages or to temporary displacement camps.

Similarly, during clashes with Tatmadaw columns, the terrorist insurgents, on July 13, 2025, detonated and destroyed Bridge No (9/84), a reinforced concrete bridge located between mileposts (78/2-78/3) on the Mandalay-Lashio-Muse Union Highway in Nawnghkio Township, Kyaukme District, Northern Shan State. Furthermore, on July 15, 2025, they again destructively mined and destroyed the Goktwin Bridge (New and Old) for the second time. Again, on August 24, 2025, they viciously mined and destroyed the iconic, world-renowned historic railway viaduct, the Gokteik Viaduct (Kyaukme side). They also created obstacles along the Nawnghkio-Kyaukme road route to disrupt transportation and block roads.

Therefore, Tatmadaw columns used manpower and machinery to clear and remove the obstacles along the route. To restore public use of the Goktwin Bridge and ensure smooth transport and communication, Tatmadaw battlefield engineering troops, starting from August 29, 2025, worked day and night to install a temporary Bailey bridge. Thanks to these efforts, a new large-type Bailey bridge, 150 feet long and 18 feet wide, was completed on September 12 at the site of the Goktwin Bridge, which had been recklessly mined and destroyed by the terrorists. Tatmadaw columns continue to carry out necessary area security operations to ensure that local travelers and vehicles along the Kyaukme-Nawnghkio-PyinOoLwin Union Highway can travel back and forth safely and peacefully as usual. Meanwhile, regarding the damaged section of the world-historic Gokteik railway viaduct, with the assistance of security force members, staff from the Ministry of Transport and Communications are also working day and night on repairs. It is now reported that the work is 59.1 percent complete.

The ability of Tatmadaw columns to retake Kyaukme Town, located 33 kilometers from Nawnghkio Town, within a 21-day period, is due to the fact that the entire public, including local youth, adults, and elders, who are disgusted and heartbroken by the inhumane actions, oppressive behavior, and patterns of ethnic discrimination perpetrated by the terrorist insurgents, have been providing real-time information on the movements and locations of the terrorists to Tatmadaw columns, placing great trust in them, especially after the liberation of Nawnghkio Town. In line with the conviction that the people are our parents, the Tatmadaw, treating the local people as their own parents and relatives, fought with intense combat spirit and a do-or-die resolve—using the 3 Ye and 3 Mye spirit, making their chests a fortress, fighting tooth and nail, and with the unwavering spirit of fighting until the last boat—engaging in battles with fierce determination. This led to the swift recapture of Kyaukme Town, a major district capital in Northern Shan State.

As the Tatmadaw was able to regain control of Kyaukme Town today, local ethnic civilians also joyfully and enthusiastically welcomed the Tatmadaw columns with victory wreaths and floral garlands in great numbers.

Just as the Tatmadaw columns are carrying out reconstruction tasks in Nawnghkio Town, it is learned that they will continue to strive in cooperation with local civilians to conduct Counter-Terrorism Operations to enable locally displaced ethnic nationals and their relatives to return and live, work, and eat in peace; for the government's administrative mechanisms to resume operation as quickly as possible; and for stability and peace to prevail in the area. Furthermore, the young sons and daughters who will become the future leaders will soon gain the opportunity to drink the milk of knowledge. Similarly, among the local civilians, those who have reached 18 years of age will soon fully enjoy their citizen's rights to vote in time in the forthcoming free and fair multi-party democracy general election, and it is reported from the ground that they are feeling especially happy and proud. With this, Myawady Television proudly presents this good news of the successful recapture and control of Kyaukme Town, together with the Tatmadaw members who fought on the front lines of the battle. 100

# Death toll in strong quake in Philippines rises to 69

**Manila October 1**

The death toll in the 6.9-magnitude earthquake that struck Cebu province in the central Philippines on Tuesday night climbed to 69, the Philippines' Office of Civil Defense (OCD) said Wednesday.

Assistant Secretary Bernardo Rafaelito Alejandro, deputy administrator for the OCD, told a public briefing that 30 died in Bogo City, the epicenter of the earthquake, 10 in Medellin town, 22 in San Remigio town, five in Tabogon town, and one each in the municipalities of Sogod and Tabuelan.

He said the victims died after they were crushed by the collapsed walls of houses and buildings.

The National Disaster Risk Reduction and Management Council (NDRRMC) initially reported that at least 147 people were injured.

Alejandro did not give the latest figures on injuries and the missing people.

The death toll is expected to climb as emergency workers continue search and rescue operations for survivors trapped in the debris and collapsed buildings.

"We are waiting for our assessment team to complete their rapid assessment," Alejandro said in an earlier media briefing.

Xinhua

# U.S. gov't shuts down for 1st time in 7 years amid widening partisan divisions

**Washington October 1**

The U.S. federal government entered a shutdown at the start of Wednesday as partisan divisions prevented Congress from passing a funding bill, which marks the first government shutdown in nearly seven years.

Hundreds of thousands of federal employees will be forced to take unpaid leave, with some public services potentially suspended or delayed, and the release of economic data possibly impacted as well.

The shutdown commenced hours after the U.S. Senate failed to pass a short-term spending bill that would have temporarily kept the government running. The continuing resolution proposed by Senate Republicans was blocked by Democrats, falling short of the 60 votes required for passage.

In the latest negotiations, healthcare benefits have been one of the core sticking points between the two parties. Democrats are demanding stronger healthcare-related benefits, including an extension of the enhanced subsidies for Affordable Care Act set to expire at the end of the year, as well as restoring the act's coverage eligibility for certain immigrants who are legally present, including refugees and asylum seekers.

Xinhua



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား အလေးပြုကြပြီး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရင်း ကျဆုံးခဲ့ကြသော ရဲတပ်ဖွဲ့ဝင်များအား အမှတ်ရဂုဏ်ပြုသောအားဖြင့် တစ်မိနစ်ငြိမ်သက်ကြစဉ်။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် မြန်မာနိုင်ငံဒေသအနှံ့အပြားက ပြည်သူများအကြားတွင် ပြည်သူနှင့်တိုက်ရိုက်ထိတွေ့ဆက်ဆံပြီး ပြည်သူများ၏ လူနေမှုဘဝတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်ပေးနေသည့်အဖွဲ့အစည်းဖြစ်၊ ပြည်သူနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံနေရခြင်းဖြစ်သဖြင့် ရဲတပ်ဖွဲ့ဝင်များသည် ရဲတပ်ဖွဲ့၏လုပ်ငန်းပိုင်းဆိုင်ရာအရည်အချင်း၊ အရည်အသွေးများအပြင် ပြည်သူ့ဆက်ဆံရေးနှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း နားလည်ကောင်းမွန်နေရန်လို . . .**

ရှေ့ဖုံးမှအဆက်

အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ အငြိမ်းစားရဲအရာရှိကြီးများ၊ အနုပညာရှင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို အလေးပြုကြပြီး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရင်း ကျဆုံးခဲ့ကြသော ရဲတပ်ဖွဲ့ဝင်များအား အမှတ်ရဂုဏ်ပြုသောအားဖြင့် တစ်မိနစ်ငြိမ်သက်ကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က မိန့်ခွန်းပြောကြားရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို ၁၉၆၄ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် "ပြည်သူ့ရဲတပ်ဖွဲ့" ဟုခေါ်ဝေါ်သတ်မှတ်ခဲ့ပြီး ရဲတပ်ဖွဲ့နေ့အဖြစ် စတင်သတ်မှတ်ခဲ့ကြောင်း၊ ၁၉၉၅ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ပြည်သူ့ရဲတပ်ဖွဲ့မှ **"မြန်မာနိုင်ငံရဲတပ်ဖွဲ့"**ဟု ပြင်ဆင်သတ်မှတ်ခဲ့ကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် **"သစ္စာ၊ သမာဓိ၊ သတ္တိ"**ဆိုသည့် ဆောင်ပုဒ်ကိုဦးထိပ်ပန်ဆင်ထားပြီး ပြည်သူ့အကျိုးစီးပွားကို ပိုမိုဆောင်ကြဉ်းနိုင်သည့် ရဲတပ်ဖွဲ့ဖြစ်လာစေရန် ဆောင်ရွက်လျက်ရှိလာသည်မှာ ယခုအခါ ၆၁ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ရောက်ရှိခဲ့ပြီဖြစ်ကြောင်း။

မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ယနေ့ကာလတွင် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက် လေးရပ်အောင်မြင်စေရေး အလေးထားဆောင်ရွက်လျက်ရှိပြီး တပ်မတော်၊ ပြည်သူတို့နှင့်အတူ အကြမ်းဖက်မှုချေမှုန်းရေးကိုလည်း ပိုမိုလက်တွဲပူးပေါင်းဆောင်ရွက်ရန် အလေးထားသွားကြရမည်ဖြစ်ကြောင်း။

ထို့ပြင် ပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်ရေးဆိုသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန် လေးရပ်နှင့် **ပြစ်မှုများမဖြစ်ပွားအောင် ကြိုတင်ကာကွယ်ရေး၊ ဖြစ်ပွားပြီးပြစ်မှုများ စုံစမ်းဖော်ထုတ်တရားစွဲတင်ရေး၊ နိုင်ငံတော်အတွင်း စည်းကမ်းသေဝပ်တည်ငြိမ်ရေး၊ ပြည်သူလူထုလုံခြုံရေး၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ်ကို တားဆီးနှိမ်နင်းရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ** ဆောင်ရွက်ရေးဆိုသည့် လုပ်ငန်းတာဝန် ခြောက်ရပ်ကိုလည်း အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် မြန်မာနိုင်ငံဒေသအနှံ့အပြားက ပြည်သူများအကြားတွင် ပြည်သူနှင့်တိုက်ရိုက်ထိတွေ့ဆက်ဆံပြီး ပြည်သူများ၏ လူနေမှုဘဝတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်ပေးနေသည့် အဖွဲ့အစည်းဖြစ်ကြောင်း၊ ပြည်သူနှင့်တိုက်ရိုက်ထိတွေ့ဆက်ဆံနေရခြင်းဖြစ်သဖြင့် ရဲတပ်ဖွဲ့ဝင်များသည် ရဲတပ်ဖွဲ့၏ လုပ်ငန်းပိုင်းဆိုင်ရာအရည်အချင်း၊ အရည်အသွေးများအပြင် ပြည်သူ့ဆက်ဆံရေးနှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း နားလည်ကောင်းမွန်နေရန်လိုကြောင်း။

ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးသည့်နိုင်ငံများတွင် ရွေးကောက်ပွဲသည် အဓိကအကျဆုံး ဒီမိုကရေစီကျင့်စဉ်တစ်ရပ်ဖြစ်ကြောင်း၊ ယခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို စတင်ကျင်းပပြုလုပ်တော့မည်ဖြစ်ကြောင်း၊ ပြည်သူများလိုလားတောင့်တခဲ့သည့် ပါတီစုံဒီမိုကရေစီစနစ်ကို တပ်မတော်က ပြန်လည်ဖော်ဆောင်ခိုင်မာစေပြီး ပြည်သူ့လက်ကို အရောက်အပ်နှင်းတော့မည်ဖြစ်ကြောင်း၊ ထို့ကြောင့် **လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်သူ့လုံခြုံရေးကို အလေးထားဆောင်ရွက်ကြရန်နှင့် ပြည်သူအားလုံး ဝိုင်းဝန်းပူးပေါင်း ကြိုးပမ်းဆောင်ရွက်ပေးကြရန်** မှာကြားလိုကြောင်း။

နိုင်ငံဖြတ်ကျော်မှုခင်းများသည် နိုင်ငံများ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်လုံခြုံရေးတို့အတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်နေကြောင်း၊ အဆိုပါမှုခင်းများကို နိုင်ငံတစ်နိုင်ငံတည်းက ဖြေရှင်းဆောင်ရွက်နိုင်ခြင်း မဟုတ်သည့်အတွက် နိုင်ငံများအကြား ပေါင်းစပ်ညှိနှိုင်းချိတ်ဆက်တုံ့ပြန်မှုနှင့် ဖြေရှင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဒေသအဆင့်ကြိုးပမ်းဆောင်ရွက်မှုများအနေဖြင့် ဒေသဆိုင်ရာရဲအဖွဲ့များဖွဲ့စည်းပြီး နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးကို ဆောင်ရွက်ပေးနေသကဲ့သို့ အပြည်ပြည်ဆိုင်ရာရဲအဖွဲ့ (IN



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်ရရှိသူတစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်ရရှိသူတစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်ရရှိသူ တပ်ဖွဲ့ဝင်တစ်ဦးအတွက် ဂုဏ်ထူးဆောင်ဆုပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်ရရှိသူတစ်ဦးကို ဂုဏ်ထူးဆောင်ဆုပေးအပ်ချီးမြှင့်စဉ်။

TERPOL)နှင့် ပူးပေါင်းဆောင်ရွက်နေကြောင်း။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဩဂုတ် ၃၁ ရက်အတွင်း မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးနှင့်ပတ်သက်သူ တရားခံ ၅၁၁၅ ဦးကို စုစုပေါင်းတန်ဖိုးငွေကျပ် ၉၇၇ ဘီလီယံကျော်ရှိသည့် မူးယစ်ဆေးဝါး၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း၊ **ယခုကဲ့သို့ကမ္ဘာကိုဒုက္ခပေးနေသည့် မူးယစ်ဆေးဝါးများ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည့်အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို ချီးကျူးဂုဏ်ပြုသည်ကို** ပြောကြားလိုကြောင်း၊ မြန်မာနိုင်ငံတွင် ယခင်က ထိန်းချုပ်ဓာတုပစ္စည်း ၃၉ မျိုးကို ထိန်းချုပ်ခဲ့ရာမှ ယခုထိန်းချုပ်ဓာတုပစ္စည်း လေးမျိုး ထပ်တိုးပြီး စုစုပေါင်း ၄၃ မျိုးကို ထုတ်ပြန်ထားကြောင်း၊ မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးထိန်းချုပ်ရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

၂၀၂၅ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်သည့် ၃၈ ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ မီးရှို့ဖျက်ဆီးပွဲတွင် မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်း ၆၆ မျိုး စုစုပေါင်း ငွေကျပ် ၁၀၇၂ ဘီလီယံကျော်နှင့် အမေရိကန်ဒေါ်လာ ၂၉၇ သန်းကျော်တန်ဖိုးရှိသည့် မူးယစ်ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများကို မီးရှို့ဖျက်ဆီးနိုင်ခဲ့ကြောင်း။

**မူးယစ်ဆေးသည် လူသားမျိုးနွယ်တစ်ခုလုံးကို လူညွန့်တုံးစေမည့် အန္တရာယ်ဖြစ်သဖြင့် မူးယစ်ဆေးထုတ်လုပ်နိုင်သည့် အရင်းအမြစ်များကအစ ဖော်ထုတ်ရှင်းလင်းသွားနိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်**ကြောင်း၊ မူးယစ်ဆေးကို အမျိုးသားရေးခြိမ်းခြောက်မှုတစ်ရပ်အဖြစ် ပြည်သူလူထုတစ်ရပ်လုံးက ဝိုင်းဝန်းဆန့်ကျင်လာစေရေး ပညာပေးခြင်း၊ ဆန့်ကျင်ခြင်း၊ နှိမ်နင်းခြင်းတို့ကိုလည်း ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ၁၉၉၇ ခုနှစ်ကတည်းက စတင်ဆောင်ရွက်ခဲ့သည်မှာ ယခုအခါ စတုတ္ထငါးနှစ်စီမံကိန်း (၂၀၂၂-၂၀၂၆)ခုနှစ်ကို မဟာ



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၆၁ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် ခင်းကျင်းပြသထားသည့်ပြခန်းများအတွင်း လှည့်လည်ကြည့်ရှုစဉ်။

ဗျူဟာ သုံးရပ်၊ နည်းဗျူဟာ လေးရပ်၊လုပ်ငန်းကဏ္ဍလေးရပ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေ၊ နည်းဥပဒေများအရ ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ ၂၀၂၅ ခုနှစ် ဩဂုတ်လထိ အမှုပေါင်း ၇၂ မှုစစ်ဆေးခဲ့ပြီး ပြစ်မှုကျူးလွန်သူ ကျား သုံးဦးတို့ကို ပြစ်ဒဏ်ချမှတ်နိုင်ခဲ့ကာ မြန်မာငွေကျပ် ၄ ဒသမ ၆၀၅ ဘီလီယံခန့်ကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ခဲ့ကြောင်း၊ တရားမဝင်အွန်လိုင်းဂိမ်းနှင့် အွန်လိုင်းငွေကြေးလိမ်လည်မှုတို့ကို အီလက်ထရောနစ် ဆက်သွယ်ရေးဥပဒေဖြင့် အရေးယူမှု ၁၆၂ မှု၊ တရားခံ ကျား ၁၈၈၂ ဦး၊ တရားခံ မ ၆၀၉ ဦး စုစုပေါင်း ၂၄၉၁ ဦးကို အရေးယူနိုင်ခဲ့ကြောင်း။

**ရဲတပ်ဖွဲ့ဝင်များ၏ စွန့်လွှတ်စွန့်စားမှုများနှင့် တာဝန်ထမ်းဆောင်မှုကို နိုင်ငံတော်က အမြဲအလေးထားအသိအမှတ်ပြုပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များကို စိစစ်ချီးမြှင့်ဂုဏ်ပြုပေးလျက်**ရှိကြောင်း၊ **မိမိကျရာကဏ္ဍတွင် တာဝန်ကျေပွန်စွာထမ်းဆောင်ရင်း အသက်ပေးလှူခြင်းနှင့် ကိုယ်အင်္ဂါအစိတ်အပိုင်း စွန့်လွှတ်သွားခဲ့ရသည့် ရဲတပ်ဖွဲ့ဝင်များ၏ ဇွဲ၊ လုံ့လ၊ စိတ်ဓာတ်၊ ကြိုးပမ်းမှုများအပေါ်တွင်လည်း ဂုဏ်ယူလေးစားပါကြောင်းနှင့် မိသားစုများကိုလည်း အသိအမှတ်ပြုသည်ကို** ပြောကြားလိုကြောင်း။

၂၀၂၄ ခုနှစ် အောက်တိုဘာ ၂ ရက်မှ ယနေ့ ၂၀၂၅ ခုနှစ် ဩဂုတ် ၃၁ ရက်ထိ ရဲသူရတံဆိပ် ငါးဦး၊ ရဲဗလတံဆိပ်ဦးရေ ၂၀၊ သူရဲကောင်းမှတ်တမ်းဝင်တံဆိပ် တစ်ဦး၊ ရဲသူရိန်တံဆိပ် ၁၀ ဦး၊ ရဲကျော်စွာတံဆိပ် နှစ်ဦး အပါအဝင် စုစုပေါင်း ၄၅၈၇ ဦးတို့ကို ဂုဏ်ပြုချီးမြှင့်ပေးခဲ့ကြောင်း။

၂၀၂၅ ခုနှစ် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် အင်အားပြင်းမန္တလေးငလျင်ဖြစ်စဉ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုဖြစ်ပွားခဲ့သည့် ဒေသများတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များအနေဖြင့် တပ်မတော်၊ ဒေသခံပြည်သူလူထု၊ သက်ဆိုင်ရာ ဒေသအလိုက် မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး အရေးပေါ်တုံ့ပြန်မှုအား အမြန်ဆုံးဆောင်ရွက်နိုင်ခဲ့သည့်အတွက်လည်း ချီးကျူးဂုဏ်ပြုသည်ကို ပြောကြားလိုကြောင်း။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် အဆင့်အတန်းအားလုံးအနေဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို **“မျိုးချစ်စိတ်ရှိရမည်၊ စွမ်းရည်ပြည့်ဝရမည်၊ ခေတ်မီရမည်”**ဆိုသည့် မျှော်မှန်းချက်များနှင့် ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်သွားကြရန်၊ ထိုသို့တည်ဆောက်ရာတွင် ခေတ်မီလက်နက်အသုံးအဆောင်ပစ္စည်းများ စသည်တို့ကို ခေတ်ကာလနှင့် လျော်ညီအောင် နိုင်ငံတော်က တိုးမြှင့်ဖြည့်ဆည်း ဆောင်ရွက်ပေးနေသကဲ့သို့ တပ်ဖွဲ့ဝင်တစ်ဦးချင်းစီကလည်း အဖွဲ့အစည်းကောင်းတစ်ခု၏ အနှစ်သာရဖြစ်သည့် စွမ်းရည်မြင့်မားရေး၊ အရည်အသွေးပြည့်မီစေရေးတို့အတွက် စဉ်ဆက်မပြတ် လေ့ကျင့်ဖြည့်ဆည်းဆောင်ရွက်သွားကြရန်၊ ပြည်သူလူထုနှင့် အနီးကပ်ဆက်သွယ်ဆက်ဆံနေထိုင်ရသည့် အဖွဲ့အစည်းဖြစ်သည်နှင့်အညီ ပြည်သူ့ဆက်ဆံရေး၊ ပြည်သူ့စည်းရုံးရေးတို့ကို ပြည်သူနှင့်တစ်ဆက်တည်းဖြစ်အောင် ဆောင်ရွက်သွားကြရန်၊ ဒို့တာဝန် အရေး သုံးပါးကို ဦးထိပ်ပန်ဆင်ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရည်မှန်းချက်တာဝန် လေးရပ်နှင့် လုပ်ငန်းတာဝန် ခြောက်ရပ်တို့ကို အောင်မြင်အောင် ကြိုးစားအကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ၆၁ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် မှတ်တမ်း Video Clip ကို ပြသသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က စွမ်းရည်သတ္တိ ဂုဏ်ထူးဆောင် တံဆိပ်ရရှိသူ တပ်ဖွဲ့ဝင် လေးဦးကိုလည်းကောင်း၊ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်ရရှိသူ သုံးဦးကိုလည်းကောင်း၊ကော်မရှင်အဖွဲ့ဝင်ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်က စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်ရရှိသူ တစ်ဦးနှင့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ပြုဆုတံဆိပ်ရရှိသူ နှစ်ဦးကိုလည်းကောင်း ဂုဏ်ထူးဆောင်ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌသည် အခမ်းအနားသို့ တက်ရောက်လာကြသူ များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် ၆၁ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် မှတ်တမ်းဓာတ်ပုံများ၊ တပ်ဖွဲ့၊ ဌာနများတွင် အသုံးပြုလျက်ရှိသည့် စက်ကိရိယာများ၊ နည်းပညာဆိုင်ရာပစ္စည်းများ၊ လက်နက်များ၊ ဝတ်စုံများ၊ ဆက်သွယ်ရေးပစ္စည်းများ၊ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့် ပြခန်းများအတွင်း စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

# ၆၁ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကျင်းပ





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၆၁ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲတီးဝိုင်းနှင့် ဖျော်ဖြေရေးဌာနခွဲမှ တပ်ဖွဲ့ဝင်များ သီဆိုဖျော်ဖြေနေမှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၁**

၆၁ နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့် ဇနီး၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စု အဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ အငြိမ်းစားရဲအရာရှိကြီးများ၊ အနုပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများကို တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြသည်။

ဂုဏ်ပြုညစာ မသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲတီးဝိုင်းနှင့် ဖျော်ဖြေရေးဌာနခွဲမှ တပ်ဖွဲ့ဝင်များ၊သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များက တေးသံသာများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ သီဆိုတီးမှုတ်ဖျော်ဖြေခဲ့ကြသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲတီးဝိုင်းနှင့် ဖျော်ဖြေရေးဌာနခွဲမှ တပ်ဖွဲ့ဝင်များနှင့် အနုပညာရှင်များကို ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။

ဂုဏ်ပြုညစာ သုံးဆောင်အပြီးတွင် သီဆိုတီးမှုတ်ဖျော်ဖြေခဲ့ကြသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲတီးဝိုင်းနှင့် ဖျော်ဖြေရေး ဌာနခွဲမှ တပ်ဖွဲ့ဝင်များနှင့် အနုပညာရှင်များကို နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့က ဂုဏ်ပြုပန်းခြင်းနှင့်ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# မန္တလေးတိုင်းဒေသကြီး ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာသက်ကြီးပုဂ္ဂိုလ်များနေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပ



**မန္တလေး အောက်တိုဘာ ၁**

မန္တလေးတိုင်းဒေသကြီး ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာသက်ကြီးပုဂ္ဂိုလ်များနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်လှမြင့်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊တက္ကသိုလ်၊ဒီဂရီကောလိပ်တို့မှ ပါမောက္ခချုပ်များ၊ အသင်းအဖွဲ့များ၊ တိုင်းဒေသကြီးသက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီဝင်များ၊ ဂုဏ်ပြုခံ အဘိုး၊အဘွားများနှင့် ၎င်းတို့၏ မိသားစုဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုစကားပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က အခမ်းအနားသို့မတက်ရောက်နိုင်သည့် သက်ကြီးပုဂ္ဂိုလ် အဘိုး၊ အဘွား ဦးရေ ၁၀၀ အတွက် ဂုဏ်ပြုငွေများကို အောင်မြေသာစံခရိုင်၊ မဟာအောင်မြေခရိုင်နှင့် အမရပူရခရိုင်တို့မှ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများ ထံသို့ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက အခမ်းအနားသို့ တက်ရောက်လာသည့် ဂုဏ်ပြုခံ သက်ကြီးပုဂ္ဂိုလ် အဘိုး၊ အဘွားများကို ဂုဏ်ပြုပစ္စည်းများနှင့် ဂုဏ်ပြုငွေများ ပေးအပ်ပြီး ဂုဏ်ပြုခံသက်ကြီးပုဂ္ဂိုလ် အဘိုး၊ အဘွားများကိုယ်စား မန်းတောင်ခြေဘိုးဘွားရိပ်သာမှ အဘိုး ဦးပေါ်စံက ကျေးဇူးတင်ဆုတောင်းစကားများ ပြောကြားကာ သက်ကြီးပုဂ္ဂိုလ်ပြုစုစောင့်ရှောက်ရေးနှင့် အခွင့်အရေးဆိုင်ရာဆောင်ရွက်မှု ဗီဒီယိုမှတ်တမ်းကို ပြသခဲ့ကြောင်းနှင့် ယနေ့အခမ်းအနားတွင် သက်ကြီးပုဂ္ဂိုလ် အဘိုး၊ အဘွားများအတွက် ဂုဏ်ပြုပစ္စည်းများနှင့် ဂုဏ်ပြုငွေများအပါအဝင် စုစုပေါင်းငွေကျပ် ၁၃၃၅၀၀၀၀ ဖြစ်ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# မျိုးချစ်စိတ်ကိုအခြေခံ (၇၆)နှစ်ပြည့်ပြန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထူထောင်ခြင်းနေ့ဆိုတာ ကမ္ဘာတစ်ဝန်းရှိ တရုတ်နိုင်ငံသားများအတွက် အလွန်အရေးပါတဲ့ သမိုင်းဝင်နေ့တစ်နေ့ဖြစ်ပါတယ်။ ဒီလိုမျိုး အဓိပ္ပာယ်များစွာနဲ့ပြည့်ဝတဲ့ သမိုင်းဝင်နေ့ကတော့ နှစ်စဉ်အောက်တိုဘာ ၁ ရက်နေ့ပါပဲ။

၁၉၄၉ ခုနှစ် အောက်တိုဘာ ၁ ရက်တုန်းက တရုတ်ကွန်မြူနစ်ပါတီဥက္ကဋ္ဌ မော်စီတုန်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံကို စတင်ထူထောင်ပြီဖြစ်ကြောင်း ပေကျင်းမြို့ရှိ တီယန်အန်မင်ရင်ပြင်မှာ တရားဝင်ထုတ်ဖော်ကြေညာခဲ့တာဖြစ်ပါတယ်။ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရဲ့ ပထမဆုံးသောစစ်ရေးပြအခမ်းအနားနဲ့အတူ ပူးတွဲကျင်းပခဲ့တာပါ။



တရုတ်ပြည်သူ့သမ္မတနိုင်ငံထူထောင်ကြောင်းကြေညာခဲ့တဲ့ မော်စီတုန်းရဲ့ ကြေညာချက်က ဆယ်စုနှစ်များစွာကြာမြင့်ခဲ့သော ပြည်တွင်းပဋိပက္ခများနဲ့မငြိမ်သက်မှုများကို အဆုံးသတ်နိုင်ပြီဖြစ်ကြောင်း ထုတ်ပြန်မှုလည်းဖြစ်ပါတယ်။ ဒါတင်မကသေးပါဘူး။ ၁၉၄၉ ခုနှစ် အောက်တိုဘာ ၁ ရက်ဟာ ခေတ်သစ်တရုတ်နိုင်ငံကို စတင်ထူထောင်နိုင်ခဲ့တဲ့ အောင်ပွဲနေ့တစ်နေ့ဖြစ်တယ်လို့ သတ်မှတ်ရမှာဖြစ်ပါတယ်။

ဒီနှစ်ဆိုရင် တရုတ်ပြည်သူ့သမ္မတနိုင်ငံကိုထူထောင်တာ ၇၆ နှစ်တိုင်ခဲ့ပါပြီ။ ဒီနှစ်တွေအတွင်းမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံက ကြီးစွာသောပြောင်းလဲမှု၊ ထင်မထားလောက်သောအောင်မြင်မှုတိုးတက်မှုများကို ပိုင်ဆိုင်လာပါပြီ။ အခုလိုအောင်မြင်မှုတွေကိုပိုင်ဆိုင်နိုင်ဖို့အတွက် လွယ်လင့်တကူဖြစ်ပေါ်ခဲ့တာတော့မဟုတ်ပါဘူး။ စိန်ခေါ်မှုများစွာကို ဖြတ်ကျော်ခဲ့ရပါသေးတယ်။ ဒီလိုစိန်ခေါ်မှုများစွာကို ဖြတ်ကျော်နိုင်ဖို့အတွက် အဓိကအကျဆုံးအခြေခံကတော့ တရုတ်ပြည်သူများရဲ့ မျိုးချစ်စိတ်ပါပဲ။

ဒီနှစ်တွေအတွင်း တရုတ်နိုင်ငံရဲ့ စီးပွားရေးတိုးတက်မှုကဏ္ဍကိုကြည့်ရင် ၁၉၇၀ ပြည့်နှစ်နှောင်းပိုင်းကာလများဆီက စတင်ခဲ့တဲ့ပြုပြင်ပြောင်းလဲရေးနဲ့ တံခါးဖွင့်ဝါဒကြောင့်ဖွံ့ဖြိုးတိုးတက်မှုနှေးကွေးတဲ့အခြေအနေမှလျင်မြန်စွာရုန်းထွက်နိုင်ပြီး ကမ္ဘာ့ဒုတိယမြောက် စီးပွားရေးအင်အားကြီးနိုင်ငံအဖြစ်ကို ရောက်ရှိလာခဲ့တာဖြစ်ပါတယ်။ ခေတ်မီပြီးဆန်းသစ်တဲ့အခြေခံအဆောက်အအုံများ၊ နည်းပညာတိုးတက်မှုများ၊ ကမ္ဘာ့ကုန်သွယ်ရေးမှာ ဦးဆောင်ပါဝင်မှု အစရှိတဲ့အချက်တွေက တရုတ်နိုင်ငံအတွက် ထင်ရှားတဲ့အောင်မြင်မှုတွေဖြစ်လာပါတယ်။

တရုတ်နိုင်ငံ အခုလိုမျိုးဖွံ့ဖြိုးတိုးတက်လာရေးအတွက် အဓိကမောင်းနှင်အားက နည်းပညာဖွံ့ဖြိုးတိုးတက်မှုဖြစ်တယ်လို့ ဆိုရမှာပါ။ အခုဆိုရင် တရုတ်နိုင်ငံဟာ အာကာသထဲမှာ ကိုယ်ပိုင်အာကာသစခန်းကိုပင် လွှတ်တင်ထားနိုင်ရုံသာမက တစ်ကမ္ဘာလုံးက အလေးထားနေရတဲ့ ဉာဏ်ရည်တုနည်းပညာ(AI) ကဏ္ဍမှာလည်း ထိပ်ဆုံးကနေ ရပ်တည်လာနိုင်နေပြီပဲဖြစ်ပါတယ်။

နိုင်ငံရေးအခြေအနေကို ကြည့်မယ်ဆိုရင် တရုတ်နိုင်ငံဟာအိမ်နီးချင်းနိုင်ငံများနဲ့သာမက ကမ္ဘာတစ်လွှားရှိနိုင်ငံများစွာနဲ့ ရင်းနှီးကျွမ်းဝင်မှုရှိတဲ့ ချစ်ကြည်ရေးကိုတည်ဆောက်ထားနိုင်ပါသေးတယ်။ တရုတ်ကွန်မြူနစ်ပါတီဥက္ကဋ္ဌ မော်စီတုန်းက တရုတ်နိုင်ငံကို တရုတ်ပြည်သူ့သမ္မတနိုင်ငံလို့ တရားဝင်ထုတ်ပြန်ကြေညာပြီးနောက်ပိုင်း နိုင်ငံအများအပြားကလည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံကို တရားဝင်အသိအမှတ်ပြုခဲ့ကြပါတယ်။

အဲဒီလိုမျိုးအသိအမှတ်ပြုကြတဲ့ နိုင်ငံများစွာထဲမှာ မြန်မာနိုင်ငံလည်းပါဝင်ပါတယ်။ ဒါပေမဲ့ထူးခြားမှုတစ်ခုက မြန်မာနိုင်ငံဆိုတာ တရုတ်နိုင်ငံနဲ့ "ဆွေမျိုးပေါက်ဖော်" ဆက်ဆံရေးရှိပြီးသားနိုင်ငံဖြစ်သလို ကမ္ဘာ့အလယ်မှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံကို ပထမဆုံးအသိအမှတ်ပြုခဲ့တဲ့ နိုင်ငံများထဲမှာ တစ်နိုင်ငံအဖြစ်ပါဝင်နေတာဖြစ်ပါတယ်။ အဲဒီနောက် မြန်မာနိုင်ငံနဲ့တရုတ်နိုင်ငံတို့ကြား သံအမတ်များကို အပြန်အလှန်ခန့်အပ်ခြင်း၊ အဆင့်မြင့်တာဝန်ရှိသူများ အပြန်အလှန်အလည်အပတ်သွားရောက်ခြင်းတို့လုပ်ဆောင်ခဲ့ကြပါတယ်။

မြန်မာနိုင်ငံနဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ကြား ချစ်ကြည်ရေးဟာ မြန်မာနိုင်ငံဝန်ကြီးချုပ် ဦးနုနဲ့ တရုတ်နိုင်ငံဝန်ကြီးချုပ် ချူအင်လိုင်းတို့ရဲ့ အပြန်အလှန်ချစ်ကြည်ရေးခရီးစဉ်များကြောင့် ပိုမိုခိုင်မာတိုးတက်လာတာဖြစ်ပါတယ်။ အဲဒီခရီးစဉ်တွေမှာပဲ မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံတို့ဟာ နှစ်နိုင်ငံကြားဆက်ဆံရေးအတွက် လမ်းညွှန်မူဝါဒများအဖြစ် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ချက်ကို ပူးတွဲထုတ်ပြန်ကြေညာနိုင်ခဲ့ပါတယ်။ အဲဒီနောက်ပိုင်းမှာ မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံတို့ကြား ချစ်ကြည်ရင်းနှီးမှုဟာ တစ်စထက်တစ်စ ပိုမိုခိုင်မာလာခဲ့ပါတယ်။

အခုဆိုရင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်လက်ထက်မှာ မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံတို့ကြားဆက်ဆံရေးက ပိုမိုတိုးတက်လာတာကိုမြင်တွေ့ရပါတယ်။ ဒီနှစ်ထဲမှာဆိုရင် နိုင်ငံတော်အကြီးအကဲနဲ့ တရုတ်နိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်တို့ကြား တွေ့ဆုံဆွေးနွေးမှုက နှစ်ကြိမ်ရှိပါတယ်။ ပထမတစ်ကြိမ်တွေ့ဆုံမှုက ရုရှားနိုင်ငံမှာကျင်းပတဲ့ ဒုတိယကမ္ဘာစစ်အောင်ပွဲနေ့အခမ်းအနားမှာဖြစ်ပြီး ဒုတိယတစ်ကြိမ်တွေ့ဆုံမှုကတော့ မကြာသေးခင်ကမှ တရုတ်နိုင်ငံမှာကျင်းပပြီးစီးခဲ့တဲ့ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးမှာဖြစ်ပါတယ်။ ဒါ့အပြင် တရုတ်နိုင်ငံမှ အဆင့်မြင့်တာဝန်ရှိသူများရဲ့ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်များအတွင်း ထိုတာဝန်ရှိသူများကို နိုင်ငံတော်အကြီးအကဲက လက်ခံတွေ့ဆုံဆွေးနွေးတာမျိုးတွေလည်းရှိပါတယ်။ ဒါကြောင့် လက်ရှိနိုင်ငံတော်အကြီးအကဲရဲ့ လက်ထက်မှာ မြန်မာနိုင်ငံနဲ့တရုတ်နိုင်ငံတို့ကြားဆက်ဆံရေးက ပိုမိုတိုးမြင့်ခိုင်မာလာနေတယ်ဆိုတာကို မြင်တွေ့နေရပါတယ်။

ဒါတင်မကသေးပါဘူး။ တရုတ်နိုင်ငံက အခြားသောအိမ်နီးချင်းနိုင်ငံများနဲ့လည်း ချစ်ကြည်ရင်းနှီးမှုများကို ပိုမိုခိုင်မာအောင် တည်ဆောက်လာနိုင်ပါတယ်။ ဒီကနေ့လို ခေတ်ကြီးမှာ ရန်သူပေါ်များနေခြင်းထက် မိတ်ဆွေပေါ်များနေခြင်းကသာ ကောင်းကျိုးများစွာကိုရရှိစေမှာပါ။ ဒါကြောင့်ပဲ တရုတ်နိုင်ငံက မိတ်ဆွေဖွဲ့ဆက်ဆံရေး တည်ဆောက်မှုကို တိုးမြှင့်လုပ်ဆောင်လာနေတာဖြစ်ပါတယ်။

စစ်ရေးကဏ္ဍတိုးတက်မှုကိုကြည့်ပြန်ရင်လည်း အထင်ရှားဆုံးမြင်တွေ့ရမယ့် အကောင်းဆုံးဥပမာကတော့ မကြာသေးခင်ကမှကျင်းပပြီးစီးခဲ့တဲ့ တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ် ၈၀ ပြည့် အထိမ်းအမှတ်စစ်ရေးပြအခမ်းအနားကို ကြည့်ရင်သိနိုင်ပါတယ်။

အဲဒီစစ်ရေးပြ အခမ်းအနားကြီးမှာ တရုတ်နိုင်ငံက အဆင့်မြင့်လှပါတယ်ဆိုတဲ့လက်နက်များကိုသာ ထုတ်ဖော်ပြသခဲ့တာပါ။ အဲဒီလိုအဆင့်မြင့်တဲ့လက်နက်တွေကိုလည်း တရုတ်နိုင်ငံအတွင်းမှာပဲ ကိုယ်တိုင်ထုတ်လုပ်တာဖြစ်ပါတယ်။ အခုဆိုရင် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရေတပ်က ရေပြင်စိုးမိုးရေးနဲ့ တိုက်ခိုက်ရေးအင်အားစုကြီးဖြစ်တဲ့ လေယာဉ်တင်သင်္ဘောကြီးများကိုပင်ကိုယ်တိုင်တည်ဆောက်လာနိုင်တဲ့အထိ စစ်ရေးကဏ္ဍမှာ တိုးတက်မြင့်မားမှုတွေကိုရရှိခဲ့တာဖြစ်ပါတယ်။

ဒါတွေအားလုံးကိုပြန်ခြုံကြည့်ရင် ဒီနေ့လိုအနေအထားအထိ တိုးတက်လာရတဲ့ တရုတ်နိုင်ငံရဲ့ လျှို့ဝှက်ချက်တစ်ခုက မျိုးချစ်စိတ်ဓာတ်သာဖြစ်ပါတယ်။ မျိုးချစ်စိတ်ဆိုတာကိုလည်း မျိုးဆက်အဆင့်ဆင့်လက်ဆင့်ကမ်းခဲ့ကြခြင်းကြောင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံကြီးဟာ ၇၆ နှစ်ဆိုတဲ့အချိန်လေးအတွင်းမှာ ကမ္ဘာ့ထိပ်တန်းအဆင့်ကိုရောက်ရှိလာတာဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။

**Ref : GT**

**ကိုထက်**

## အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲကျင်းပမည်

၁။ ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၃ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် "သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲဆောင်ရွက်မှုများ" ခေါင်းစဉ်ဖြင့် အလွတ်တန်းအဆင့်ဆောင်းပါးပြိုင်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသူများကို နေပြည်တော်တွင်ကျင်းပမည့် အထိမ်းအမှတ်အခမ်းအနားတွင် ဂုဏ်ပြုဆုငွေနှင့် ဆုတံဆိပ်များချီးမြှင့်သွားမည်ဖြစ်ပါသည်။

၂။ ပြိုင်ပွဲစည်းကမ်းသတ်မှတ်ချက်များနှင့် https://bit.ly/47Md8CK တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး တယ်လီဖုန်းအမှတ် ၀၆၇ ၃၄၀၄၀၄၉၊ ၀၆၇ ၃၄၀၄၀၇၁ တို့သို့လည်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**
**ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန**

## မိုးတိမ်တောင်ဖြစ်ပေါ်နေမှုအခြေအနေ

**နေပြည်တော် အောက်တိုဘာ ၁**

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

# တက္ကသိုလ်လေ့ကျင့်ရေးတပ်များက ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို အခြေခံစစ်ပညာသင်တန်းနှင့် တန်းမြင့်စစ်ပညာသင်တန်း စခန်းချလေ့ကျင့်



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း ၂၀၂၄-၂၀၂၅ပညာသင်နှစ် တက္ကသိုလ် လေ့ကျင့်ရေးတပ်ဖွဲ့ဝင်များ၏ အခြေခံစစ်ပညာသင်တန်းနှင့် တန်းမြင့်စစ်ပညာသင်တန်းဖွင့်ပွဲတွင် အားကစားပစ္စည်းများ ပေးအပ်စဉ်။



ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း ၂၀၂၄-၂၀၂၅ပညာသင်နှစ် တက္ကသိုလ် လေ့ကျင့်ရေးတပ်ဖွဲ့ဝင်များ၏ အခြေခံစစ်ပညာသင်တန်းနှင့် တန်းမြင့်စစ်ပညာသင်တန်းဖွင့်ပွဲတွင် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။

**နေပြည်တော် အောက်တိုဘာ ၁**

တက္ကသိုလ်များတွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသား၊ ကျောင်းသူများကို အခြေခံစစ်ပညာနှင့် တန်းမြင့်စစ်ပညာသင်တန်းများ စခန်းချလေ့ကျင့်ပေးခြင်းဖြင့် နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာ အသိအမြင်များရရှိ၍ အနာဂတ်နိုင်ငံတော်၏ တာဝန်များထမ်းဆောင်သည့်အခါတွင် အထောက်အကူရရှိကာ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ပိုမိုရင့်သန်လာစေရန်နှင့် ယုံကြည်ချက်၊ ခံယူချက်မြင့်မားပြီး အရည်အချင်းပြည့်ဝစေရန် ရည်ရွယ်ချက်ဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့စစ်နှင့် နယ်ခြားတပ်များညွှန်ကြားရေးမှူးရုံး၏ တက္ကသိုလ်လေ့ကျင့်ရေးတပ်များ၌ ကိုယ်တိုင်ဆန္ဒပြုသည့် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအား လေ့ကျင့်ရေးသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ထိုသို့ ဖွင့်လှစ်ပေးလျက်ရှိရာ ယနေ့တွင် ၂၀၂၄-၂၀၂၅ပညာသင်နှစ် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင်များ၏ အခြေခံစစ်ပညာသင်တန်းနှင့် တန်းမြင့်စစ်ပညာသင်တန်းဖွင့်ပွဲများကို နေပြည်တော်ကောင်စီနယ်မြေ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ဗထူးတပ်မြို့၊ မွန်ပြည်နယ် ချောင်းဆုံမြို့၊ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တို့ရှိ နယ်မြေခံသင်တန်းကျောင်းများ၌ ကျင်းပပြုလုပ်ကြသည်။

အဆိုပါ သင်တန်းဖွင့်ပွဲများသို့ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့စစ်နှင့်နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်များ၊ တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများ၊ သင်တန်းတာဝန်ခံ အရာရှိများ၊ သင်တန်းဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများတက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက အဖွင့်အမှာစကားများ အသီးသီးပြောကြားကြသည်။

ထို့နောက် တိုင်းမှူးများနှင့် တက်ရောက်လာကြသူများက သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ကျောင်းသား၊ ကျောင်းသူများ၏ ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။ ယင်းနောက် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဂုဏ်ပြုချီးမြှင့်ငွေများနှင့် အားကစားပစ္စည်းများပေးအပ်ရာ တာဝန်ရှိသူများက အသီးသီးလက်ခံရယူကြသည်။

ယခုဖွင့်လှစ်သော သင်တန်းများအနေဖြင့် ပထမနှစ် အခြေခံစစ်ပညာသင်တန်း၊ ဒုတိယနှစ် အခြေခံစစ်ပညာသင်တန်း၊ ပထမနှစ်တန်းမြင့်စစ်ပညာသင်တန်းနှင့် ဒုတိယနှစ် တန်းမြင့်စစ်ပညာသင်တန်းတို့ဖြစ်ပြီး သာမန်သင်တန်းချိန်နှင့် စခန်းချလေ့ကျင့်ချိန်အလိုက် သင်ကြားပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။(၅၀၁)





တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက် ၂၀၂၄- ၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင်များ၏ အခြေခံစစ်ပညာသင်တန်းနှင့် တန်းမြင့်စစ်ပညာသင်တန်းဖွင့်ပွဲတွင် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်စဉ်။





နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်း ၂၀၂၄-၂၀၂၅ပညာသင်နှစ် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင်များ၏ အခြေခံစစ်ပညာသင်တန်းနှင့် တန်းမြင့်စစ်ပညာသင်တန်းဖွင့်ပွဲတွင် အားကစားပစ္စည်းများ ပေးအပ်စဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၀၂၄-၂၀၂၅ပညာသင်နှစ် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင်များ၏ အခြေခံစစ်ပညာသင်တန်းနှင့် တန်းမြင့်စစ်ပညာသင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပစဉ်။

## အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများဖြစ်သည့် ရာသီတုပ်ကွေးနှင့် ကိုဗစ်-၁၉ ရောဂါများ ကြိုတင်ကာကွယ်ရေးသတိပေးနှိုးဆော်ချက်

မိုးရာသီတွင် ရာသီတုပ်ကွေးရောဂါနှင့် ကိုဗစ်-၁၉ ရောဂါစသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ ပိုမိုကူးစက်ဖြစ်ပွားနိုင်ပါသည်။ ကိုဗစ်-၁၉ ရောဂါကို ကမ္ဘာ့ကပ်ရောဂါအဖြစ်သတ်မှတ်ထားခြင်းမရှိတော့ဘဲ ရာသီတုပ်ကွေးရောဂါကဲ့သို့ ဒေသတွင်း ပုံမှန်ကူးစက်ဖြစ်ပွားတတ်သည့် ရောဂါအဖြစ်သာသတ်မှတ်ထားပါသည်။ လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ အဆိုပါရောဂါများ ကူးစက်ဖြစ်ပွား၊ သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း အဆိုပါရောဂါများ ဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန် ပြည်သူလူထုအနေဖြင့် အောက်ပါတို့ကို သတိပြုလိုက်နာဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

- ❖ လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ နှာစေးခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ပင်းနာခြင်း စသည့်လက္ခဏာများရှိသူများအနေဖြင့် မိမိမှအခြားသူများသို့ ကူးစက်မှုမရှိစေရေးအတွက်-
  - (က) လူထူထပ်သောနေရာများသို့သွားခြင်းမှ ရှောင်ကြဉ်ခြင်းနှင့် မဖြစ်မနေသွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို စနစ်တကျဝတ်ဆင်ခြင်း၊
  - (ခ) ပါးစပ်နှင့် နှာခေါင်းစည်းဝတ်ဆင်ထားခြင်းမရှိချိန်၌ နှာချေ၊ ချောင်းဆိုးပါက လက်ကိုင်ပဝါ၊ တံတောင်ကွေးဖြင့် လုံအောင်အုပ်၍ နှာချေ၊ ချောင်းဆိုးခြင်း၊
  - (ဂ) ရောဂါလက္ခဏာပြင်းထန်ပါက နီးစပ်ရာဆေးရုံ၊ ကျန်းမာရေးဌာနသို့ ချက်ချင်းပြသ၍ ဆေးကုသမှုခံယူခြင်း။
- ❖ တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများဖြစ်သည့် လက်ကိုရေနှင့်ဆပ်ပြာ သို့မဟုတ် ရေမလိုလက်သန့်စင်ဆေးရည် (Hand Sanitizer)ဖြင့် မကြာခဏစနစ်တကျဆေးကြောခြင်း၊
- ❖ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများသည် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇကွဲများ ကူးစက်ဖြစ်ပွားခြင်းနှင့် ရောဂါလက္ခဏာပြင်းထန်မှုနှင့်အသက်ဆုံးရှုံးမှုတို့မှ ထိရောက်စွာကာကွယ်ပေးသည့်အတွက် ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့်အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့် အသက်အရွယ်ကြီးသူများ၊ ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊ ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံမှုခံယူခြင်း။

**ကျန်းမာရေးဝန်ကြီးဌာန**

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ၆၁ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားများ ကျင်းပ

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၆၁ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနား ကျင်းပစဉ်။





အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၆၁ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် ဆုရတပ်ဖွဲ့ဝင်တစ်ဦးကို ဂုဏ်ပြုဆုတံဆိပ် ချီးမြှင့်ပေးအပ်စဉ်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ်၌ ၆၁ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနား ကျင်းပစဉ်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် ဆုရတပ်ဖွဲ့ဝင်တစ်ဦးကို ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ်၌ ၆၁ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် ဆုရတပ်ဖွဲ့ဝင်တစ်ဦးကို ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ် ဆုရတပ်ဖွဲ့ဝင်တစ်ဦးကို ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် အောက်တိုဘာ ၁**

၂၀၂၅ ခုနှစ် ၆၁ မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားများကို ယနေ့ နံနက်ပိုင်းတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိအားကစားနှင့် ကာယပညာဦးစီးဌာန အားကစားခန်းမ၌လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ မြို့တော်ခန်းမ၌လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ ပုလဲရတနာခန်းမ၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မြို့တော်ခန်းမ၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်၌လည်းကောင်း အသီးသီး ကျင်းပပြုလုပ်ကြရာ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများက ဂုဏ်ပြုအမှာစကားများ ပြောကြားပြီး တာဝန်ရှိသူများက ရဲချုပ်၏သဝဏ်လွှာကို ဖတ်ကြားကြသည်။ ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆုရတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ချီးမြှင့်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် ဗီဒီယိုမှတ်တမ်းကို ကြည့်ရှုကြပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ်ပြခန်းအား လှည့်လည် ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

## စစ်တောင်းမြစ်ရေအခြေအနေ

**နေပြည်တော် အောက်တိုဘာ ၁**

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် စိုးရိမ်ရေမှတ်အထက်သို့ ပေ၀က်ခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း နှစ်လက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း တစ်လက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ရန် သတိပေး နှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)

## ထူးခြားသည့် နေ့အပူချိန်များ

၁-၁၀-၂၀၂၅

| | | | | |
|---|---|---|---|---|
| ဟုမ္မလင်း | ၃၃ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| ကော့ကရိတ် | ၃၃ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မြဝတီ | ၃၃ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ဟသ်ာတ | ၃၃ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| ကျောက်ဆည် | ၃၃ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| မြောင်းမြ | ၃၃ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မိုးကောင်း | ၃၂ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| ပခုက္ကူ | ၃၂ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| စစ်ကိုင်း | ၃၂ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၃၂ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ထားဝယ် | ၃၂ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |

**မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ၆၁ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနား ကျင်းပပြုလုပ်

**နေပြည်တော် အောက်တိုဘာ ၁**

၆၁ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မင်္ဂလာသီရိ ဟိုတယ်၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီးဝင်းဇော်မိုး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်များ၊ ရဲအရာရှိကြီးများနှင့် တာဝန်ရှိသူများ၊ အနုပညာရှင်များ၊ ဆုရရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီးဝင်းဇော်မိုးက မိန့်ခွန်းပြောကြားပြီး စံပြရဲအဆင့်တိုးဆုရရှိသူ အရာရှိ တစ်ဦး၊ အခြားအဆင့် နှစ်ဦးနှင့် စွမ်းရည်သတ္တိအတွက် ရာထူးအဆင့်တိုးဆုရရှိသူ အရာရှိတစ်ဦး၊ စွမ်းဆောင်မှုအတွက် ရာထူးအဆင့်တိုးဆုရရှိသူ အရာရှိ လေးဦးတို့ကို ဂုဏ်ပြုဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ပြီး အနုပညာရှင် ကိုယ်စားလှယ်တစ်ဦးကို ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

ယင်းနောက် ဒုတိယရဲချုပ်(၁) ရဲဗိုလ်ချုပ်ဝင်းဗိုလ်က စွမ်းရည်သတ္တိအတွက် ရာထူးအဆင့်တိုးဆုရရှိသူ အခြားအဆင့် တစ်ဦး၊ စွမ်းဆောင်မှုအတွက်ရာထူးအဆင့်တိုးဆုရရှိသူ အခြားအဆင့် ကိုးဦး၊ ဒုတိယရဲချုပ်(၂) ရဲဗိုလ်ချုပ်မျိုးမင်းထိုက်က ရုံးဝန်ထမ်းထူးချွန်ဆုရရှိသူ တပ်ဖွဲ့ဝင် ခုနစ်ဦးနှင့် ဝတ်စားဆင်ယင်မှုအကောင်းဆုံးဆုရ တပ်ဖွဲ့ဝင်ခြောက်ဦး၊ တာဝန်ရှိသူတစ်ဦးက အမျိုးသမီးစွမ်းဆောင်ရှင်ဆုရရှိသူ အမျိုးသမီးတစ်ဦးတို့ကို ဂုဏ်ပြုဆုတံဆိပ် အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ၆၁ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် Video Clip ကိုပြသပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီးဝင်းဇော်မိုး၊ ရဲအရာရှိကြီးများနှင့် ဇနီးများသည် ဆုရရှိသူများ၊ အနုပညာရှင်ကိုယ်စားလှယ်တစ်ဦးတို့နှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ (မြဝ)



မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီးဝင်းဇော်မိုး ၆၁ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

# မြစ်ကြီးနားမြို့ရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို တွေ့ဆုံ



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။

**နေပြည်တော် အောက်တိုဘာ ၁**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို ယနေ့ မွန်းလွဲပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် အဖွဲ့ဝင်များက တိုင်းစစ်ဌာနချုပ်၌ တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သတင်းရရှိသည်။ (မြဝ)

# လွိုင်ကော်မြို့နယ်တွင် မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာ

**နေပြည်တော် အောက်တိုဘာ ၁**

ကယားပြည်နယ် လွိုင်ကော်ခရိုင် လွိုင်ကော်မြို့နယ်တွင် ရွေးကောက်ပွဲကျင်းပနိုင်ရန်အတွက် မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာခြင်းကို စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းတွင် ကပ်ထားကြေညာခဲ့သည်။ ထိုသို့ မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာခြင်းကို ကယားပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ လွိုင်ကော်ခရိုင်နှင့် လွိုင်ကော်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့မှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက လိုက်လံကြည့်ရှုခဲ့ကြပြီး မဲဆန္ဒရှင်များက ပုံစံများဖြင့် လျှောက်ထားနိုင်ရေး ဆောင်ရွက်မှုများနှင့်ပတ်သက်၍ လိုအပ်သည်များ ကူညီ ဆောင်ရွက်ပေးနိုင်ရန်အတွက် ရပ်ကွက်၊ ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများကို မှာကြားဆောင်ရွက်ခဲ့ကြသည်။ မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာခြင်းကို စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၁၃ ရက်ထိ ၁၄ ရက် ကပ်ထားကြေညာသွားမည်ဖြစ်ပြီး စက်တင်ဘာ ၃၀ ရက်တွင် မဲဆန္ဒရှင်ပြည်သူ ဦးရေ ၁၇၉၀ ခန့် လာရောက်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စက်တင်ဘာ ၂၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Thu Myae Chann" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် အမှတ်(၇) ရပ်ကွက်နေ ချမ်းမြေ့သူ(ခ) ကိုချမ်းအား ညနေ ၅ နာရီ ၅ မိနစ်တွင်လည်းကောင်း၊ "Saing Hleng" Facebook အကောင့် ပိုင်ရှင်ဖြစ်သူ မရမ်းကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက်နေ စိုင်းဆိုင်လိုင်း(ခ)ဆိုင်လျန်းအား စက်တင်ဘာ ၃၀ ရက် မွန်းလွဲ ၁ နာရီ ၃၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (မြဝ)

## ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၉၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

❑ မုန်တိုင်းငယ်မှအဆက်

ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။


မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

အဆိုပါ မုန်တိုင်းငယ်သည် မြောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး အားကောင်းသော မုန်တိုင်းငယ်အဖြစ်သို့ ပိုမိုအားကောင်းလာနိုင်ကာ အောက်တိုဘာ ၃ ရက်တွင် အိန္ဒိယနိုင်ငံ သြရိသပြည်နယ်နှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အင်ဒရာပရာဒေ့ရှ်ကမ်းခြေတို့ကို ဂိုလ်ပါပူမြို့နှင့် ပါရာဒစ်ပ်မြို့တို့အကြားမှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါ မုန်တိုင်းငယ်၏အရှိန်ကြောင့် ယနေ့ညမှ နောက် ၂၄ နာရီအတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မုန်တိုင်းငယ်၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/ဇလ)**

**၁-၁၀-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၁၇:၃၀ နာရီအချိန် တိုင်းထွာချက်အရ မုန်တိုင်းငယ်လမ်းကြောင်းပြမြေပုံ**







## မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ

မဲစာရင်းများကို စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၁၃ ရက်ထိ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ပထမအကြိမ် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ (၃)ဖြင့် တောင်းဆိုပါ။ အမည်နှင့် အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ (၄)ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များ ပြင်ဆင်ရန်ရှိပါက ပုံစံ (၄-က) ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

## ရွေးကောက်ပွဲတွင် ယာယီနေရပ်စွန့်ခွာနေရသူများ ကြိုတင်မဲပေးနိုင်သည်

ယာယီနေရပ်စွန့်ခွာနေရသူများသည် မိမိတို့၏ နေရပ်ရင်း မဲဆန္ဒနယ်အတွက် ကြိုတင်မဲပေးနိုင်ရန် ပုံစံ (၁၅) များကို မိမိတို့ရောက်ရှိရာဒေသ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် အခမဲ့ရယူ၍ အောက်တိုဘာ ၁၂ ရက် နောက်ဆုံးထား လျှောက်ထားနိုင်သည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

## ပြည်သူ့စစ်မှုထမ်းဆောင်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဌာနချုပ်ရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**



တပ်မတော်စစ်ကြောင်းများက ကျောက်မဲခရိုင် ပြည်သူ့ဆေးရုံကြီးကို သိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံ။



တပ်မတော်စစ်ကြောင်းများက ကျောက်မဲမြို့နယ် မီးသတ်ရုံးကို သိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံ။



တပ်မတော်စစ်ကြောင်းများက ကျောက်မဲမြို့နယ် ရဲစခန်းကို သိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံ။



တပ်မတော်စစ်ကြောင်းများကို ဒေသခံတိုင်းရင်းသားပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုနေသည့် မှတ်တမ်းဓာတ်ပုံ။

☆ ကျောဖုံးမှအဆက်

ရှေ့ကာတပ်အဖြစ်အသုံးချကာ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း၌ ကျောက်မဲမြို့နှင့် နောင်ချိုမြို့အပါအဝင် မြို့ရွာအချို့အား ခေတ္တစိုးမိုးထိန်းချုပ်ခဲ့သည်။

ထို့ကြောင့် တပ်မတော်အနေဖြင့် TNLA အဖွဲ့နှင့် DPLA၊ PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ ခေတ္တစိုးမိုးထားသည့် မြို့ရွာများကို ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှု စစ်ဆင်ရေး (Counter– Terrorism Operation)များကို ဆောင်ရွက်ခဲ့ရာ နောင်ချိုမြို့ကို ၂၀၂၅ ခုနှစ် ဇူလိုင် ၁၆ ရက်တွင် ပြန်လည်သိမ်းပိုက်ထိန်းချုပ်ခဲ့ပြီး အဆိုပါဒေသတွင် ကုန်စည်စီးဆင်းမှုအတွက် အဓိကအရေးပါသည့် ပြည်ထောင်စုလမ်းမကြီးဖြစ်သော မန္တလေး–လားရှိုး–မူဆယ် လမ်းမကြီးပေါ်ရှိ အဓိကလမ်းပိုင်းဖြစ်သည့် နောင်ချို–ကျောက်မဲလမ်းပိုင်းအား ပြန်လည်ဖွင့်လှစ်နိုင်ရေး လိုအပ်သည့် နယ်မြေ ရှင်းလင်းရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ အဆိုပါလမ်းကြောင်းတွင် စစ်ဗျူဟာအရ အဓိကအရေးပါသည့် ဂုတ်တွင်းတံတား၊ နောင်ပစ်ကျေးရွာ၊ ကညင်ကုန်းကျေးရွာ၊ ဇီးပင်ကြီးကျေးရွာနှင့် နောင်ပိန်ကျေးရွာတို့ကို ပထမအဆင့် ထိန်းချုပ်နိုင်ရေး မြေပြင်အနေအထားအရ အခက်အခဲအတားအဆီး များစွာရှိသည့် ဂုတ်တွင်းတံတား၊ ဂုတ်ထိပ်မီးရထားလမ်းတံတားနှင့် ရှူခင်းသာအပါအဝင် ပထမအဆင့်ထိန်းချုပ်ရမည့် အရေးကြီးနေရာများကို TNLA နှင့် မဟာမိတ်များ မမျှော်လင့်သောလမ်းကြောင်းမှ ချဉ်းကပ်ထိုးဖောက်လျက် ဩဂုတ် ၂၉ ရက်တွင် ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့သည်။

ဆက်လက်၍ တပ်မတော်စစ်ကြောင်းများသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) ခရိုင်မြို့တော်ကြီးတစ်ခုဖြစ်သည့် ကျောက်မဲမြို့ကို အမြန်ဆုံးသိမ်းပိုက်နိုင်ရေးနှင့် နောင်ချို–ကျောက်မဲလမ်းပိုင်း အမြန်ဆုံးဖွင့်လှစ်နိုင်ရေး၊ TNLA နှင့် DPLA၊ PDF အမည်ခံ ပူးပေါင်းအကြမ်းဖက်သောင်းကျန်းသူများကို တိုက်ခိုက်ချေမှုန်းနိုင်ရေးအတွက် လိုအပ်သည့် ပြင်ဆင်စုဖွဲ့မှုများ ဆောင်ရွက်ခဲ့ပြီး စက်တင်ဘာ ၉ ရက်မှစ၍ အကြမ်းဖက်ချေမှုန်းမှု စစ်ဆင်ရေးဖြင့် မြေပြင်၊ဝေဟင် ပေါင်းစပ်ညှိနှိုင်းကာ စစ်ကြောင်းများခွဲ၍ တန်ပြန်တိုက်စစ်များဖြင့် အဆင့်ဆင့်ထိုးဖောက်တိုက်ခိုက်ချေမှုန်းမှုဆောင်ရွက်ခဲ့ရာ ၂၀၂၅ ခုနှစ် စက်တင်ဘာ ၁၀ ရက်တွင် မန်ကွတ်ကျေးရွာ၊ စက်တင်ဘာ ၁၂ ရက်တွင် ပပုတ်ကျေးရွာ၊ စက်တင်ဘာ ၁၃ ရက်တွင် ခေးလောင်းကျေးရွာ၊ စက်တင်ဘာ ၁၅ ရက်တွင် ပန်းမလွတ်ကျေးရွာ၊ စက်တင်ဘာ ၁၇ ရက်တွင် ပိတက်ကျေးရွာနှင့် ပံတီးကျေးရွာ၊ စက်တင်ဘာ ၁၈ ရက်တွင် ကောင်းမူလိန်ကျေးရွာ၊ စက်တင်ဘာ ၁၉ ရက်တွင် မန်ပန်ကျေးရွာ၊ စက်တင်ဘာ ၂၀ ရက်တွင် ပွိုင့်–၁၂၁၂ တောင်ကုန်း၊ ခိုက်တုန်ဟုန်းကျေးရွာနှင့် ကုန်းကော်ကျေးရွာ၊ စက်တင်ဘာ ၂၁ ရက်တွင် တောင်ဆေးလိပ်ကျေးရွာ(တောင်ပိုင်း)၊ တောင်ဆေးလိပ်ကျေးရွာ(မြောက်ပိုင်း)၊ စက်တင်ဘာ ၂၂ ရက်တွင် နားအိုက်ခမ်းကျေးရွာ၊ စက်တင်ဘာ ၂၅ ရက်တွင် မြင်းကွင်းကျေးရွာနှင့် နားချောင်းကျေးရွာ၊ စက်တင်ဘာ ၂၇ ရက်တွင် ခမ်းဆာကျေးရွာနှင့် မန်လွယ်ကျေးရွာ စက်တင်ဘာ ၂၉ ရက်တွင် ပင်တီးကျေးရွာ၊ စခန်းသာကျေးရွာ၊ လုံဝယ်ကျေးရွာ၊ နမ့်ဟူးကျေးရွာ၊ ပေါက်အံလေးကျေးရွာနှင့် ပေါက်အံကြီးကျေးရွာ၊ စက်တင်ဘာ ၃၀ ရက်တွင် နမ့်ဆောကျေးရွာ၊ ခိုမောင်းကျေးရွာနှင့် ကောင်းအိုက်ကျေးရွာတို့နှင့် ၎င်းကျေးရွာများအနီးတစ်ဝိုက်ရှိ ရန်သူ့စခန်းကုန်းများကို အဆင့်ဆင့် ပြန်လည်သိမ်းပိုက်ရရှိခဲ့ပြီး ယနေ့ အောက်တိုဘာ ၁ ရက် ညနေ ၄ နာရီတွင် အကြမ်းဖက်သောင်းကျန်းသူများခေတ္တထိန်းချုပ်၍ နယ်မြေခံတိုင်းရင်းသားများအပေါ် မတရားဖိနှိပ်ချုပ်ချယ်ထားသည့် ကျောက်မဲမြို့ကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည့်အတွက် ၎င်းတို့၏ ပလောင်ပြည်နယ်ရရှိရေး စိတ်ကူးယဉ်အိပ်မက်များတွင်ပါဝင်သည့် မြို့ရွာများကို တပ်မတော်စစ်ကြောင်းများက တစ်မြို့ပြီး တစ်မြို့ ပြန်လည်ထိန်းချုပ်ပြီး ၎င်းတို့၏စိတ်ကူးယဉ်အိပ်မက်များကို တစ်ခုပြီး တစ်ခု ရိုက်ချိုးနိုင်ခဲ့ကာ ကျောက်မဲ–နောင်ချို–ပြင်ဦးလွင် ပြည်ထောင်စုကားလမ်းပိုင်းကို ပြန်လည်စိုးမိုးထိန်းချုပ်နိုင်ခဲ့ပြီးဖြစ်သည်။



TNLA အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက ကျောက်မဲမြို့မရဲစခန်းကို မီးရှို့ဖျက်ဆီးမှု မှတ်တမ်းဓာတ်ပုံ။





တပ်မတော်စစ်ကြောင်းများက ရန်သူ့ အလောင်း၊ လက်နက်များကို သိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံ။

ထိုသို့ အဆင့်ဆင့် ပြန်လည်တိုက်ခိုက်ထိန်းချုပ်ခဲ့ရာ စစ်ဆင်ရေးကာလ ၂၁ ရက်တာကာလအတွင်း အကြမ်းဖက်သောင်းကျန်းသူများနှင့် တိုက်ပွဲကြီး ၃၆ ကြိမ်၊ ထိတွေ့မှုပေါင်း ၇၆ ကြိမ် စုစုပေါင်း ၁၁၂ ကြိမ်ဖြစ်ပွားခဲ့ပြီး ရန်သူ့ထံမှ အလောင်း ၆၁ လောင်း၊

စာမျက်နှာ ၂၅ သို့





အကြမ်းဖက်သောင်းကျန်းသူများ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် ဂုတ်တွင်းတံတားကို တပ်မတော်က ပြန်လည်ပြုပြင်တည်ဆောက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သောင်းကျန်းသူများ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် ဂုတ်ထိပ်မီးရထားသံလမ်းတံတားကို ပြန်လည်ပြုပြင်တည်ဆောက်နေသည့် မှတ်တမ်းဓာတ်ပုံ။





တပ်မတော်စစ်ကြောင်းများက ရန်သူ့ထံမှ လက်နက်၊ ခဲယမ်းများကို သိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံ။

စာမျက်နှာ ၂၄ မှအဆက်

လက်နက် ၄၁ လက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ သိမ်းပိုက်ရရှိခဲ့ပြီး တပ်မတော်မှ အရာရှိစစ်သည်အချို့ ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

TNLA၊ DPLA နှင့် PDF အမည်ခံ အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူများအနေဖြင့် ကျောက်မဲမြို့မှ ဆုတ်ခွာထွက်ပြေးစဉ် ကျောက်မဲမြို့မရဲစခန်း၊ EPC Station၊ ခရိုင်သစ်တောရုံး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ မီးသတ်ဦးစီးဌာန အဆောက်အအုံ၊ စာသင်ကျောင်းများ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများကို ယုတ်မာရိုင်းစိုင်းစွာဖြင့် အသိတရားကင်းမဲ့စွာဖြင့် မီးရှို့ဖျက်ဆီးခဲ့သည့်အပြင် ခေတ္တထိန်းချုပ်စဉ်ကာလအတွင်း မြို့ရွာများအတွင်းရှိ ဌာနဆိုင်ရာအဆောက်အအုံများ၊ ဆေးရုံများနှင့် လူနေအိမ်များတွင် ဘန်ကာများဆောက်လုပ်ပြီး တပ်မတော်စစ်ကြောင်းများကို ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဒေသခံပြည်သူများ၏ အိုးအိမ်များကို ခံစစ်တံတိုင်းအဖြစ် အကာအကွယ်ရယူ၍ ပစ်ခတ်တိုက်ခိုက်ခြင်းများကို လုပ်ဆောင်ခဲ့သည့်အပြင် ဒေသခံပြည်သူများ နေအိမ်များနှင့် ဈေးဆိုင်ခန်းများကို ဖောက်ထွင်း၍ တန်ဖိုးကြီးပစ္စည်းများ၊ စားသောက်ကုန်နှင့် အသုံးအဆောင်ပစ္စည်းများကို အဓမ္မယူဆောင်ခြင်းများ လုပ်ဆောင်ခဲ့သဖြင့် ဒေသခံတိုင်းရင်းသားလူမျိုးပေါင်းစုံတို့ကလည်း အဆိုပါ အကြမ်းဖက်သောင်းကျန်းသူများအပေါ် လွန်စွာစက်ဆုပ်ရွံရှာမုန်းတီးခြင်းနှင့်အတူ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများအပါအဝင် ဒေသခံပြည်သူများသည် ဆင်းရဲမှုဘေးဒုက္ခကြီးစွာဖြင့် နီးစပ်ရာမြို့ရွာများရှိ ဆွေမျိုးများ၏ နေအိမ်များ၊ ယာယီနေရပ်စွန့်ခွာစခန်းများသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။

အလားတူ အကြမ်းဖက်သောင်းကျန်းသူများသည် တပ်မတော်စစ်ကြောင်းများနှင့် တိုက်ပွဲများဖြစ်ပွားစဉ်ကာလအတွင်း ၂၀၂၅ ခုနှစ် ဇူလိုင် ၁၃ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နောင်ချိုမြို့နယ်အပိုင်း မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် (၇၈/၂-၇၈/၃) အတွင်း တည်ရှိသည့် တံတားအမှတ်(၉/၈၄) သံကူကွန်ကရစ်တံတားအား လည်းကောင်း၊ ၂၀၂၅ ခုနှစ် ဇူလိုင် ၁၅ ရက်တွင် ဂုတ်တွင်းတံတား(အသစ်)နှင့် (အဟောင်း) နေရာနှစ်ခုကို ဒုတိယအကြိမ်မြောက်အဖြစ် လည်းကောင်း၊ ၂၀၂၅ ခုနှစ် ဩဂုတ် ၂၄ ရက်တွင် မြန်မာနိုင်ငံ၏အထင်ကရအမှတ်အသားနှင့် ကမ္ဘာကျော်ရှေးဟောင်း မီးရထားလမ်းတံတား တစ်စင်းဖြစ်သည့် ဂုတ်ထိပ်တံတား (ကျောက်မဲမြို့ဘက်အခြမ်း)အားလည်းကောင်း ယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ခြင်းနှင့် နောင်ချို-ကျောက်မဲလမ်းကြောင်းတစ်လျှောက်၌ လမ်းပန်းဆက်သွယ်ရေးများ အခက်အခဲဖြစ်စေရန်အတွက် အတားအဆီးများပြုလုပ်၍ လမ်းများပိတ်ဆို့ထားခြင်းတို့ကို လုပ်ဆောင်ခဲ့ကြသည်။

ထို့ကြောင့် တပ်မတော်စစ်ကြောင်းများက လမ်းကြောင်းတစ်လျှောက်ရှိ အတားအဆီးနေရာများကို လူအင်အား၊ စက်ယန္တရားများအသုံးပြု၍ ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းများနှင့် ဂုတ်တွင်းတံတားကို အများပြည်သူ ပြန်လည်အသုံးပြုနိုင်ရေး ပို့ဆောင်ဆက်သွယ်မှု အဆင်ပြေချောမွေ့စေရေးတို့အတွက် တပ်မတော်မှ စစ်မြေပြင်အင်ဂျင်နီယာတပ်ဖွဲ့ဝင်များက ယာယီ သံဘောင်ဘေလီတံတားထိုးခြင်းလုပ်ငန်းများကို ၂၀၂၅ ခုနှစ် ဩဂုတ် ၂၉ ရက်မှစ၍ နေ့ညမပြတ် ကြိုးပမ်းဆောင်ရွက်ခဲ့မှုကြောင့် အကြမ်းဖက်သောင်းကျန်းသူများ ဆင်ခြင်တုံတရားမဲ့စွာ မိုင်းထောင် ဖောက်ခွဲဖျက်ဆီးခဲ့သည့် ဂုတ်တွင်းတံတားနေရာ၌ ယခုအခါ အလျားပေ ၁၅၀၊ တံတားအကျယ် ၁၈ ပေရှိ သံဘောင်ဘေလီအမျိုးအစား တံတားသစ်ကြီးကို စက်တင်ဘာ ၁၂ ရက်တွင် တည်ဆောက်ပြီးစီးခဲ့ပြီဖြစ်သည့်အတွက် တပ်မတော်စစ်ကြောင်းများက အဆိုပါ ကျောက်မဲ-နောင်ချို-ပြင်ဦးလွင် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ဒေသခံခရီးသွားပြည်သူများနှင့် မော်တော်ယာဉ်များ စိတ်အေးချမ်းသာစွာ ပုံမှန်အတိုင်း ပြန်လည်သွားလာနိုင်ရေး လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ကမ္ဘာ့သမိုင်းဝင် ဂုတ်ထိပ်မီးရထားလမ်း တံတားပျက်စီးမှုအပိုင်းကိုလည်း လုံခြုံရေးတပ်ဖွဲ့ဝင်များ အကူအညီဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းများကလည်း နေ့မအားညမနား ပြုပြင်လျက်ရှိရာ ယခုအခါ ၅၉ ဒသမ ၁ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ နောင်ချိုမြို့မှ ၃၃ ကီလိုမီတာအကွာရှိ ကျောက်မဲမြို့ကို ၂၁ ရက်တာကာလအတွင်း တပ်မတော်စစ်ကြောင်းများက ပြန်လည်သိမ်းပိုက်နိုင်ခြင်းမှာ အကြမ်းဖက် သောင်းကျန်းသူများ၏ လူမဆန်သောလုပ်ရပ်များ၊ အဓမ္မနိုင်ထက်စီးနင်းပြုမူမှုများနှင့် လူမျိုးရေးခွဲခြားမှုပုံစံများအပေါ် ရှုံ့ရှာအော့နှလုံးနာနေကြသည့် ဒေသခံလူငယ်၊ လူလတ်နှင့် လူကြီးပိုင်းအပါအဝင်ပြည်သူလူထုတစ်ရပ်လုံးက အကြမ်းဖက် သောင်းကျန်းသူများ၏ လှုပ်ရှားမှုနှင့် တည်နေရာများကို နောင်ချိုမြို့ သိမ်းပိုက်ပြီးနောက်ပိုင်းမှစ၍ တပ်မတော်စစ်ကြောင်းများအပေါ် အားကိုးကြီးစွာဖြင့် အချိန်နှင့်တစ်ပြေးညီ သတင်းပေးပို့မှုအပေါ် တပ်မတော်စစ်ကြောင်းများကလည်း ပြည်သူသာအမိ၊ ပြည်သူသာအဖ ခံယူချက်အတိုင်း ဒေသခံပြည်သူများအပေါ် မိမိတို့၏ အမိအဖ၊ ဆွေမျိုးများကဲ့သို့ တစ်သားတည်း ထင်ဟပ်လျက် အကြမ်းဖက်သောင်းကျန်းသူများ၏ ဒုက္ခဘေးအန္တရာယ်မှ အမြန်ဆုံးလွတ်မြောက်စေရေး ရဲ သုံးရဲ၊ မြဲ သုံးမြဲဖြင့် ရင်ကိုမြေကတုတ်လုပ်၍ တုံးတိုက်တိုက်ကျားကိုက်ကိုက်စိတ်ဓာတ်နှင့် လေ့ခွက်ချည်းကျန်အလံမလှဲသည့် စိတ်ဓာတ်တို့ဖြင့် တိုက်လိုခိုက်လိုစိတ်ပြင်းပြစွာ တိုက်ပွဲဝင်ခဲ့၍လည်း ရှမ်းပြည်နယ်(မြောက်ပိုင်း) ခရိုင်မြို့တော်ကြီးတစ်ခုဖြစ်သည့် ကျောက်မဲမြို့ကို အမြန်ဆုံး ပြန်လည်သိမ်းပိုက်နိုင်ခဲ့ခြင်းဖြစ်သည်။

ယခုကဲ့သို့ ကျောက်မဲမြို့ကို ယနေ့တွင် တပ်မတော်က ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည့်အတွက် ဒေသခံတိုင်းရင်းသားပြည်သူများကလည်း တပ်မတော်စစ်ကြောင်းများကို အောင်သပြေများ၊ ပန်းကုံးများဖြင့် ဝမ်းသာအားရ သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြသည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် နောင်ချိုမြို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးသကဲ့သို့ပင် ယာယီနေရပ်စွန့်ခွာနေကြရသည့် ဒေသခံတိုင်းရင်းသားမိဘပြည်သူများနှင့် ဆွေမျိုးများပြန်လည်ဝင်ရောက်၍ အေးချမ်းစွာ လုပ်ကိုင်စားသောက်နေထိုင်နိုင်ရေး၊ အစိုးရအုပ်ချုပ်မှုယန္တရားများ အမြန်ဆုံးပြန်လည်လည်ပတ်နိုင်ရေး၊ အဆိုပါဒေသတည်ငြိမ်အေးချမ်းရေးတို့အတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter– Terror–ism Operation)များကို ဒေသခံပြည်သူများနှင့် ပူးပေါင်းကာ ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်သွားမည်ဟု သိရှိရသည့်အပြင် အနာဂတ်၏ ခေါင်းဆောင်များဖြစ်လာမည့် ရင်သွေးငယ် သားသမီးများကလည်း ပညာရည်နို့သောက်ယူနိုင်မည့်အခွင့်အရေးများ ရရှိလာတော့မည်ဖြစ်သကဲ့သို့ ဒေသခံပြည်သူများအနက် အသက် ၁၈ နှစ် ပြည့်ပြီးသူများသည်လည်း မကြာမီကျင်းပပြုလုပ်တော့မည့် လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးတွင် အချိန်မီ မဲပေးနိုင်တော့မည့် နိုင်ငံသားအခွင့်အရေးများကိုလည်း အပြည့်အဝခံစားကြရတော့မည်ဖြစ်၍ အထူးပင်ဝမ်းမြောက်ဂုဏ်ယူနေကြကြောင်း သတင်းရရှိသည်။ ` (၅၀၁)

ဝတ္ထုတိုကဏ္ဍ

# ကျောက်ကျွန်း

## ညိမ်းညို



(၁)

နေရောင်က စူးစူးချိပ်ချိပ်ရှိလှသည်။ မြင့်မားသရွေ့ မတ်စောက်လှသော တောင်ကြောကြီးပေါ် တရွေ့ရွေ့တလှုပ်လှုပ်တက်သွားကြသည့် ရွှေမြင့်တို့လင်မယားကို မျက်စိတစ်ဆုံး ကျွန်တော်ကြည့်နေမိသည်။ သူတို့ပခုံးပေါ်တွင် လေးထောင့်ကျကျဖြစ်အောင် သစ်ခုတ်ဓားဖြင့်ရွေ့ထားသည့် တစ်နိုင်တစ်ပိုင်ကျွန်းတုံးကလေးတွေ ပါသွားကြသည်။ ရွှေမြင့်မိန်းမမိသီကလည်း ပုဆိုးစုတ်ကလေးတစ်ထည် ပခုံးပေါ်ခုကာ သူ့ယောကျ်ားနည်းတူ ထမ်းသွားရှာသည်။ သည်ဘက်က မိန်းမတွေအများစု ခေါင်းဖြင့်ရွက်တာကို ကျွန်တော်မတွေ့ဖူးသေး။ ခရီးအားဖြင့် ကွာဝေးသောကြောင့် ပိုပြီးသက်သောင့်သက်သာဖြစ်စေသည့်နည်းလမ်းကို သဘာဝကျကျ ရွေးလိုက်ကြပုံပေါ်သည်။

ကျွန်တော် သည်နေရာကိုရောက်တာ နှစ်လကျော်ကျော်ကြာမြင့်ခဲ့ပြီ။ ပိုပြီး တိတိကျကျဆိုရလျှင် သံတံတားစခန်းကို လုံခြုံရေးတာဝန်ဖြင့် ရောက်ရှိနေခြင်းပင်။ ကျွန်တော်အပါအဝင်မှ ခုနစ်ဦးသာရှိ၏။ ထူးထွေကြီးမားသော သီးခြားတာဝန်လည်းမရှိသဖြင့် နည်းသည်ဟုလည်း မဆိုသာပြန်။

စခန်းက လျှိုကလေးထဲကျနေ၏။ ပတ်ပတ်လည်တွင် တောင်တန်းကြီးတွေရှိသည်။ တောရိပ်တောင်ရိပ်တို့ဖြင့် စိုစိုပြည်ပြည်ရှိပါ၏။ ပွန်းချောင်းရေအလျဉ်သည် ကျွန်တော်တို့စခန်းအနီးမှပင် ကွေ့ဝိုက်ဖြတ်သန်းကာ ရှမ်းပြည်နယ်မှသည် ကယားပြည်နယ်သို့ စီးဆင်းလျက်ရှိသည်။ စခန်း၏ အရှေ့ဘက် မျက်နှာစာ ဓားလွယ်ခုတ်မကျတကျတွင် သံတံတားအိုကြီးတစ်စင်းရှိသည်။ နှစ်တွေကြာပေရော့မည်။ တံတားအိုကြီးမှာ ဟောင်းနွမ်းလှပြီ။ ယာဉ်အသွားအလာမရှိသည်မှာ တံတားကြီး၏ သက်တမ်းနှင့်အမျှဖြစ်ပေလိမ့်မည်။ လမ်းအူကြောင်းမှာ တံတားကြီး၏ သည်ဘက်ခြမ်းထိသာရှိသည်။ ရည်မှန်းချက် အထမမြောက်မီ တစ်ဝက်တစ်ပျက်မှာပင် စီမံကိန်းရပ်တန့်ခဲ့ပုံရသည်။

မြေပြင်အမှတ်အသားများကို မြေပုံပေါ်တွင် စကေးကိုက်တင်ကြည့်ရာ ထိုတံတားအိုကြီးသည် ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့၏ နယ်နိမိတ်မျဉ်းပေါ်တွင် တန်းတန်းမတ်မတ်ကျရောက်နေသည်ကို တွေ့ရပါ၏။

တံတားကြီးအောက်ဘက်တွင် အောက်ခံကျောက်များမညီညာမှုကြောင့် ရေတံခွန်လေးသဖွယ်ဖြစ်နေသည့် ရေဆင်းတစ်ခုရှိသည်။ အဝေးအရပ်ဆီမှ စီးဆင်းလာသော ပွန်းချောင်းရေပြင်သည် ထိုနေရာအရောက်တွင် ရှမ်းပြည်နယ်မှသည် ကယားပြည်နယ်ဘက်သို့ ခုန်ဆင်းသွားသည့်နှယ်ရှိ၏။ ရေမှုန်ရေမွှားများ တဖွားဖွားလွင့်ပျံလျက်ရှိ၏။

ပွန်းချောင်း၏ နံဘေးတစ်လျှောက် ဘယ်ညာနှစ်ဖက်စလုံးရှိ တောင်ကြောများပေါ်၌ ဝါးရုံတောကြီးများက ညို့ညို့မှောင်မှောင်ထူထူထဲထဲပေါက်နေကြသည်။ ထိုတောင်ကြောကြီးများကိုလွှမ်းသော် စိမ်းသောတောအုပ်တို့သည် စိမ်းရာမှလွင်၊ လွင်ရာမှ မှိုင်း၊ မှိုင်းရာမှ ရင့်သည်ထက်ရင့်ကာ တစ်တောင်ပေါ် တစ်တောင်ဆင့်၍ စီကာရီကာရှိနေကြသည်။

ကျွန်တော်ရောက်စတုန်းကတော့ ခုနစ်ရက် တစ်ပတ်ကျော်သည်ထိ ကိုယ့်လူကလွဲပြီး အခြားလူသူလေးပါးမတွေ့ရ။ ကြာလာတော့ ကိုယ့်ဘက်က စပြီး စနည်းနာရသည်။ တိတ်ဆိတ်ခြောက်ကပ်၍ ထီးတည်းနိုင်လှခြင်းထက် ဈေးသည်ကလေးမှ မလာတာကလည်းအခက်သား။ တပည့်တွေကို အပေါ်ဘက်က နောင်ထော်ရွာအထိ နှစ်နာရီလောက် တက်လိုက်ဆင်းလိုက်ဖြင့် ဈေးဝယ်လွှတ်ရသည့်အပေါ် စိတ်မချနိုင်တာလည်းပါပါ၏။

"ဘယ့်နှယ် လူသွားလူလာကျဲလှပါလား။ အရင်ကရော ဒီလိုပဲလား။ တစ်ရွာနဲ့တစ်ရွာတောင် မကူးကြတော့ဘူးလား"

ရှစ်ရက်မြောက်နေ့မှာတော့ ကျွန်တော့်အရင် ရောက်နှင့်နေသည့် ဆရာကြီးဦးထွန်းသာကို မေးရသည်။

"အကျဲကြီးတော့ မဟုတ်ပါဘူး။ အလျှိုအလျှိုတော့ သွားကြလာကြပါတယ်။ အခုနေမဲ့ စခန်းမှူးက အသစ်ဆိုတော့ အရိပ်အကဲကြည့်နေကြဟန်တူပါရဲ့"

"ဘာလဲဗျ အရိပ်အကဲ။ ဆရာကြီးပြောတာကို ကျွန်တော်မရှင်းဘူး။ ကျွန်တော့်အရိပ်အကဲကို ဘယ်သူတွေက ကြည့်နေကြတာလဲ"

ကျွန်တော်က ထပ်မေးသည်။ ရိုးသားလှသော ဆရာကြီးဦးထွန်းသာက ပြုံးသည်လည်းမမည် တည်သည်လည်းမဆိုသာသော မျက်နှာရိပ်ဖြင့် သူပြောရမည့်အကြောင်းအရာအတွက် ချိန်ဆနေပုံရသည်။ စိတ်တိုင်းကျသော စကားလုံးကို ရှာတွေ့အံ့မထင်။ အတန်ကြာသည်ထိ စကားသံပေါ်မလာ။ ကျန်သောလူတွေဘက် ဝေ့ကြည့်သည်။

"ဒီလို စခန်းမှူးရဲ့"

ဆရာကျော်ကျော်က ဝါးကပ်ရက်ရန် နှီးပြားကလေးတွေလှီးနေရင်းက ထလာပြီးပြောသည်။

"ကျွန်တော်တို့စခန်းက ဒီလောက်ကြီး ခြောက်ကပ်နေတာတော့မဟုတ်ပါဘူး။ သွားသွားလာလာရှိကြပါတယ်။ ဈေးပစ္စည်းဆိုလဲ အကြုံနဲ့မှာတာများပါတယ်။ အခုဟာက အဲ..."

ဆရာကျော်ကျော်သည်လည်း ဟုတ်မလိုလိုနှင့် အဖျားရှူးသွားပြန်၏။ သူတို့အားလုံးထံတွင် အခက်အခဲဖြစ်နေသော အကြောင်းတစ်ခုခုတော့ ရှိရလိမ့်မည်။ ကျွန်တော်လမ်းဖွင့်မပေးလျှင် လိပ်ခဲတည်းလည်းဖြင့် ပြီးလိမ့်မည်မဟုတ်။

"ကဲဗျာ၊ လုပ်လက်စအလုပ်တွေ ခဏရပ်ထားပြီး စုကြပါအုံး။ ကျွန်တော့်ကို စခန်းမှူးဆိုပြီး မပြောရဲမဆိုရဲမရှိကြနဲ့။ နောင်လဲ သိရမှာမျိုးဆိုရင်တော့ စောစောသာကြိုပြောကြ။ ခင်ဗျားတို့ပြောမှ သိသင့်တာသိပြီး အဆုံးအဖြတ်ပေးလို့ရမှာ"

မေးလိုက်တော့လည်း အလွယ်ကလေး။ သိပ်လည်းခဲရာခဲဆစ်မဟုတ်။ ကြီးကြီးကျယ်ကျယ်တွေးမည်ဆိုလျှင် တာဝန်ယူမှု၊ တာဝန်ခံမှုထိရောက်သွားနိုင်ပြီး မြေပြင်ပကတိအရှိတရားကို စာနာစိတ်နှင့်ကြည့်မည်ဆိုလျှင်တော့ လူအနည်းငယ်၏ တစ်ဝမ်းတစ်ခါးအတွက်ဆိုတာလောက်နှင့် လမ်းဆုံးပါလိမ့်မည်။ ဒုတိယအရာကို ကျွန်တော်ရွေးချယ်လိုက်သည်။

ကျွန်တော်တို့စခန်းသို့ လာမည်ဆိုလျှင် နောင်ထော်ရွာထိသာ ကားလမ်းပေါက်သည်။ နောင်ထော်ရွာမှဆက်လာလျှင် ရွာသစ်ကလေးရှိသေးသည်။ လက်နက်ကိုင်ပဋိပက္ခများ၏ အလှည့်အပြောင်းတစ်ခုတွင် ပြန်လည်နေရာချထားခြင်းအတွက် လိုအပ်လှစွာပေါ်ပေါက်လာရခြင်းဖြစ်၏။ ထိုရွာကလေးတွင် နေရာဒေသအသီးသီးမှ အကြောင်းအမျိုးမျိုးနှင့်ရောက်လာကြသည့် တိုင်းရင်းသားအစုရှိသည်။ ရွှေမြင့်တို့၊ မိသီတို့လို ဟိုးအထက်အညာကတောင် ပါလိုက်သေး၏။ အကဲခတ်ရသလောက် တစ်ရွာလုံးလိုလိုက ပြည့်ပြည့်စုံစုံမဟုတ် နွမ်းပါးကြရှာသည်။

လက်နှီးစုတ်ပုဆိုး အဖာနှင့် အပြဲချည်းဆိုသလိုတောင်ထွတ်နှင့်လျှိုမြောင်တွေသာ လှိုင်လှိုင်ထနေသဖြင့် စိုက်ခင်းစိုက်ကွက်က မကောင်း။ ရာသီကကြမ်းတမ်းခက်တရော်သေးသည်။ သည်တော့ သစ်သီးသစ်နှံစိုက်ဖို့ဆိုသည်မှာ ကုန်းခေါင်ခေါင်ငါးရှာရသည့်နှယ်ရှိကြလိမ့်မည်။ သည်တော့ ရွေးချယ်နိုင်မှုနည်းပါးလှစွာပင် အများစုက သစ်ခုတ်ဝါးခုတ်ဖြင့် အသက်မွေးလာကြရသည်။ အချိန်ကြာမြင့်လာသော် သစ်ကောင်းဝါးကောင်းတို့ရှားပါးလာကြ၏။ ရောင်းတန်းဝင်သော သစ်၊ ဝါးတို့မှာ ရွာနီးချုပ်စပ်ဆိုလျှင် ပင်ရိပ်ပင်ခြေတောင်တွေ့ရဖို့မလွယ်။ သည်လိုနှင့် တိုးတိုးပြီးခုတ်လာကြရင်းက သံတံတားစခန်းကိုကျော်နိုင်မှသာ သစ်ကလေးဝါးကလေးရနိုင်တော့သည့်အခြေအနေမျိုးဖြစ်လာသည်။ ဒါတောင် စခန်းကိုကျော်ရုံနှင့် ရသေးတာမဟုတ်။ တဖြည်းဖြည်းခရီးလှမ်းလာလိုက်ပုံက သံတံတားစခန်းပင်လျှင် ခရီးတစ်ထောက်နားခိုရာ ထက်ဝက်သာသာလောက်ကျသွားသည်။

ရေစီးသန်လှသောပွန်းချောင်းကို ကူးစရာဖြတ်စရာဆိုလို့ အထက်တစ်နယ် အောက်တစ်ကြောသည်တံတားတစ်စင်းရှိတာမို့ ကွင်းသွားဖို့ကလည်း မဖြစ်နိုင်။ သည်တော့ ရွာသစ်ကလေးက လူတွေအဖို့ သံတံတားစခန်းက မဖြစ်မနေ ဖြတ်ကိုဖြတ်ရတော့သည်။

ဖြတ်တာက မဆန်း။ သစ်တဲ့ဝါးတဲ့ဆိုပြန်တော့ တံတားတာဝန်ကျပုဂ္ဂိုလ်များက ကြည်သာပါဦးမှ၊ အခွင့်ပေးကြပါဦးမှ။

သံတံတားဇာတ်လမ်း၏ အသွားအလာကိုတော့ ကျွန်တော်သိရပြီ။ နောက်ခံမီးအလင်းအမှောင်ကိုလည်း မြင်ရပြီ။ ဆိုင်းသံဗုံသံကိုလည်း ကြားရပြီ။ ဆရာကြီးဦးထွန်းသာကို ကျွန်တော့်အခန်းလေးထဲခေါ်လိုက်သည်။

"ရွာသစ်ကလေးက လူတွေကို ပြောလိုက်ပါဗျာ။ လူတစ်ကိုယ်ထမင်းတစ်လုတ်အတွက်တော့ဖြင့် ရှိကြပါစေ။ ကျွန်တော်တို့စခန်းအတွက် ကွမ်းတစ်ယာဆေးတစ်လိပ်တောင်မသက်ရောက်ပါစေနဲ့။ ပြဿနာတစ်စုံတစ်ရာဖြစ်ခဲ့ရင်လဲ ကျွန်တော်ရှိနေတဲ့ကာလအတွင်း ကျွန်တော်တာဝန်ယူပါတယ်"

သည်လိုနှင့် သံတံတားတစ်ဝိုက် လူသံသူသံတို့ဖြင့် ပြန်လည်စည်ဝေလာသည်။ ရွှေမြင့်တို့လင်မယားလည်း အပါအဝင်ဆိုပါတော့။

(၂)

တစ်ရက်သား ဘာစိတ်ကူးပေါက်သည်မသိ။ ရွှေမြင့်တို့လင်မယား အပြန်ခရီးလည်းမဟုတ်ပါဘဲ အသွားမှာပင် အတော်လေးကြာအောင် နားသွားကြသည်။ ဆရာကြီးဦးထွန်းသာကို စက္ကူဟောင်းပတ်ထားသည့် အလိပ်ကလေးတစ်ခုလာပေးသည်။ အထဲတွင် အီကြာကွေးသုံးချောင်းပါသည်။ အေးစက်နေကြပေပြီ။ ကျွန်တော့်ကိုပေးရန် မနက်လင်းအားမကြီးမီ လက်ဖက်ရည်ဆိုင်ရှိရာ နောင်ထော်ရွာအထိ ခပ်စောစောသွားရသည်ဟုဆိုသည်။ ဆရာကြီးဦးထွန်းသာက ကွမ်းတစ်ယာ ဆေးတစ်လိပ်တောင် မသက်ရောက်စေဖို့မှာထားသောကြောင့် ယူမထားလိုကြောင်း ပြန်ပြောနေသည်။

လေသင့်သဖြင့် သူတို့စကားသံများကို ကျွန်တော်ကြားနေရ၏။ ရှင်းလင်းဆောင်ကနေ သူတို့ရှိရာဘက်သို့ ကျွန်တော်ထွက်လာလိုက်သည်။ ကျွန်တော့်ကိုမြင်တော့ ရွှေမြင့် နောက်ကိုယို့သည်။ မိသီသည်လည်း ကပ်လျက်ယို့၏။ ထုံးစံအတိုင်း ရွှေမြင့်က ညှင်းသိုးသိုးနှင့် မိသီကခေါင်းစုတ်ဖွားနှင့်။ လင်မယားနှစ်ယောက်စလုံး နွမ်းနွမ်းဖတ်ဖတ်။

"ဆရာကြီး ယူထားလိုက်ပါ။ ကျွန်တော်လဲ အီကြာကွေးမစားရတာကြာပြီ။ နောင်ထော်ကို စိတ်ရောက်နေတာ။ ရွှေမြင့်လာပေးတာနဲ့ အတော်ဖြစ်သွားတယ်"

ကျွန်တော်က ရွှမ်းရွှမ်းဝေအောင်ပြောနေသော်လည်း ရွှေမြင့်ကမူ မရယ်မပြုံး။ မှုန်တေတေသာရှိနေသေး၏။

"ယကြာချေတာတော့ မဟုတ်ပါဘူးကွနော်"

"ဟာ၊ မဟုတ်ရပါဘူးဗျာ။ ဆရာ့ကို စားစေချင်လို့ပါ။ တစ်ခါမှလဲ မပေးရသေးလို့လေ"

**ဆက်လက်ဖော်ပြပါမည်။**

# မြင်းမူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်း ၁၅၈၅ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**စစ်ကိုင်း အောက်တိုဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်း ၁၅၈၅ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၉၀၅၂ ကေ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော နှမ်းစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လ ပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၁၅၈၅ ကေ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၁၀ တင်းခန့် ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ နှမ်း ၁၉၀၅၂ ကေ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့နှမ်းခင်းတွေ လက်ရှိ ရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ၁၅၈၅ ကေ ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ကေ တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်တွေနဲ့စိုက်ပျိုးဖို့ အတွက်လဲ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြင်းမူမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များစိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးခဲ့ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင်စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းဆီစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကိုရောင်းချနိုင်မည်ဖြစ်သောကြောင့် နှမ်းကို ဒေသမရွေး ပိုမိုတိုးချဲ့စိုက်ပျိုးရန် ကြိုးပမ်းသင့်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။ (၂၀၆)

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ကွမ်းသီးအစိမ်း အလုံးရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**မော်လမြိုင်ကျွန်း အောက်တိုဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ကွမ်းသီးအစိမ်း အလုံးရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သက်သက်က ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဩဂုတ်လအတွင်း ကွမ်းသီးအစိမ်း အလုံးရေ ၁၄၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့သော်လည်း စက်တင်ဘာလအတွင်း ကွမ်းသီးအစိမ်း အလုံးရေ ၁၆၅၀၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ကွမ်းသီးစိမ်း အလုံးရေ ၁၀၀ လျှင် ငွေကျပ် ၂၀၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ပြည်ပဈေးကွက်က အမှာကုန်များလာလို့ ရန်ကုန်ဈေးကွက်ကို တင်ပို့ကုန်အများအပြားတင်ပို့နေရပါတယ်။ တင်ပို့နေရတဲ့ ကွမ်းသီးကတော့အရည်အသွေးကောင်းဖို့ လိုအပ်တာပေါ့။ သန့်ရှင်းဖို့လဲလိုပါတယ်။ လက်ရှိ ကွမ်းသီးအစိမ်း အလုံး ၁၀၀ ကို ငွေကျပ် ၂၀၅၀၀ ထိ ပေါက်ဈေးရှိပါတယ်။ ရန်ကုန်ဈေးကွက်ကို ကွမ်းသီးအစိမ်းတွေ အများအပြားတင်ပို့ရောင်းချနေရတော့ ကွမ်းသီးစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်သူတွေ လုပ်ငန်းအဆင်ပြေစွာ လည်ပတ်လုပ်ကိုင်နေရပါတယ်" ဟု မော်လမြိုင်ကျွန်းမြို့နယ် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သက်သက်က ဆက်လက်ပြောပြသည်။

**ကျော်ကျော်လင်း**



# ညောင်လေးပင်မြို့နယ် တော်ပသီခေတ်မီစံပြကျေးရွာ၌ ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**ညောင်လေးပင် အောက်တိုဘာ ၁**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တော်ပသီခေတ်မီစံပြကျေးရွာ၌ ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်လေးပင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆက်နိုင်ထွန်း၊ ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မီမီအောင်နှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များနှင့်အတူ တော်ပသီခေတ်မီစံပြကျေးရွာ၌ ကျေးရွာတွင်း ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များကို ဂဝံမြေလမ်းကို အကျိုးရှိရှိ ရေရှည်အသုံးပြုနိုင်ရေးအတွက် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တော်ပသီခေတ်မီစံပြကျေးရွာ၌ အရှည်ပေ ၁၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းကို ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၉ သိန်း စုစုပေါင်း ငွေကျပ် ၁၆၉ သိန်းဖြင့် ဌာန၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ဇူလိုင်လတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း ညောင်လေးပင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**မောင်နိုင်**

## နိုင်ငံ့အနာဂတ်လှပဖို့ မဲပေးကြပါစို့

- စစ်မှန်စည်းကမ်း ပြည့်ဝတဲ့
  မြန်မာ့အနာဂတ် ဒီမိုကရေစီ၊
  ပါတီစုံ ရွေးကောက်ပွဲ
  ဆင်နွှဲတော့မည်၊
  မဲပေးကြဖို့ စိတ်ကရည်
  တိုင်းမြန်ပြည် တိုးတက်ရေး၊
  လူကောင်းလူတော် မှန်ကန်ရွေးလို့
  မဲပေးစို့လေး။

- အသည်းကြားက မဲတစ်ပြား
  မလွဲမှားဖို့ လိုပေတာ၊
  နိုင်ငံတော် အနာဂတ်
  ကောင်းမြတ်ဖို့သာ၊
  အရည်အချင်း ပြည့်ဝကာ
  စိတ်ထားမှာ အဓိကမို့၊
  တိုင်းပြည်ကို အမှန်ချစ်
  ဆန်းစစ်ကြည့်စို့။

- ကိုယ့်ရပ်ရွာ ကိုယ့်ဒေသ
  လမ်းပြလို့ ဦးဆောင်သူ၊
  လူမှုရေးမှာ လက်မနှေး
  လေးထားမှတ်ယူ၊
  အကျင့်စာရိတ္တ တံခွန်ထူ
  ပြည်သူကို တန်ဖိုးထား၊
  အတ္တမာန် အမှန်ကင်းလို့
  ကောင်းခြင်းတွေများ။

- ဒီမိုကရေစီ အနှစ်သာရ
  ပြည့်ဝဖို့ ဆိုပါလျှင်၊
  အကောင်းထဲမှာ အကောင်းဆုံး
  ရွေးသုံးဖို့ပင်၊
  နိုင်ငံဖွံ့ဖြိုး တိုးတက်ချင်
  အားလုံးတွင် အသိနှင့်ရွေး၊
  ကိုယ်စားလှယ် ရွေးမမှားဖို့
  ကြိုးစားစို့လေး။ ။

**အာကာမောင်မောင်**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

á **Home Stay** နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

á မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို **Alcohol** ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# ယနေ့လူငယ်နှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု

နေလင်းသူ

မြန်မာနိုင်ငံ၏ ရိုးရာယဉ်ကျေးမှုများသည် နှစ်ပေါင်းများစွာ တည်တံ့ခိုင်မြဲလာခဲ့ပြီး ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်ဓလေ့တို့ဖြင့် ယနေ့ထိတိုင် တည်တံ့ခိုင်မြဲလျက်ရှိသည့် အဖိုးတန်အမွေအနှစ်များဖြစ်သည်။ မြန်မာ့လူ့အဖွဲ့အစည်းသည် ထုထည်ကြီးမားပြီး သမိုင်းနောက်ခံရှည်လျားသည့် ယဉ်ကျေးမှုတစ်ရပ်ကို ပိုင်ဆိုင်ထိန်းသိမ်းထားသော လူ့အဖွဲ့အစည်းဖြစ်သည်။ ဂုဏ်ယူဖွယ်ရာ ယဉ်ကျေးမှုအမွေအနှစ်များနှင့် မြတ်နိုးဖွယ်ရာ ယဉ်ကျေးမှုအစဉ်အလာများသည် ရှေးအစဉ်အဆက်မှ ယနေ့ထိတိုင် ဖြစ်ထွန်းနေသည်မှာ ခေတ်အဆက်ဆက် မြန်မာလူငယ်လူရွယ်တို့၏ မြတ်နိုးတန်ဖိုးထားမှုများကြောင့်ပင်ဖြစ်သည်။ မည်မျှပင်ကြွယ်ဝချမ်းသာသည်ဖြစ်စေ ယဉ်ကျေးမှုဆိတ်သုဉ်းပါက လူမျိုးနှင့် နိုင်ငံ၏ ဂုဏ်သိက္ခာညှိုးနွမ်းမည်ဖြစ်သည်။ ရိုးရာယဉ်ကျေးမှုဟူသည် ကမ္ဘာပေါ်ရှိ နိုင်ငံတစ်နိုင်ငံ၏ ထူးခြားသည့် ဂုဏ်ဒြပ်လည်းဖြစ်သည်။ ထို့ပြင် မြန်မာလူမျိုးတို့၏ ယဉ်ကျေးသိမ်မွေ့သည့် ဓလေ့စရိုက်များကြောင့် ကမ္ဘာ့အလယ်တွင် တင့်တယ်ထည်ဝါစွာ နေထိုင်နိုင်ခြင်းပင်ဖြစ်သည်။

မျက်မှောက်ကာလတွင် ယဉ်ကျေးမှုအမျိုးမျိုးတို့သည် အခြားယဉ်ကျေးမှုများနှင့် ထိတွေ့မှုများရှိလာပြီး ကမ္ဘာ့တစ်ဝန်း ခေတ်မီနည်းပညာများ၊ အနောက်တိုင်းယဉ်ကျေးမှုများ ဝင်ရောက်လာမှုနှင့်အတူ ယဉ်ကျေးမှုအမျိုးမျိုးတို့သည်လည်း မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်များကို ရိုက်ခတ်လာသည်။ ထိုသို့ ထိတွေ့ရိုက်ခတ်မှုများသည် မိမိတို့လက်ခံယုံကြည်ထားသည့် ရိုးရာယဉ်ကျေးမှု၊ ဓလေ့စရိုက်များကို ကြီးမားသည့် ပြောင်းလဲမှုများ ဖြစ်စေတတ်သည်။ ထို့ကြောင့် မြန်မာ့ယဉ်ကျေးမှု၏ နက်ရှိုင်းမှုကို မသိကြဘဲ လူငယ်လူရွယ်တချို့သည် မိမိတို့၏ ရိုးရာယဉ်ကျေးမှုများကို တန်ဖိုးမထားဘဲ အထင်သေးအမြင်သေးရှိလာကြသည်မှာ ဝမ်းနည်းဖွယ်ကောင်းလှသည်။ ဖက်ရှင်၊ ဂီတ၊ အစားအသောက်၊ နည်းပညာ အစရှိသည့် ရုပ်ပိုင်းဆိုင်ရာ တိုးတက်ပြောင်းလဲမှုများ စဉ်ဆက်မပြတ်ဖြစ်ပေါ်နေသည့် ယနေ့ခေတ်တွင် အခြားယဉ်ကျေးမှုနှင့် မိမိတို့၏ယဉ်ကျေးမှုယှဉ်လာလျှင် အခြားယဉ်ကျေးမှုများကို ရွေးလိုသူ၊ ပိုမိုတန်ဖိုးထားလိုသူ များပြားလာကြောင်းတွေ့လာရသည်။ မိမိတို့၏ ရိုးရာယဉ်ကျေးမှုနှင့် ဓလေ့စရိုက်အစရှိသည့် အမှတ်လက္ခဏာများ ကိုးကွယ်ယုံကြည်မှုများ ပျောက်ကွယ်သွားပါက "မြန်မာ၊ မြန်မာ၊ မြန်မာ ဟေ့လို့" ကြွေးကြော်နိုင်မည့် လူမျိုးတစ်စုကို ခွဲခြားသိမြင်စေနိုင်သည့် ဘာသာ၊ ယဉ်ကျေးမှု၊ အနုပညာ အစရှိသည့် အကျင့်စရိုက်များပါ ပျောက်ကွယ်သွားမည်ဖြစ်သည်။

"ယနေ့လူငယ်၊ နောင်ဝယ်လူကြီး" ဆိုသည့် စကားအတိုင်း မြန်မာ့ယဉ်ကျေးမှုနှင့် ယနေ့ခေတ်လူငယ်များကြား ဆက်နွှယ်မှုသည် အလွန်အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်နေသည်။ ထို့ကြောင့် ယနေ့လူငယ်များ အနေဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုးများ ကမ္ဘာ့အလယ် ဝင့်ထည်စွာရပ်တည်နိုင်ရန် မိမိတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များကို ခေတ်နှင့်အညီ ထိန်းသိမ်းစောင့်ရှောက်ရန်လိုသည်။

ထို့ကြောင့် ယနေ့လူငယ်လူရွယ်များအနေဖြင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရန်၊ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကိုထိန်းသိမ်းစောင့်ရှောက်တတ်စေရန်နှင့် မြန်မာတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုအမွေအနှစ်များကို တန်ဖိုးထားတတ်စေရန် ရည်ရွယ်၍ ကျောင်းသင်ခန်းစာများတွင် ရိုးရာယဉ်ကျေးမှုဆိုင်ရာ အကြောင်းအရာများကို ပေါင်းစပ်သင်ကြားပေးလျက်ရှိသည်။ ထို့ပြင် ရာသီအလိုက် ဘာသာရေးပွဲတော်များ၊ ယဉ်ကျေးမှုဆိုင်ရာ အဆို၊ အက၊ အရေးအတီးပြိုင်ပွဲများတွင် မြန်မာ့ရိုးရာဝတ်စုံများကို ဝတ်ဆင်ခြင်းဖြင့်လည်းကောင်း၊ ရိုးရာအကအလှများ ဖျော်ဖြေခြင်းဖြင့်လည်းကောင်း ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို လက်ဆင့်ကမ်းထိန်းသိမ်းလိုစိတ်များ ပိုမိုဖြစ်ပေါ်လာစေမည်ဖြစ်သည်။

ထို့ပြင် Facebook၊ YouTube၊ TikTok အစရှိသည့် လူမှုကွန်ရက်များတွင် မြန်မာ့ရိုးရာ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများ၊ ရိုးရာအစားအစာ ပြုလုပ်နည်းများ၊ ရိုးရာလက်မှုပညာများ၊ ရိုးရာကစားနည်းများ အစရှိသည်တို့ကို စိတ်ဝင်စားဖွယ် အကြောင်းအရာများအဖြစ် ဖန်တီးဖြန့်ဝေခြင်းဖြင့်လည်း လူငယ်များထံသို့ အလွယ်တကူ ရောက်ရှိစေနိုင်ပြီး မိမိတို့၏ ရိုးရာယဉ်ကျေးမှုများကို အလွယ်တကူ သိရှိစေနိုင်မည်ဖြစ်သည်။ ထိုသို့ ရိုးရာယဉ်ကျေးမှုများကို မူလပုံစံမပျက် ထိန်းသိမ်းရမည့် အပိုင်းများရှိသကဲ့သို့ ခေတ်နှင့်အညီ လိုက်လျောညီထွေဖြစ်စေရန် ဆန်းသစ်ရမည့် အပိုင်းများလည်း ရှိသည်။ ဥပမာ- မြန်မာ့ရိုးရာဝတ်စုံများကို ခေတ်မီဒီဇိုင်းများဖြင့် ဆန်းသစ်ဖန်တီးခြင်း၊ ရိုးရာတေးသီချင်းများကို (သီချင်းကြီး၊ ခေတ်ဟောင်း) ခေတ်ပေါ်တေးဂီတများနှင့် ပေါင်းစပ်ဖန်တီးခြင်းတို့ဖြစ်သည်။

**❖ "ယနေ့လူငယ်၊ နောင်ဝယ်လူကြီး" ဆိုသည့် စကားအတိုင်း မြန်မာ့ယဉ်ကျေးမှုနှင့် ယနေ့ခေတ်လူငယ်များကြား ဆက်နွှယ်မှုသည် အလွန်အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်နေသည်။ ထို့ကြောင့် ယနေ့လူငယ်များအနေဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုးများ ကမ္ဘာ့အလယ် ဝင့်ထည်စွာရပ်တည်နိုင်ရန် မိမိတို့၏ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များကို ခေတ်နှင့်အညီ ထိန်းသိမ်းစောင့်ရှောက်ရန်လိုသည်။ ❖**

ထို့ပြင် ရိုးရာယွန်းထည်၊ ပန်းထိမ်၊ ရက်ကန်းပညာ အစရှိသည်တို့ကို ခေတ်မီနည်းပညာဒီဇိုင်းများ၊ အရည်အသွေးမြင့်မားသည့် ကုန်ပစ္စည်းများအဖြစ် ဖန်တီးကာ ပြည်တွင်း၊ ပြည်ပဈေးကွက်များသို့ တင်ပို့ခြင်းဖြင့် ရိုးရာလက်မှုပညာရှင်များ၏ဘဝကို မြှင့်တင်ပေးရာရောက်သကဲ့သို့ မြန်မာ့ရိုးရာလက်မှုပညာရပ်များကိုလည်း ပြည်ပနိုင်ငံများက သိရှိပြီး စီးပွားရေးအရလည်း တန်ဖိုးရှိစေမည်ဖြစ်သည်။

မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုနှင့် လူမှုတိုးတက်ရေးဆိုင်ရာ အယူအဆ၊ အတွေးအမြင်များသည် ထေရဝါဒဗုဒ္ဓဘာသာနမှ အခြေခံ၍ ပေါ်ပေါက်လာခြင်းဖြစ်သည်။ ထို့ကြောင့် ယနေ့လူငယ်အများစုသည် ခေတ်အဆက်ဆက် မြန်မာနိုင်ငံ၏ သမိုင်းဖြစ်စဉ်နှင့် ထေရဝါဒဗုဒ္ဓဘာသာနဆိုင်ရာ ဘာသာရေးစာပေများကိုလည်း လေ့လာသင်ယူသင့်သည်။ သို့မှသာ မိမိတို့နိုင်ငံ၏ ဘိုးဘွားစဉ်ဆက် အသုံးပြုခဲ့သည့် ဘာသာစကား၊ ယုံကြည်ကိုးကွယ်မှု၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများ၊ ရိုးရာဓလေ့ထုံးစံများ၊ အတွေးအခေါ်၊ ဓလေ့စရိုက်၊ လက်မှုအနုပညာဗိသုကာနှင့် အနုသုခုမပညာရပ်တို့ကိုသိရှိပြီး မိမိတို့၏ ရိုးရာယဉ်ကျေးမှုကို လေးစားတန်ဖိုးထားတတ်လာမည်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှုသည် ထိုနိုင်ငံမှ လူမျိုးတို့၏ ဘိုးဘွားစဉ်ဆက် အသုံးပြုခဲ့သည့် ဘာသာစကား၊ ယုံကြည်ကိုးကွယ်မှု၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများ၊ ရိုးရာဓလေ့ထုံးစံများ၊ အတွေးအခေါ်၊ ဓလေ့စရိုက်၊ လက်မှုအနုပညာဗိသုကာနှင့် အနုသုခုမပညာရပ်တို့ကို ပေါင်းခြုံထားခြင်းပင်ဖြစ်သည်။

ယဉ်ကျေးမှုနယ်ပယ်တွင် ဒြပ်ရှိယဉ်ကျေးမှုနှင့် ဒြပ်မဲ့ယဉ်ကျေးမှုဟူ၍ နှစ်မျိုးရှိရာ ထိုယဉ်ကျေးမှုနှစ်မျိုးလုံးတွင် ပါဝင်နေသည့် အဖိုးတန်အမွေအနှစ်များကို ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ရမည်မှာ ကျွန်ုပ်တို့နိုင်ငံသားတိုင်း၏ တာဝန်ပင်ဖြစ်သည်။ ခေတ်ကာလများ မည်သို့ပင် ပြောင်းလဲစေကာမူ ယဉ်ကျေးသိမ်မွေ့သည့် မြန်မာ့ဓလေ့စရိုက်များ၊ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ၊ အစဉ်အလာများ မေ့မှိန်မသွားစေရန် ထိန်းသိမ်းစောင့်ရှောက်ကြရမည်မှာ ကျွန်ုပ်တို့နိုင်ငံသားတိုင်း၏ တာဝန်ပင်ဖြစ်သည်။

ထို့ကြောင့် ရိုးရာယဉ်ကျေးမှုသည် လူသားတို့အနေဖြင့် လောက၌ အမြဲတစေပူဇော်ရမည့် အရာလည်းဖြစ်သည်။ လောက၌ လူသားတို့အနေဖြင့် အမြဲတစေ ပူဇော်နေရမည့် အရာငါးမျိုးရှိသည်။ လောက၌ အမြဲတစေ ပူဇော်နေရမည့် အရာငါးမျိုးမှာ ရိုးရာယဉ်ကျေးမှု၊ ဆရာသခင်ကျေးဇူးရှင်၊ မိဘ၊ မိမိမှတစ်ပါး အခြားသောလူသားများ၊ ကျေးငှက်တိရစ္ဆာန်များအပါအဝင် ပတ်ဝန်းကျင် ရုပ်လောကတို့ဖြစ်သည်။ လူသားတို့သည် မိမိတို့အနေဖြင့် အမြဲတစေ ပူဇော်ရမည့် အရာငါးမျိုးကို ပူဇော်နေပါက မိမိသည်လည်းကောင်း၊ ပတ်ဝန်းကျင်သည်လည်းကောင်း၊ လောကကြီးသည်လည်းကောင်း အမြဲသာယာ စည်ပင်ဖွံ့ဖြိုးတိုးတက်နေမည်ဖြစ်သည်။

**ရိုးရာယဉ်ကျေးမှု**

လူသားတို့သည် မိမိတို့၏ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်ခြင်းမရှိပါက မိမိတို့၏ မျိုးနွယ်နှင့် ရိုးရာယဉ်ကျေးမှုသည် ဤကမ္ဘာမြေပြင်မှ ပျောက်ကွယ်သွားမည်ဖြစ်သည်။ ထို့ကြောင့် ရိုးရာယဉ်ကျေးမှုသည် လူသားတိုင်းအတွက် အမြဲတစေ ပူဇော်ရမည့် အရာဖြစ်သည်။ အမြဲတစေ ပူဇော်ခြင်း ဆိုသည်မှာ အလေးအမြတ်ပြု၍ ထိန်းသိမ်းခြင်းပင်ဖြစ်သည်။

**ဆရာသခင်ကျေးဇူးရှင်**

ဒုတိယပူဇော်ရမည့်အရာမှာ ဆရာသခင်ကျေးဇူးရှင်များပင်ဖြစ်သည်။ လောက၌ လူသားတို့သည် အဆင့်အတန်းရှိရှိ လူပီသစွာ နေထိုင်နိုင်ရေးအတွက် သွန်သင်ပြသ ဆိုဆုံးမခြင်း မရှိခဲ့ပါလျှင် လူသားတို့သည် တောရိုင်းတိရစ္ဆာန်များနှင့် ခြားနားလိမ့်မည် မဟုတ်ပေ။ ထို့ကြောင့် ဆရာသခင်ကျေးဇူးရှင်များသည် လူသားတိုင်းအတွက် အမြဲတစေ ပူဇော်ရမည့်အရာဖြစ်သည်။

**မိဘ**

တတိယပူဇော်ရမည့်အရာမှာ မိဘများဖြစ်သည်။ မိဘဟူ၍မရှိပါက ဤကမ္ဘာမြေပေါ်၌ လူသားဟူ၍လည်းရှိနိုင်မည်မဟုတ်ပေ။ ထို့ကြောင့် လူသားတိုင်းအတွက် မိဘသည် အမြဲတစေ ပူဇော်ရမည့်အရာဖြစ်သည်။ အမှန်အားဖြင့် မိဘဟူသည် ပဓာနကျေးဇူးရှင်ဖြစ်၍ ကျန်ပူဇော်ရမည့် အရာလေးမျိုးမှာ အပဓာန ကျေးဇူးရှင်များဖြစ်ကြသည်။

**မိမိမှတစ်ပါး အခြားလူသားများ**

လူသားတို့သည် မိမိတစ်ယောက်တည်း အထီးကျန်နေထိုင်နိုင်သည့် သတ္တဝါများ မဟုတ်ပေ။ လူ့သမိုင်းတွင် လူ့ယဉ်ကျေးမှုဟူ၍ မပေါ်ပေါက်မီကာလကတည်းက လူသားတို့သည် အသင်းအဖွဲ့နှင့် နေကြသူများဖြစ်ကြသည်။ ထို့ကြောင့် မိမိမှတစ်ပါး အခြားလူသားများသည် လူသားတိုင်းအတွက် ပူဇော်ရမည့်အရာများပင်ဖြစ်သည်။ မိမိထက်မြင့်မြတ်သူများကို ပူဇော်ခြင်းကို "ပူဇော်ခြင်း" ဟုဆိုသည်။ မိမိနှင့်အဆင့်တူသူများကို ပူဇော်ခြင်းကို ကူညီခြင်းဟုဆိုသည်။ မိမိအောက်နိမ့်သူများကို ပူဇော်ခြင်းကို ချီးမြှောက်ခြင်းဟုဆိုသည်။ ထို့ကြောင့် မိမိထက်မြင့်သူဖြစ်စေ၊ မိမိနှင့်အဆင့်တူသူဖြစ်စေ၊ မိမိအောက်နိမ့်သူဖြစ်စေ လူသားမှန်သမျှအားလုံးသည် ပူဇော်ထိုက်သူများဖြစ်သည်။

**ကျေးငှက်တိရစ္ဆာန်များအပါအဝင် ပတ်ဝန်းကျင် ရုပ်လောက**

ပဉ္စမမြောက်ပူဇော်ရမည့်အရာမှာ ကျေးငှက်တိရစ္ဆာန်များအပါအဝင် ပတ်ဝန်းကျင် ရုပ်လောက ဖြစ်သည်။ ကျေးငှက်တိရစ္ဆာန်များ အပါအဝင် ပတ်ဝန်းကျင်ရုပ်လောကသည် လူသားများအတွက် အသက်ရှင်နေထိုင်နိုင်ရန် အထောက်အကူပြုပေးသည့် ကျေးဇူးရှင်များဖြစ်သည်။ ထို့ကြောင့် ကျေးငှက်တိရစ္ဆာန်များအပါအဝင် ပတ်ဝန်းကျင် ရုပ်လောကသည်လည်း အလေးအမြတ်ပြု၍ ပူဇော်ရမည့် အရာများဖြစ်သည်။ ရုပ်လောကကို အလေးအမြတ်ပြု၍ ပူဇော်ခြင်းဆိုသည်မှာ သစ်ပင်ပန်းမန်များ စိုက်ပျိုးခြင်း၊ ရေတွင်းရေကန်များတူးခြင်း၊ လမ်းများဖောက်ခြင်း၊ တည်းခိုဇရပ်များ ဆောက်လုပ်ခြင်းတို့ ဖြစ်ကြသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှုများကို ခေတ်နှင့်အညီ ထိန်းသိမ်းစောင့်ရှောက်ရေးသည် တစ်ဦးတစ်ယောက်တည်း၊ အဖွဲ့အစည်းတစ်ခုတည်း၏ တာဝန်မဟုတ်ဘဲ နိုင်ငံသားအားလုံး၊ အစိုးရ၊ ပုဂ္ဂလိက၊ လူမှုအဖွဲ့အစည်းများနှင့် မိသားစုတိုင်းက သတိတရားဖြင့် လက်တွဲဆောင်ရွက်ရမည့် အမျိုးသားရေးတာဝန်တစ်ရပ်ပင်ဖြစ်သည်။ ရိုးရာယဉ်ကျေးမှုများကို တန်ဖိုးထားကာ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုကို လက်ခံကျင့်သုံးနိုင်လျှင် မြန်မာ့ယဉ်ကျေးမှုသည် ကမ္ဘာ့အလယ်တွင် ဂုဏ်ယူဖွယ်ရာအဖြစ် ရေရှည်ရှင်သန်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် ယနေ့လူငယ်လူရွယ်များအနေဖြင့် မိမိတို့၏ ရိုးရာယဉ်ကျေးမှုများကို စောင့်ထိန်းအပ်၊ စောင့်ထိန်းထိုက်၊ စောင့်ထိန်းသင့်သည့် တန်ဖိုးမဖြတ်နိုင်သောရတနာအဖြစ်မှတ်ယူပြီး သမိုင်းစဉ်ဆက် တည်တံ့စေရန် ထိန်းသိမ်းစောင့်ရှောက်သင့်ပါကြောင်း ရည်ရွယ်တင်ပြလိုက်ရသည်။

**ကိုးကား**

(၁) www.moi.gov.mm
(၂) www.myawady.net.mm
(၃) ကုသိုလ်နှင့်အကုသိုလ် -ဦးရွှေအောင်
(၄) ကိုယ်ကျင့်တည်ကြည်ခြင်းနှင့် အဆင့်မြင့်ခရီးသည် - နန္ဒသိန်းဇံ

# ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၂၇၉၄ ဧက စိုက်ပျိုးမည်



ယခင်နှစ်က မတ်ပဲစိုက်ခင်းကို တွေ့ရစဉ်။

**ဝက်လက် အောက်တိုဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၂၇၉၄ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ဝက်လက်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဝက်လက်မြို့နယ်တွင် မတ်ပဲ ၂၇၉၄ ဧက စိုက်ပျိုးရန် လျာထားပြီး အောက်တိုဘာလ တတိယပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဝက်လက်မြို့နယ်အတွင်း မတ်ပဲဧက ၂၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ မတ်ပဲလျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားမယ်။ မတ်ပဲစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်ရေးနည်းလမ်းတွေကိုလဲ မြေပြင်ကွင်းဆင်း ဆောင်ရွက်ပေးသွားမယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်တွင် မတ်ပဲစိုက်ပျိုးမည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက ဒေသနှင့် ကိုက်ညီသည့်မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မတ်ပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။

(၂၀၆)

## ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်

# ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ညှော်မထဆန် ၂၄ ပြည်ဝင် အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့


**ညောင်တုန်း အောက်တိုဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ညှော်မထဆန် ၂၄ ပြည်ဝင် အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ညောင်တုန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးက ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ညှော်မထဆန် ၂၄ ပြည်ဝင်အိတ်ရေ ၆၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလတွင် ညှော်မထဆန်၂၄ ပြည်ဝင်အိတ်ရေ ၆၉၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ စက်တင်ဘာလအတွင်း ညောင်တုန်းမြို့နယ်ကနေ ညှော်မထဆန်အိတ်ရေအများအပြား ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ညောင်တုန်းမြို့နယ်က ဆန်စပါးတွေ ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချနေပါတယ်။ ညှော်မထဆန်ကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်။ စက်တင်ဘာလမှာကော လတ်တလောအနေနဲ့ပါ ညှော်မထဆန်က အရောင်းအဝယ်ဖြစ်နေပါတယ်"ဟု ညောင်တုန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးက ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် ညှော်မထဆန်၂၄ ပြည်ဝင် ဆန်အိတ်တစ်အိတ်လျှင် ငွေကျပ် ၉၇၅၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါဆန်များ အရောင်းအဝယ်ကောင်းလာသဖြင့် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေနေကြောင်း သိရသည်။ **ကျော်ကျော်လင်း**



# (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်း ရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသား လုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့်ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ အများအပြားကိုဖြစ်စေထည့်သွင်းဖွဲ့ဆိုရေးသားနိုင်ပါသည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန်အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့် ကိုက်ညီသည့်ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို(အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့်ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ)ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်း/ဝါသနာရှင်) စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့်ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့်စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြားသတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက်မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်)နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu Font စာလုံးအရွယ်အစား ၁၃)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်းဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၁,၀၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၈၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၇၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၆၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၅၀၀,၀၀၀ ကျပ်

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၁,၀၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၈၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၇၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၆၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၅၀၀,၀၀၀ ကျပ်

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၅၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၄၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၃၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၂၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၁၅၀,၀၀၀ ကျပ်

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၇၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၅၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၄၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၃၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၂၀၀,၀၀၀ ကျပ်

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၅၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၄၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၃၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၂၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၁၅၀,၀၀၀ ကျပ်

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၇၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၅၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၄၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၃၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၂၀၀,၀၀၀ ကျပ်

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၇၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၆၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၅၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၄၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၃၀၀,၀၀၀ ကျပ်

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၁,၀၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၇၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၆၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၅၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၄၀၀,၀၀၀ ကျပ်

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**










“အဂတိပယ်ခွာ ပြည်သာယာ”

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ဖျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ တံတားဦးမြို့နယ်၊ သင်ပန်းကျေးရွာနေ ဦးတင်မြိုင်+ဒေါ်ခင်လှတို့၏သား မောင်ဇင်မင်းသန့်(၉/တတဥ(နိုင်)၁၀၉၅၀၄)သည် မိဘစကားနားမထောင်ဘဲ စိတ်ဆင်းရဲအောင်အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင် ၎င်းနှင့် ပတ်သက်သောကိစ္စအဝဝအား လုံးဝတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဦးတင်မြိုင်(၉/တတဥ(နိုင်)၀၅၀၁၀၂)
ဒေါ်ခင်လှ(၉/တတဥ(နိုင်)၀၄၉၅၉၄)

## အမည်မှန်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဖောင်တော်ဦး ဘုန်းတော်ကြီးသင် ပညာရေး အထက်တန်းကျောင်း၊ Grade-11 တွင် ပညာသင်ကြားနေသော (ဘ) ဦးစိုးမိုးအောင်၏သား မောင်ဖွဲ့ခန့်ညား၏ အမည်မှန်မှာ အိမ်ထောင်စု လူဦးရေစာရင်းအရ မောင်မင်းသူဟန် ဖြစ်ပါကြောင်း။

မောင်မင်းသူဟန်

❖ နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းလမ်းအရ ဖြေရှင်းနိုင်ရန် ငြိမ်းချမ်းရေးတံခါးကို အစဉ်ဖွင့်လှစ်ကြိုဆိုလျက်ရှိပါသည်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

မျိုးချစ်စိတ်ကို အခြေခံ (၇၆)နှစ် ပြည့်ပြန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဆောင်းပါး

စာမျက်နှာ - ၁၉

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတို့၌ ၆၁ နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ အခမ်းအနားများ ကျင်းပ


စာမျက်နှာ - ၂၁

တက္ကသိုလ်လေ့ကျင့်ရေးတပ်များက ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို အခြေခံစစ်ပညာသင်တန်းနှင့် တန်းမြင့်စစ်ပညာသင်တန်း စခန်းချလေ့ကျင့်

စာမျက်နှာ - ၂၀

## တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ကျောက်မဲမြို့ကို ပြန်လည်ထိန်းချုပ်၊ ကျောက်မဲ-နောင်ချို-ပြင်ဦးလွင် ပြည်ထောင်စုကားလမ်းပိုင်းတွင် ခရီးသွားပြည်သူများနှင့် မော်တော်ယာဉ်များ ပုံမှန်အတိုင်းပြန်လည်သွားလာနိုင်ရေး နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ကျောက်မဲမြို့ကို ပြန်လည်ထိန်းချုပ်မှုမှတ်တမ်းဓာတ်ပုံ။





**နေပြည်တော် အောက်တိုဘာ ၁**

TNLA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အနေဖြင့် ၂၀၂၁ ခုနှစ် နိုင်ငံရေးဖြစ်စဉ်နှင့် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၇ ရက်မှ စတင်ခဲ့သည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသတိုက်ပွဲစဉ်များ၏ နောက်ဆက်တွဲ အခြေအနေများကို အခွင့်ကောင်းယူ၍ အစိုးရအုပ်ချုပ်မှုယန္တရားပျက်ပြားစေရေးနှင့် ၎င်းတို့၏ ပလောင်ပြည်နယ်ရရှိရေး စိတ်ကူးယဉ်အိပ်မက်ကို အကောင်အထည်ဖော်ရန်အတွက် နိုင်ငံရေးနည်းလမ်းဖြင့် ရယူခြင်းမရှိဘဲ လက်နက်ကိုင်အကြမ်းဖက်လမ်းစဉ်ဖြင့် ရယူရန်အတွက် EAO အဖွဲ့အချို့၏ အကူအညီများရယူပြီး PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများကို **စာမျက်နှာ ၂၄ ကော်လံ ၁** ☆

## မုန်တိုင်းငယ် မြန်မာနိုင်ငံသို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်သတိမှတ်

**နေပြည်တော် အောက်တိုဘာ ၁**

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော အားကောင်းသော လေဖိအားနည်းရပ်ဝန်း (Well Marked Low Pressure Area) သည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ် (Depression)အဖြစ်သို့ ရောက်ရှိခဲ့သည်။ အဆိုပါမုန်တိုင်းငယ်သည် မြန်မာနိုင်ငံ စစ်တွေမြို့၏ အနောက်-အနောက်တောင်ဘက် ရေမိုင် ၄၅၀ ခန့်၊ အိန္ဒိယနိုင်ငံ ပူရီမြို့၏ တောင်ဘက်ရေမိုင် ၂၄၀ ခန့်၊ ဂိုလ်ပါပူမြို့၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၂၃၀ ခန့်နှင့် ပါရာဒစ်ပ်မြို့၏တောင်ဘက် ရေမိုင် ၂၇၀ ခန့်အကွာ **စာမျက်နှာ ၂၃ ကော်လံ ၁** ❑




နေရှင်နယ်လိဂ် ယူ-၂၁ ပြိုင်ပွဲ ပွဲစဉ်(၂၃)တွင် ရန်ကုန် ယူနိုက်တက်နှင့် ရတနာပုံအကက်ဖ်စီအသင်းတို့ နိုင်ပွဲရရှိ

စာမျက်နှာ - ၉

